# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။

Established in 1914

အတွဲ (၅၄)
အမှတ် (၇၄)

**Myanma Alinn Daily**

၁၃၇၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၇ ရက်

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာ ၁၃ ရက်၊ စနေနေ့။


## မိတ်ဆွေစစ် လေးမျိုး

* မိမိအား ကျေးဇူးပြုသူ မိတ်ဆွေစစ်၊
* ချမ်းသာဆင်းရဲ အတူဖြစ်သူ မိတ်ဆွေစစ်၊
* အကျိုးစီးပွားကို ညွှန်ပြတတ်သော ဆရာနှင့်တူသူ မိတ်ဆွေစစ်၊
* ညှာညှာတာတာ စောင့်ရှောက်တတ်သူ မိတ်ဆွေစစ်။

# အာဆီယံ-ကိုရီးယား ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀၀ ပြည့်မီရန် ကြိုးပမ်းအားထုတ်မှု နှစ်ဆမြှင့်တင်မည်

ဘူဆန် ဒီဇင်ဘာ ၁၂

**(၂၅)ကြိမ်မြောက် အာဆီယံ-ကိုရီးယားဆက်ဆံရေးအထိမ်းအမှတ် ထိပ်သီးအစည်းအဝေးကို ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့ရှိ ဘက်စ်ကို ကွန်ဗင်းရှင်းခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်သည်။**

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများသည် ထိပ်သီးအစည်းအဝေးကျင်းပမည့် ဘက်စ်ကိုကွန်ဗင်းရှင်းခန်းမသို့ ရောက်ရှိလာကြရာ ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မဒမ်ပတ်ဂွန်ဟေးက ရင်းနှီးစွာကြိုဆို နှုတ်ဆက်ပြီး မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

နံနက်ပိုင်းတွင် ထိပ်သီးအစည်းအဝေး ပထမပိုင်းကို ကျင်းပရာ ကိုရီးယားသမ္မတက သဘာပတိအဖြစ် ဆောင်ရွက်ပြီး အာဆီယံ-ကိုရီးယားဆက်ဆံရေး ပြန်လည်သုံးသပ်ခြင်း၊ အနာဂတ်မျှော်မှန်းချက်များနှင့် ဆက်စပ်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ✻




နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မဒမ်ပတ်ဂွန်ဟေးတို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

## “ယုံကြည်မှုသည် ငြိမ်းချမ်းရေးအတွက် အဖိုးတန်ပြီး ရေရှည်တည်တံ့သည့် ပျော်ရွှင်မှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေး တည်ဆောက်ရေးအတွက် မရှိမဖြစ်လိုအပ်”


ယနေ့ မာတိကာ

**ဟာဘင်မှ ဂျယ်ဂျူသို့ လေကြောင်းပျံသန်းမှု စတင်တော့မည်**
စာမျက်နှာ » ၄

**နမ့်ဆန်မြို့နယ်မှ တောင်သူများ အပိုဝင်ငွေရရှိရေး ဝဥစိုက်ပျိုးမည်**
စာမျက်နှာ » ၁၂

**ပြည်တွင်းရေကြောင်းသွားရေယာဉ် ဥပဒေကြမ်း**
စာမျက်နှာ » ၁၅-၁၆


**ကြော်ငြာအချပ်ပို ရှစ်မျက်နှာပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို ရှစ်မျက်နှာ ပါရှိပါသည်။

# ပန်းဆိုးတန်းလူကူးခုံးကျော်တံတားဖွင့် ကားလမ်းကူးခရီးသည်များအဆင်ပြေ



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေနှင့်အဖွဲ့ဝင်များ၊ ခရီးသွားပြည်သူများ စက်လှေကားဖြင့်တက်လာစဉ်။

သတင်း-တင်ဝင်းလေး (ကြည့်မြင်တိုင်)
ဓာတ်ပုံ-ရွှေတိုင်လွင်

**ရန်ကုန် ဒီဇင်ဘာ ၁၂**

ယာဉ်သွားလာမှုနှင့် ခရီးသွားပြည်သူများ အလွန်များပြားသည့် ကမ်းနားလမ်းကျယ်နှစ်ခုကို ဖြတ်သန်း၍ တည်ဆောက်ထားသည့် ပန်းဆိုးတန်း လူကူးခုံးကျော်တံတားကို ယနေ့ ဒီဇင်ဘာ ၁၂ ရက် နံနက် ၇ နာရီခွဲက စတင်ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

ဖွင့်ပွဲအခမ်းအနားကို ဆိပ်ကမ်းမြို့နယ် နန်းသီတာဆိပ်အတက်ဘက် တံတားသစ်ရှေ့၌ ကျင်းပပြီး မင်္ဂလာအချိန်၌ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးလှမြင့်နှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ခင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်အဖွဲ့ဝင်များ၊ ဧည့်သည်တော်များက ခရီးသွားပြည်သူများနှင့်အတူ တံတားကြီးပေါ်မှ ဖြတ်သန်းခဲ့ကြပြီး ဝန်ကြီးချုပ်နှင့် မြို့တော်ဝန်တို့က ခရီးသွားပြည်သူတို့အား တံတားဖွင့်ခြင်းအထိမ်းအမှတ် အမှတ်တရပစ္စည်းများ ပေးအပ်ကြသည်။

အလိုအလျောက် ခေတ်မီစက်လှေကားအပါ လူကူးခုံးကျော်တံတားတစ်စင်း ထပ်မံဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းအတွက် တံတားပေါ်မှဖြတ်သန်းလာခဲ့ကြသော ခရီးသွားပြည်သူများနှင့်

*စာမျက်နှာ ၉ ကော်လံ ၇* ❖




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# နိုင်ငံတစ်ဝန်းလျှပ်စစ်ဓာတ်အား မျှော်မှန်းချက်

ဒေသတစ်ခု သို့မဟုတ် တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခုသည် ဖွံ့ဖြိုးတိုးတက်ခြင်း၊ မတိုးတက်ခြင်းဆိုသည်မှာ လျှပ်စစ်ဓာတ်အားရရှိမှုအပေါ်တွင် မူတည်လျက်ရှိပါသည်။ လျှပ်စစ်ဓာတ်အားရရှိသော တိုင်းဒေသကြီးနှင့် ပြည်နယ်အများစုသည် ပိုမိုဖွံ့ဖြိုးနိုင်ပြီးလျှပ်စစ်ဓာတ်အားမရရှိသည့်ဒေသအများစုသည် ခေတ်နောက်ကျကျန်လေ့ရှိပါသည်။ ထို့ကြောင့်လည်း နိုင်ငံတော်အစိုးရက ယခင်က လျှပ်စစ်ဓာတ်အားမရရှိသေးသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ လျှပ်စစ်ဓာတ်အားရရှိအောင် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် မြို့နယ်ပေါင်း ၃၀၀ ကျော်ရှိသည့်အနက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် လျှပ်စစ်ဓာတ်အားလိုင်းမှ ဖြန့်ဖြူးပေးသော မြို့နယ်မှာ ၂၄၃ မြို့ရှိပါသည်။ ကျန်ရှိနေသော မြို့ငယ်များအား လျှပ်စစ်ဓာတ်အားစနစ်မှလည်းကောင်း၊ မီးစက်သို့မဟုတ် အခြားသောနည်းလမ်းများဖြင့်လည်းကောင်း၊ လျှပ်စစ်ဓာတ်အားရရှိအောင် ဆောင်ရွက်ပေးလျက်ရှိပါသည်။ လာမည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံတစ်ဝန်း မြို့နယ်ပေါင်း ၃၅ မြို့နယ်သို့ လျှပ်စစ်ဓာတ်အားစနစ်မှ ဓာတ်အားများ ဖြန့်ဖြူးပေးနိုင်အောင် လျာထားဆောင်ရွက်လျက်ရှိပါသည်။ အထူးသဖြင့် ယခင်ကဓာတ်အားလိုင်းမှ ဓာတ်အားမရခဲ့သည့် ပြည်နယ်များကို ဦးစားပေးအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဓာတ်အားစနစ်မှ ဓာတ်အားရယူသုံးစွဲလာနိုင်သည်နှင့်အမျှ အစစအရာရာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ ယခုအခါ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများ ပေါ်ပေါက်လာစေရန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ စက်မှုလက်မှုလုပ်ငန်းများတွင် လျှပ်စစ်ဓာတ်အားသည် မရှိမဖြစ်လိုအပ်ပါသည်။ ဓာတ်အားလိုင်းစနစ်မှ လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးလာနိုင်မှသာလျှင် လုပ်ငန်းများ ဖွံ့ဖြိုးလာမည်ဖြစ်ပါသည်။ လုပ်ငန်းများ ထူထောင်နိုင်ပြီးအလုပ်အကိုင် ပေါ်များလာမှုနှင့်အတူ အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားလာပြီး ဆင်းရဲမှုလျော့နည်းလာမည်ဖြစ်ပါသည်။ အလုပ်အကိုင်အခွင့်အလမ်း အရှိန်အဟုန်ဖြင့် တိုးတက်လာမှသာ မိသားစုများအတွင်း ဝင်ငွေတိုးတက်ကာ လူတစ်ဦးချင်း ဝင်ငွေတိုးတက်လာမည်ဖြစ်ပါသည်။ သို့ပါ၍ အစစအရာရာ ဖွံ့ဖြိုးမှုကိုပေးစွမ်းနိုင်မည့် နိုင်ငံတစ်ဝန်းတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့ရှိ မြို့နယ်များအားလုံး လျှပ်စစ်ဓာတ်အားလိုင်းစနစ်မှ ဓာတ်အားများ အသုံးပြုသွားနိုင်ရန် အဘက်ဘက်မှကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ လာမည့်နှစ်များအတွင်း လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို အထိုက်အလျောက် ဖြည့်ဆည်းပေးနိုင်လိမ့်မည်ဟု မျှော်လင့်ရပါကြောင်း။ ။

## ပြည်တွင်းသတင်း

# ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပျူမြို့ဟောင်းသုံးမြို့အနက် ဗိဿနိုးမြို့ဟောင်း၏ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အထိမ်းအမှတ် Logo ကျောက်တိုင်ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၂**

ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပျူမြို့ဟောင်းသုံးမြို့အနက် ဗိဿနိုးမြို့ဟောင်း၏ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် အထိမ်းအမှတ် Logo ကျောက်တိုင်ဖွင့်လှစ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၉ ရက် ညနေ ၃ နာရီ ၁၅ မိနစ်တွင် မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ဗိဿနိုးမြို့ဟောင်း ဗိဿနိုးပြတိုက်ရှေ့ မြက်ခင်းပြင်၌ ကျင်းပရာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ UNESCO ရုံးခွဲ (Myanmar) မှ ဒေါ်ဥမ္မာမျိုးနှင့် ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ၊ ဒေသခံရပ်မိရပ်ဖများ တက်ရောက်ကြသည်။

အစီအစဉ်အရ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက အမှာစကားပြောကြားရာတွင် ၂၀၁၄ ခုနှစ် ဇွန်လက ကာတာနိုင်ငံ ဒိုဟာမြို့တွင် ကျင်းပခဲ့သော (၃၈) ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီညီလာခံတွင် ပျူမြို့ဟောင်းသုံးမြို့ကို ကမ္ဘာ့အမွေအနှစ် စာရင်းဝင်အဖြစ် အတည်ပြုသတ်မှတ်လိုက်သည့်အတွက် ကမ္ဘာ့အမွေအနှစ် အထိမ်းအမှတ် Logo စိုက်ထူခြင်း အခမ်းအနားကျင်းပဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့အမွေအနှစ်ပျူမြို့ဟောင်းသုံးမြို့ကို မည်သည့်အကြောင်းနှင့်မျှ ထိခိုက်ပျက်စီးမှုမဖြစ်ရန်အတွက် ရေရှည်ထိန်းသိမ်းစောင့်ရှောက်ရမည့် အဓိကကျသော ပုဂ္ဂိုလ်များမှာ ဒေသခံပြည်သူများနှင့် နိုင်ငံသားအားလုံးပင် ဖြစ်သည်ကို အလေးအနက် ပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။



ထို့နောက် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ဖြစ်ရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်ချက်များကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

ထို့နောက် အစီအစဉ်အရ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် အသိအမှတ်ပြုလွှာကို UNESCO ရုံးခွဲ (Myanmar) မှ ညှိနှိုင်းရေးမှူး ဒေါ်ဥမ္မာမျိုးက ပေးအပ်ရာ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က လက်ခံယူသည်။

ထို့နောက် ဒေသခံပြည်သူတစ်ဦးဖြစ်သူ ဗိဿနိုးမြို့ဟောင်းထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မင်းက ကျေးဇူးတင်ဂုဏ်ယူ ဝမ်းမြောက်စကားပြောကြားပြီး ယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်တည်တံ့ရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်မည်ကို ကတိပြုပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ၊ ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသန်းဝင်းနှင့် ဗိဿနိုးမြို့ဟောင်းထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့ဝင် ဦးကျော်ဆွေတို့က ကမ္ဘာ့အမွေအနှစ် အထိမ်းအမှတ် Logo ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အခမ်းအနားသို့ တက်ရောက်လာသူများသည် ဗိဿနိုးမြို့ဟောင်း ရှေးဟောင်းယဉ်ကျေးမှုဇုန်အတွင်း ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပျူခေတ်စေတီပုထိုးများနှင့် နန်းတော်ကုန်းများသို့ လိုက်လံကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ဟိုတယ်ဆိုင်ရာသင်တန်းများ ဖွင့်လှစ်မည်

**မကွေး ဒီဇင်ဘာ ၁၂**

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ ကြီးကြပ်၍ မကွေးမြို့ ဟိုတယ်လုပ်ငန်းရှင်များ အသင်းကကြီးမှူးဖွင့်လှစ်မည့် ဧည့်ကြိုဝန်ဆောင်မှုသင်တန်း၊ အိပ်ခန်းဆောင်ထိန်းသိမ်းမှု သင်တန်းများကို ဒီဇင်ဘာ ၁၅ ရက်မှစတင်၍ မကွေးမြို့ နန်းထိုက်သူဟိုတယ်၌ ဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသူများသည် မကွေးမြို့ ဗိုလ်ချုပ်လမ်းရှိ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖုန်း ၀၆၃- ၂၅၀၅၇၊ ၀၉-၄၀၃၇၀၅၉၅၂၊ ၀၉- ၄၀၁၅၄၁၇၁၄ သို့ ဒီဇင်ဘာ ၁၃ရက် နောက်ဆုံးထား လျှောက်ထားနိုင်ကြောင်း သိရှိရသည်။

**မျိုးညွန့်**




# ရခိုင်ပြည်နယ် ကျန်းမာရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**စစ်တွေ ဒီဇင်ဘာ ၁၂**

ရခိုင်ပြည်နယ် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပူးပေါင်းဆောင် ရွက်ရေးဆွေးနွေးပွဲ (HEAL TH SECTOR MEETING) ကို ဒီဇင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီက ရခိုင်ပြည်နယ် ကျန်းမာရေးဦးစီးဌာန အစည်း အဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရခိုင်ပြည်နယ် ကျန်းမာ ရေးဦးစီးဌာနမှူး ဒေါက်တာသောင်းလှိုင်က ပြည်နယ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ၂၀၁၅ ဇန်နဝါရီနှင့် ဖေဖော်ဝါရီလများတွင် ဆောင်ရွက်မည့် ကလေးပေါင်း ၉၆၇၂၆၈ ဦးကို ဆေးထိုးနှံပေးမည့် ရခိုင်ပြည်နယ်အတွင်း ဝက်သက်နှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေးထိုး လုပ်ငန်းများတွင် အသက် ၉ လမှ ၁၅ နှစ်အထိ ကလေးတိုင်း ပြည့်စုံစွာထိုးနှံ ပေးနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးကြရန်တို့ကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက ဆွေးနွေးကြကြောင်း သိရသည်။

**စောလွင်(စစ်တွေ)**

Y.E.S. Since 1994
ကျောင်းခွဲမရှိပါ။
ဆရာဦးမြင့်အောင် B.A.(Hons.)(English), M.A.(ESL)(Hawaii, USA) ဦးစီးသော
International English Language Centre
တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ နှင့် ဘွဲ့ကြို၊ ဘွဲ့ရများ အတွက်

**Basic Spoken English**
Mon to Thurs-7:30-9:30am 15 Dec
Mon to Thurs-10:00-12:00am 15 Dec
Mon toThurs 1:00-3:00-5:00pm 15 Dec
Sat & Sun - 9:00-12:00 am 20 Dec
Sat & Sun - 12:30-3:30 pm 20 Dec
Mon to Thurs-5:30-7:00pm 22 Dec
Mon to Thurs-7:30-9:30am 29 Dec
**Pre-Intermediate English**
Mon to Thurs-10:30-12:30 am 1 Dec
Sat & Sun - 12:30-3:30 pm 20 Dec
Mon toThurs 1:00-3:00pm 22 Dec
Mon to Thurs-5:00-7:00pm 22 Dec
**Grammar Foundation Course**
Mon to Thurs - 1:00-2:30 pm 15 Dec
**Vocabulary Enrichment Course**
Mon to Thurs - 3:30-5:00 pm 8 Dec
**Structure & Written Expression**
Sat & Sun - 9:00-12:00 am 13 Dec
Mon to Thurs-4:00-5:30-7:00 pm 22 Dec
Sat & Sun - 12:30-3:30 pm 27 Dec
**Basic Writing Course**
San & Sun - 12:30 - 3:30 pm 20 Dec
San & Sun - 3:45 - 6:15 pm 20 Dec
Mon to Thurs - 10:00 - 12:00am 22 Dec
**Academic Preparation for IELTS**
Mon to Thurs - 10:30 - 12:30am 12 Jan
**Academic Writing Course**
San & Sun - 5:00 - 7:00 pm 10 Jan
IELTS(Test Practice) San&Sun 10:30to12:30am 10 Jan
IELTS(Speaking) San&Sun 1:00to3:30pm 10 Jan
SAT Mon to Thurs -3:30-5:00pm 12 Jan
TOEFL Mon to Thurs-5:30-7:00pm 12 Jan
No.190, 2nd Flr.,28th St:(Upper), Pabedan Tsp. Ph: 01-243950, 246910

မြန်မာနိုင်ငံဆရာဝန်အသင်း ကျန်းမာရေးပညာပေးဟောပြောဆွေးနွေးပွဲ

မြန်မာနိုင်ငံဆရာဝန်အသင်းမှ ကြီးမှူးကျင်းပသော World AIDS Day အထိမ်းအမှတ် HIV ကျန်းမာရေး ပညာပေး ဟောပြောဆွေးနွေးပွဲကို ဝါရင့် အထူးကုဆရာဝန်ကြီးများမှ အောက်ပါအစီအစဉ်အတိုင်း ဟောပြောဆွေးနွေးမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ပါကြောင်း လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အထူးဧည့်သည်တော်
ရုပ်ရှင်သရုပ်ဆောင် နိုင်းနိုင်း နှင့် သက်မွန်မြင့်

ဟောပြောဆွေးနွေးမည့်သူများ
(၁) ပါမောက္ခ ဦးရဲမြ (သဘာပတိ)
(၂) ဒေါက်တာမြင့်ရွှေ
(၃) ပါမောက္ခ ဦးထွန်းလွင်ငြိမ်း
(၄) တွဲဖက်ပါမောက္ခ ဦးထင်အောင်စော
(၅) ဒေါက်တာစံပယ်ဖြူ

နေ့ရက် - ၁၄-၁၂-၂၀၁၄ (တနင်္ဂနွေနေ့)
အချိန် - ညနေ (၃:၀၀)နာရီ
နေရာ - MICT Conference Hall
မှတ်ချက် - ပရိသတ်များ မှလည်း ပါဝင်ဆွေးနွေးမေးမြန်းနိုင်ပါသည်

Supported by Zifam

ပြည်တွင်းသတင်း

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဘူဆန်နိုင်ငံခြားဘာသာတက္ကသိုလ်က ဂုဏ်ထူးဆောင် ပါရဂူဘွဲ့ ချီးမြှင့်

ဘူဆန် ဒီဇင်ဘာ ၁၂

ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်နိုင်ငံခြားဘာသာ တက္ကသိုလ်က နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား နိုင်ငံရေးဂုဏ်ထူးဆောင် ပါရဂူဘွဲ့ ချီးမြှင့်ပွဲကို ယနေ့ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် အဆိုပါ တက္ကသိုလ်၌ ကျင်းပသည်။

အခမ်းအနားတွင် ဘူဆန်နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် Mr.Jung Hae-Lin က နိုင်ငံတော်သမ္မတအား နိုင်ငံရေးဂုဏ်ထူးဆောင် ပါရဂူဘွဲ့ချီးမြှင့်ရခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားသည်။

ယင်းသို့ပြောကြားရာ၌ မြန်မာနိုင်ငံသည် နိုင်ငံရေးဘက်တွင် ဒီမိုကရေစီစနစ်သို့ ကူးပြောင်းနေပြီး စီးပွားရေးတွင်လည်း ထူးခြားစွာ ပြောင်းလဲနေပါကြောင်း၊ ထိုကဲ့သို့ ထူးခြားသည့် ပြုပြင်ပြောင်းလဲမှုများနှင့် ဖွံ့ဖြိုးတိုးတက်မှုများအတွက် အဓိကကျသည့်ပုဂ္ဂိုလ်မှာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အနေဖြင့် စီးပွားရေးကို ပြန်လည်မြှင့်တင်ပြီး ဒီမိုကရေစီစနစ်ကို ဖော်ဆောင်နေသကဲ့သို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့်လည်း အပစ်အခတ်ရပ်စဲရေးကို ကြိုးပမ်းနေပါကြောင်း။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အနေဖြင့် ယုံကြည်ချက်ခိုင်မာပြီး ပြတ်သားသည့် ခေါင်းဆောင်မှုနှင့်အတူ တပ်မတော်က အုပ်ချုပ်သည့် နိုင်ငံရေးစနစ်ပုံစံကို ရွေးချယ်တင်မြှောက်ခံရသူများက အုပ်ချုပ်သည့် နိုင်ငံရေးယဉ်ကျေးမှု ပုံစံဖြင့် ပြောင်းလဲအစားထိုးခဲ့ပါကြောင်း၊ ထိုကဲ့သို့ကဏ္ဍစုံတွင် နိုင်ငံအတွက် ကြိုးပမ်းဆောင်ရွက်မှုများကြောင့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ကို လေးစားချီးကျူးဂုဏ်ပြုရခြင်းဖြစ်ပါကြောင်း၊ မိမိတို့တက္ကသိုလ်နှင့်မြန်မာနိုင်ငံအကြားတွင် ပညာရေးနှင့် သင်ကြားရေးဆိုင်ရာများကို အပြန်အလှန် ဆက်သွယ်လုပ်ကိုင်ပြီး နှစ်နိုင်ငံ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားလုပ်ဆောင်ကြပါရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် ပါမောက္ခချုပ်နှင့် ဌာနမှူးတို့က နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား နိုင်ငံရေးဂုဏ်ထူးဆောင် ပါရဂူဘွဲ့ ပေးအပ်ချီးမြှင့်သည်။ **(ယာပုံ)**

ယင်းနောက် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားခဲ့သည်။ ထိုသို့ပြောကြားရာ၌ မြန်မာနိုင်ငံတွင် လွန်ခဲ့သည့်လေးနှစ်မှစတင်၍ လုပ်ဆောင်ခဲ့သည့် အပြုသဘော ပြောင်းလဲမှုများသည် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာများ၌ မြန်မာနိုင်ငံ၏ပုံရိပ် မြင့်တက်ရေးကို အထောက်အကူပြုလျက်ရှိပါကြောင်း။

လွန်ခဲ့သည့် နှစ်များအတွင်း မြန်မာနိုင်ငံ၏နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှုများအပေါ် စဉ်ဆက်မပြတ် ထောက်ခံအားပေးမှုများအတွက် ကိုရီးယားသမ္မတနိုင်ငံနှင့်ပြည်သူများ၊ ပညာရေးအဖွဲ့အစည်းများကို မြန်မာနိုင်ငံက အမြဲကျေးဇူးတင်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံ၌ ဒီမိုကရက်တစ်ကျင့်စဉ်များ ရင့်ကျက်ပြီး ဖွံ့ဖြိုးတိုးတက်မှုများ ဆောင်ရွက်ရာတွင် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနှင့် စွမ်းဆောင်ရည် တည်ဆောက်မှုတို့အတွက် နိုင်ငံတကာအထောက်အပံ့သည် အဓိကကျသည်ဖြစ်ရာ ပညာရေးကဏ္ဍအား ထောက်ပံ့မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို တိုးမြှင့်ပေးနိုင်ရန် ဘူဆန်နိုင်ငံခြားဘာသာ တက္ကသိုလ်ကို မေတ္တာရပ်ခံပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် ပါမောက္ခချုပ်တို့သည် ဘူဆန်နိုင်ငံခြားဘာသာ တက္ကသိုလ်၌ နိုင်ငံတော်သမ္မတအား ဂုဏ်ပြုတည်ဆောက်ထားသော ဦးသိန်းစိန်ခန်းမကို ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အဆိုပါတက္ကသိုလ်ရှိပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာဘာသာ သင်ကြားနေသော ကိုရီးယားကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။

**(သတင်းစဉ်)**





နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်နိုင်ငံခြားဘာသာ တက္ကသိုလ်က ချီးမြှင့်သော နိုင်ငံရေးဂုဏ်ထူးဆောင် ပါရဂူဘွဲ့ယူအပြီး တက္ကသိုလ်မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် အတူ အမှတ်တရ ဓာတ်ပုံရိုက်စဉ်။

(သတင်းစဉ်)

❂ *ကျောဖုံးမှ*

ယခုခြေစမ်းပွဲမှာ ရောဝတီအသင်းနည်းပြသစ် မာဂျန်၏အဖွင့်ပွဲဖြစ်ပြီး ခေါ်ယူစမ်းသပ်နေသည့် နိုင်ငံခြားသားကစားသမား ရှစ်ဦးကိုလည်း အသုံးပြုခဲ့သည်။ ပွဲအစ ၁၂ မိနစ်တွင် ရောဝတီခံစစ်ပိုင်း၏ အမှားမှတစ်ဆင့် တာနာကာက တိုကျိုတက္ကသိုလ်(က)အသင်းအတွက် ဂိုးစတင်သွင်းယူခဲ့သည်။ ဂိုးပေးရပြီး နောက်ပိုင်းတွင် ရောဝတီအသင်း ချေပဂိုးရရှိရန် ကြိုးပမ်းလာခဲ့ပြီး ၂၈ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် ပွန်ဘာက ပြန်လည်သွင်းယူခဲ့သည်။

ညနေပိုင်း၌ ယှဉ်ပြိုင်ကစားသော တိုကျိုတက္ကသိုလ်(ခ)အသင်းနှင့် နည်းပညာတက္ကသိုလ် ညွန့်ပေါင်းအသင်းတို့၏ခြေစမ်းပွဲတွင် တိုကျိုတက္ကသိုလ်(ခ)အသင်းက ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

**နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်**


**Fashion Euphoria (Junction Square)**
**Clearance Sales (50% to 80%)**
**9-12-14 မှ 14-12-14 အထိ**

Fashion Euphoria (Junction Square) ဆိုင်ခွဲမှ ကုန်ပစ္စည်းရှင်းလင်းသိမ်းဆည်းခြင်း အထူးအစီအစဉ်ဖြင့် အရည်အသွေးမြင့် ဇာအမျိုးမျိုး၊ အရောင်အသွေးစုံလင်သော ပိုးအမျိုးမျိုး၊ ဇင်းမယ်၊ ချီဖွန်နှင့် ကွန်ပျူတာပန်းထိုး၊ ကွန်ပျူတာချိတ်၊ မြန်မာချိတ်မျိုးစုံတို့ကို စစ်မှန်သော အထူးလျှော့ဈေးနှုန်းများဖြင့် ရောင်းချပေးမည်ဖြစ်ပါသောကြောင့် ပျော်ရွှင်စွာ လာရောက်ဝယ်ယူအားပေးနိုင်ပါကြောင်း မိတ်ဆွေဟောင်း၊ မိတ်ဆွေသစ်များအား ဖိတ်ခေါ်အပ်ပါသည်။

**F 129, ပထမထပ်၊ Junction Square**
**ဖုန်း-၀၉-၅၁၀၅၄၇၁**

နိုင်ငံတကာသတင်း

# နိုင်ဂျီးရီးယား၌ ဗုံးနှစ်လုံးပေါက်ကွဲမှု လူ ၃၀ ခန့်သေဆုံး



**ဂျို့စ် ဒီဇင်ဘာ ၁၂**

နိုင်ဂျီးရီးယားနိုင်ငံ ဂျို့စ်မြို့ လူစည်ကားရာအရပ်၌ ဗုံးနှစ်လုံး ပေါက်ကွဲခဲ့ရာ အနည်းဆုံး လူ ၃၀ သေဆုံးခဲ့သည်။

အဆိုပါ ဗုံးနှစ်လုံးသည် မေလက ဗုံးပေါက်ကွဲမှုကြီးတစ်ခု ဖြစ်ပွားရာ အနီးဈေးတစ်ခုအတွင်း၌ ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ ဂျို့စ်မြို့သည် ခရစ်ယာန်နှင့်မွတ်စလင်များ နေထိုင်သည့် မြို့ဖြစ်ပြီး မကြာသေးမီနှစ်များက ဘိုကိုဟာရမ် စစ်သွေးကြွများသည် ခရစ်ယာန်ဘုရားကျောင်းများနှင့် ဗလီများကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည်။ ဘိုကိုဟာရမ် စစ်သွေးကြွအဖွဲ့သည် ယခုနှစ်အတွင်း လူပေါင်း ၂၀၀၀ ကျော်အား သတ်ဖြတ်ခဲ့ပြီးဖြစ်သည်။ သို့ရာတွင် နောက်ဆုံးတိုက်ခိုက်ခဲ့သည့် ဗုံးခွဲတိုက်ခိုက်မှုသည် မည်သည့်အဖွဲ့ကဖြစ်သည်ဟု ပြောကြားခြင်းမရှိသေးပေ။

အဆိုပါဗုံးပေါက်ကွဲမှုသည် ဂျို့စ်မြို့၏ စီးပွားရေးအချက်အချာကျရာဒေသကိုပစ်မှတ်ထားတိုက်ခိုက်ခဲ့သည်။ ရဲအဖွဲ့က အသေခံဗုံးဖောက်ခွဲရေး ခါးပတ်ဝတ်ဆင်ထားသော အသက် ၁၃ နှစ်အရွယ် မိန်းကလေးတစ်ဦးကိုလည်း ဖမ်းဆီးထားကြောင်း နိုင်ဂျီးရီးယားနိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ ကာနိုမြို့ရဲအဖွဲ့က ပြောသည်။

ဗုဒ္ဓဟူးနေ့က ကာနိုမြို့၌ အမျိုးသမီးနှစ်ဦး၏ အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် အနည်းဆုံးလူလေးဦးသေဆုံးခဲ့သည်။ နိုင်ဂျီးရီးယားနိုင်ငံအတွင်း တိုက်ခိုက်မှုများအပေါ် ဘိုကိုဟာရမ် စစ်သွေးကြွများအား သံသယဖြစ်လျက်ရှိသည်။ **(ဘီဘီစီ)**

# ဖေ့စ်ဘွတ်ခ်ပေါ်တွင် အစွန်းရောက်သတင်းများ ဖော်ပြသည့်အတွက် ထောင်ဒဏ်ချမှတ်ခံရ

**လန်ဒန် ဒီဇင်ဘာ ၁၂**

၃၅ နှစ်အရွယ် ဗြိတိသျှအမျိုးသမီးတစ်ဦးသည် ဖေ့စ်ဘွတ်ခ်ပေါ်တွင် အစွန်းရောက်သတင်းများ ရေးသားဖော်ပြသည့်အတွက် ထောင်ဒဏ် ငါးနှစ်နှင့်သုံးလချမှတ်ခံခဲ့ရသည်ဟု ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ကလေးခြောက်ဦး၏မိခင် ရူနာခမ်းသည် အခြားအမျိုးသမီးများအား ၎င်းတို့၏ သားသမီးများကို အစွန်းရောက်သည့်လုပ်ရပ်များ သင်ကြားပေးရန် လမ်းညွှန်ထားသည့်စာကို ဖေ့စ်ဘွတ်ခ်ပေါ်တွင် တင်ခဲ့သည်ဟု သိရသည်။

အဆိုပါစာသည် အမျိုးသမီးများကို ဂျီဟတ်အစွန်းရောက်အုပ်စုတွင် ပါဝင်လာရန် တိုက်တွန်းထားသည့် လက်စွဲစာစောင်နှင့်တူသည်ဟု တရားသူကြီးတစ်ဦး၏ ပြောကြားချက်ကို ဘီဘီစီသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။

ရူနာခမ်းသည် ၎င်း၏သားကို ဂျီဟတ်တိုက်ခိုက်ရေးသမားတစ်ဦးဖြစ်လာရန် မျှော်မှန်းထားပြီး အကြမ်းဖက်ဝါဒဖြန့်မှုအတွက် လူမှုရေးဆိုင်ရာ သတင်းကွန်ရက်ကို အသုံးချခဲ့သည်ဟု စစ်ဆေးရေးမှူးများက ပြောကြားသည်။ **(ဆင်ဟွာ)**

# ဟာဘင်မှ ဂျယ်ဂျူသို့ လေကြောင်းပျံသန်းမှု စတင်တော့မည်

**ဟာဘင် ဒီဇင်ဘာ ၁၂**

တရုတ်နိုင်ငံမြောက်ဘက်ဆုံး ပြည်နယ်၏မြို့တော် ဟာဘင်မှ ကိုရီးယားသမ္မတနိုင်ငံ ဂျယ်ဂျူသို့ လေကြောင်းလိုင်း ပျံသန်းပြေးဆွဲမှု စတင်တော့မည်ဖြစ်ကြောင်း စပရင်းလေကြောင်းလိုင်းက သောကြာနေ့က ပြောကြားသည်။

အဆိုပါ လေကြောင်းလိုင်းကို အင်္ဂါ၊ ကြာသပတေးနှင့် စနေနေ့တိုင်းတွင် ဒီဇင်ဘာ ၂၅ ရက်မှ စတင်ပြေးဆွဲမည်ဖြစ်သည်။

ယာဉ်စီးခအနေဖြင့် ကိုးယွမ် (အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဒေါ်လာ) ပေးဆောင်ရမည်ဖြစ်ပြီး ခရီးစရိတ်အနည်းဆုံးဖြစ်သည်ဟု ဆိုသည်။

ကိုရီးယားသမ္မတနိုင်ငံသည် တရုတ်နိုင်ငံသား ခရီးသွားများ သွားရောက်မှုအများဆုံးနေရာများအနက် တစ်ခုဖြစ်သည်။ ယခုနှစ်အတွင်း တရုတ်ခရီးသွား ခြောက်သန်းကျော်မည်ဟု ခန့်မှန်းရသည်။

ဂျယ်ဂျူသည် တရုတ်နှင့် ဗီဇာကင်းလွတ်ခွင့်ရရှိထားသည်။ **(ဆင်ဟွာ)**

# ဘင်္ဂလားဒေ့ရှ်တွင် ရွှေချောင်း ၄၃ ချောင်းကို သိမ်းဆည်းရမိ

**ဒါကာ ဒီဇင်ဘာ ၁၂**

အကောက်အခွန်ရုံး ထောက်လှမ်းရေးဌာနမှ တာဝန်ရှိသူများသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော်ဒါကာရှိ ဟက်ဇ်ရက်ရှာဂျလာ လေဆိပ်တွင် အဝတ်အထည်များ ထည့်ထားသော ကတ်ထူပုံးသုံးပုံးထဲမှ အလေးချိန် ၄၃ ကီလိုဂရမ်ရှိသော ရွှေချောင်း ၄၃ ချောင်းကို ဒီဇင်ဘာ ၁၀ ရက်က သိမ်းဆည်းရမိခဲ့သည်ဟု ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

စင်ကာပူ လေကြောင်းလိုင်းမှ သယ်ဆောင်လာခဲ့သော အဆိုပါ ရွှေချောင်းများမှာ တာကာ ၂၂၁ သန်းခန့်တန်ဖိုးရှိသည်ဟု တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ရွှေချောင်းများ ယူဆောင်ခဲ့သူများကို ဖမ်းဆီးရမိခဲ့ခြင်းမရှိသေးကြောင်း သိရသည်။

ဒေသခံမှောင်ခိုကူးသူများသည် နိုင်ငံခြားမှ ၎င်းတို့၏ လက်ထောက်များနှင့် ချိတ်ဆက်၍ တရားမဝင်ရွှေများ၊ နိုင်ငံခြားငွေကြေးများနှင့် မူးယစ်ဆေးဝါးများကို သယ်ယူပို့ဆောင်ရေးအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံကို လမ်းကြောင်းတစ်ခုအဖြစ် အသုံးချနေသည်ဟု တာဝန်ရှိသူများက ပြောကြားသည်။ **(ဆင်ဟွာ)**

# အစ္စရေး၏ ဓာတုလက်နက်များ ဖျက်ဆီးရန် အိုပီစီဒဗလျူကတိုက်တွန်းခဲ့

**ဂျေရုဆလင် ဒီဇင်ဘာ ၁၂**

ဓာတုလက်နက်များ တားမြစ်ရေးအဖွဲ့ (အိုပီစီဒဗလျူ)က အစ္စရေးရှိ ဓာတုလက်နက်များကို ဖျက်သိမ်းရန်နှင့် ၎င်းဓာတုလက်နက်များ အသုံးပြုခြင်းနှင့် ပိုင်ဆိုင်ခြင်းကို တားမြစ်သည့် နိုင်ငံတကာသဘောတူညီထားသည့် စာချုပ်တွင် ပူးပေါင်းရန် အစ္စရေးအစိုးရကို တိုက်တွန်းခဲ့သည်။

အစ္စရေးအနေဖြင့် အဆိုပါ ပူးပေါင်းမှုကို ပြုလုပ်ရန်အတွက် ၎င်း၏ မဟာမိတ်များ၏ အနည်းငယ်ဖိအားပေးမှု ခံနေရဖွယ်ရှိကြောင်း အိုပီစီဒဗလျူ၏ အမည်မဖော်လိုသူ အရာရှိက ပြောခဲ့သည်။

အိုပီစီဒဗလျူသည် အစ္စရေးနှင့် အဆိုပါ အရေးကိစ္စဆွေးနွေးရန်အတွက် အစ္စရေးသံရုံးနှင့် ဆက်သွယ်ခဲ့သည်။ အိုပီစီဒဗလျူကို ဓာတုလက်နက်ဆိုင်ရာ ဆွေးနွေးမှုပြုရန်အတွက် ၁၉၉၇ ခုနှစ်က ဖွဲ့စည်းခဲ့ပြီး ဓာတုလက်နက်အသုံးပြုမှုကို တားမြစ်ပိတ်ပင်ခဲ့သည်။

အစ္စရေးအစိုးရသည် ကြေညာထားခြင်းမရှိသော ဒုံးကျည် ၄၀၀ နှင့်အတူ အရှေ့အလယ်ပိုင်း၌ နျူကလီးယားစက်ရုံပိုင်ဆိုင်သည့် တစ်ခုတည်းသောနိုင်ငံဖြစ်သည်ဟု ယူဆရသည်။ သို့သော်လည်း အစ္စရေးက အဆိုပါ နျူကလီးယားနှင့် ဓာတုလက်နက်များ ရှိသည်ဆိုခြင်းကိုအတည်ပြုခြင်း၊ ငြင်းဆိုခြင်းမရှိခဲ့ပေ။ **(ပရက်စ်တီဗွီ)**

# ဆယ်စုနှစ်တစ်ခုအတွင်း လူပေါင်း ၄၂ ဦးကို သတ်ခဲ့သူကို ရဲကဖမ်း

**ရီယိုဒီဂျနေးရိုး ဒီဇင်ဘာ ၁၂**

ရီယိုဒီဂျနေးရိုးမြို့၌ လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်း လူပေါင်း ၄၂ ဦးအားသတ်ဖြတ်ခဲ့ကြောင်း ဝန်ခံထားသော အမျိုးသားတစ်ဦးကို ဘရာဇီးရဲက ဖမ်းဆီးလိုက်သည်။

ရဲတပ်ဖွဲ့က ဆေးလ်ဆွန်ဂျိုဆေးဒက်စ် ဂရာကတ်စ်အား ဗုဒ္ဓဟူးနေ့က အဆိုပါ မြို့ဆင်ခြေဖုံး၌ အမျိုးသမီးတစ်ဦးအား ဓားနှင့်ထိုးခဲ့ပြီးနောက် ဖမ်းဆီးလိုက်ခြင်းဖြစ်သည်။

အဆိုပါ ပုဂ္ဂိုလ်က အခြားအမျိုးသမီး ၃၇ ဦး၊ အမျိုးသားသုံးဦးနှင့် နှစ်နှစ်အရွယ် မိန်းကလေးတစ်ဦးအား သတ်ခဲ့သည်ဟု ဝန်ခံပြောကြားလိုက်သည်။ ရဲတပ်ဖွဲ့ဝင်များက သေဆုံးသူများအား ရှာဖွေမှုများ ပြုလုပ်လျက်ရှိရာ လေးဦးတွေ့ရှိပြီဟုဆိုသည်။

ရဲတပ်ဖွဲ့ဝင်များအနေဖြင့် ၎င်းအားလွှတ်ပေးလျှင် သတ်ဖြတ်မှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အဆိုပါလူသတ်သမားက ဆိုသည်။



အမျိုးသမီးများအား လိုက်လံသတ်ဖြတ်လျက်ရှိရာတွင် လှပသော အမျိုးသမီးများအား သတ်ရသည်ကို နှစ်သက်မှုရှိကြောင်း လူသတ်သမားက ပြောသည်။

ဆယ်စုနှစ်အတွင်း အမျိုးသမီးများ လိုက်လံသတ်ဖြတ်ခဲ့ရာတွင် အမျိုးသားသုံးဦး ပါဝင်ရခြင်းမှာ အမျိုးသမီးများသတ်ဖြတ်မှု ပြုလုပ်စဉ် ဆက်စပ်မှုများ ရှိနေသည့်အတွက် သတ်ခဲ့ရခြင်းဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ **(ဘီဘီစီ)**

# ကမ္ဘာတစ်ဝန်း အစားအစာမလုံလောက်မှုကြုံတွေ့ရဖွယ်ရှိဟု အက်ဖ်အေအိုက ပြောကြား

**ဂျီနီဗာ ဒီဇင်ဘာ ၁၂**

ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (အက်ဖ်အေအို)က ကမ္ဘာတစ်ဝန်း၌ အဆိုးရွားဆုံး အစားအစာမလုံလောက်မှုကို တွေ့ကြုံနိုင်ကြောင်း သတိပေးချက်ထုတ်ပြန်ခဲ့သည်။



၂၀၁၄ ခုနှစ်အတွင်း သီးနှံထုတ်လုပ်နိုင်မှု ၂ ဒသမ ၅ ဘီလီယံကျော်သည် မကြုံစဖူးထူးခြားသည့်မှတ်တမ်းဖြစ်သော်လည်း အာဖရိကရှိ ၂၉ နိုင်ငံအပါအဝင် နိုင်ငံပေါင်း ၃၈ နိုင်ငံကို အစားအစာမလုံလောက်မှုက ခြိမ်းခြောက်နေကြောင်း အက်ဖ်အေအို၏ နောက်ဆုံးမှတ်တမ်းအရ သိရသည်။

ပြည်တွင်းစစ်ပွဲများ၊ ရာသီဥတုပြောင်းလဲမှုများနှင့် အီဘိုလာရောဂါဖြစ်ပွားခြင်းတို့သည် ကမ္ဘာကြီးအစားအစာမလုံလောက်မှုကိုဖြစ်စေသည့် အခြေခံအကြောင်းများဖြစ်သည်ဟု ကုလသမဂ္ဂက ဆိုသည်။

အနောက်အာဖရိက၌ အီဘိုလာဖြစ်ပွားမှုကြောင့် သီးနှံစိုက်ပျိုးထုတ်လုပ်နိုင်မှုလျော့ကျစေခဲ့သည်။

ပဋိပက္ခများ အဆက်မပြတ်ဖြစ်ပွားနေသော ဆီးရီးယားနှင့်အီရတ်နိုင်ငံသည် အစားအစာမလုံလောက်မှုဒဏ်ခံစားရသည့် အဆိုးရွားဆုံးနေရာများဖြစ်ကြောင်း၊ ဆီးရီးယားနိုင်ငံတစ်နိုင်ငံတည်း၌ လူဦးရေ ခုနစ်သန်းနီးပါးအစားအစာမလုံလောက်မှုကို ရင်ဆိုင်နေရသည်။

ဗဟိုအာဖရိက လူဦးရေ၏ သုံးပုံတစ်ပုံခန့်သည် များစွာသော အစားအစာလိုအပ်မှုဖြစ်ပေါ်နေပြီး ပျမ်းမျှသီးနှံထုတ်လုပ်နိုင်မှုအောက် ၅၈ ရာခိုင်နှုန်းခန့်ကျဆင်းနေကြောင်း အဆိုပါမှတ်တမ်းတွင် ဖော်ပြထားသည်။ ထို့အပြင် ချက်၊ တောင်ဆူဒန်၊ ဆူဒန်နှင့်ဆိုမာလီနိုင်ငံများရှိ ပြည်သူ ၆ ဒသမ ၅ သန်းကျော်သည်လည်း အစားအစာနှင့် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာအကူအညီများ လိုအပ်နေသည်ဟု ဆိုသည်။ **(ပရက်စ်တီဗွီ)**

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

# တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၇) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲကျင်းပ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သင်တန်းသားအရာရှိများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။ (မြဝတီ)

**နေပြည်တော် ဒီဇင်ဘာ ၁၂**

တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၇) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညနေ ၆ နာရီတွင် ပြင်ဦးလွင်မြို့ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းတန်းပေါင်းစီကွင်း၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါသင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး သူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးထွန်း၊ တပ်မတော်နည်းပညာတက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ သင်တန်းဆင်းအရာရှိများနှင့် ၎င်းတို့၏မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က သင်တန်းဆင်းအရာရှိများအား တစ်ဦးချင်း ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်တန်းဆင်းအရာရှိများ၊ မိဘဆွေမျိုးများနှင့်အတူ ညစာသုံးဆောင်ကြသည်။

သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအပြီးတွင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များသည် သဘင်ဆောင်၌ မြဝတီတေးဂီတအဖွဲ့နှင့် မြဝတီအငြိမ့်အဖွဲ့တို့၏ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားနှင့် ဗိုလ်ရှုခံအခမ်းအနား (နေပြည်တော်)သို့ တက်ရောက်သတင်းရယူလိုသူများ မှတ်ပုံတင်ခြင်းစတင်ပြုလုပ်နိုင်

**နေပြည်တော် ဒီဇင်ဘာ ၁၂**

(၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားနှင့်ဗိုလ်ရှုခံအခမ်းအနား (နေပြည်တော်)သို့ တက်ရောက်သတင်းရယူလိုသူများသည် ပြန်ကြားရေးဝန်ကြီးဌာန Webportal www.moi.gov.mm ဘယ်ဘက် Side Bar ရှိ "ဗိုလ်ရှုခံအခမ်းအနား" ခလုတ်ပုံအားနှိပ်၍ http://moimm.info/moimrf4jan 2015/ လိပ်စာရှိ Registration Form တွင် စာရင်းသွင်း မှတ်ပုံတင်နိုင်ပြီဖြစ်သည်။

မှတ်ပုံတင်ရာတွင် အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် မှတ်ပုံတင်နိုင်ပြီး မြန်မာဘာသာဖြင့် မှတ်ပုံတင်လိုပါက Myanmar 3 Font ဖြင့် မှတ်ပုံတင်ရမည်ဖြစ်သည်။ မှတ်ပုံတင်ရာတွင် ဖြည့်သွင်းရမည့်အချက်များမှာ-

အမည်၊ အခြားအမည်၊ မွေးသက္ကရာဇ်၊ နိုင်ငံသားစိစစ်ရေးအမှတ်၊ ပညာအရည်အချင်း၊ လူမျိုး/ဘာသာ၊ အလုပ်အကိုင်၊ နေရပ်လိပ်စာ၊ မွေးဖွားရာဇာတိ၊ အဖအမည်၊ ခင်ပွန်း/ဇနီးအမည်နှင့် မှတ်ပုံတင်နံပါတ်၊ ဆက်သွယ်ရမည့်ဖုန်းနံပါတ်၊ အီးမေးလ်လိပ်စာ စသည့် အချက်အလက်များကို မှန်ကန်စွာဖြည့်သွင်းပြီး File Size 2MB ထက်မကြီးသော ပတ်စ်ပို့ဓာတ်ပုံကို Attachment တွဲရမည်ဖြစ်သည်။ ထို့နောက် မိမိတို့တွေ့မြင်ရသည့် Capture Letter (အပြာရောင်စာလုံး) အား Textbox တွင် မှန်ကန်စွာဖြည့်စွက်ပြီး Submit ကို နှိပ်ပါက Registration ပြုလုပ်ခြင်း ပြီးဆုံးမည်ဖြစ်သည်။

Registration ပြုလုပ်ခြင်းကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၀ ရက် နောက်ဆုံးထား ဆောင်ရွက်ရမည်ဖြစ်သည်။ မိမိတို့ပေးပို့လိုက်သည့် Media Registration Form ရောက်ရှိခြင်း ရှိ/မရှိကို ဖုန်း- ၀၆၇-၄၁၂၁၈၇ သို့ ဆက်သွယ်မေးမြန်းနိုင်ကြသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး နီပေါရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဟောင်းအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၁၂**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် နီပေါရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဟောင်း ဦးဆောင်သည့်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာ၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် Voter List နှင့် Voter Education တို့ကို စီမံဆောင်ရွက်လျက်ရှိကြောင်း၊ လွတ်လပ်မျှတသော ရွေးကောက်ပွဲကို ပွင့်လင်းမြင်သာစွာ ကျင်းပနိုင်ရေးအတွက် နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများ၊ မီဒီယာများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတကာနှင့် ပြည်တွင်း Observer များအား ဖိတ်ခေါ်သွားမည်ဖြစ်ကြောင်းတို့ကို ရှင်းလင်းပြောကြားသည်။

နီပေါရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဟောင်းက နီပေါနိုင်ငံ၌ ကျင်းပခဲ့သည့် ရွေးကောက်ပွဲများတွင် Voter Education ဆောင်ရွက်မှု အတွေ့အကြုံများ၊ Observer များ ဖိတ်ကြားသည့် အတွေ့အကြုံများနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းပြောကြားခဲ့ပြီး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ယင်းသို့တွေ့ဆုံရာတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးမြင့်နိုင်၊ ဦးအောင်မြင့်၊ ဒေါက်တာဒေါ်မြင့်ကြည်၊ ဦးဝင်းကြည်၊ ဦးညွန့်တင်၊ ဦးဝင်းကို၊ အတွင်းရေးမှူး ဦးတင်ထွန်းနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**






## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၂၂)၊ မြေကွက်အမှတ်(၄၃၅) မြေအမည်ပေါက် ဒေါ်ကြည်ရွှေ၁၂/လမန(နိုင်)၁၃၅၁၀၂ မှ မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများ တင်ပြပြီး လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးခြင်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြေယာရုံးခွဲ(၇)**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၂၂)၊ မြေကွက်အမှတ် (၂၀၉) မြေအမည်ပေါက် ဦးရွှေTBN 072490 မှ မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများတင်ပြ ပြီးလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးခြင်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြေယာရုံးခွဲ(၇)**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

ဆောင်းပါး

# ဆင်ခြေထောက်ရောဂါ ကင်းဝေးရေးနှင့် လူအားလုံးဆေးတိုက်ကျွေးခြင်းလုပ်ငန်းအကြောင်း သိကောင်းစရာ

ဆင်ခြေထောက်ရောဂါသည် လတ်တလောသေစေနိုင်သော ရောဂါ မဟုတ်သော်လည်း ခြေလက်အင်္ဂါပုံသဏ္ဌာန်ပျက်ယွင်းခြင်းကြောင့် လူမှုရေး ထိခိုက်နစ်နာဆုံးရှုံးမှုရှိသောရောဂါများတွင် ပါဝင်သော ရောဂါတစ်ခုဖြစ်ပါသည်။ ဤရောဂါသည် Wuchereria bancrofti သန်ကောင်တစ်မျိုးကြောင့် ဖြစ်သော ရောဂါဖြစ်ပြီး ခြင်ကိုက်ခြင်းဖြင့် ကူးစက်သောရောဂါဖြစ်ပါသည်။

သန်ကောင်ငယ်နှင့် သက်ကြီးကောင်ရှိပြီး သက်ကြီးကောင်များမှာ လူတို့၏ သားနံ့ရည်ကြောတွင် နေပါသည်။ သက်ကြီးကောင်များ မိတ်လိုက်ပေါင်းဖက်ပြီး (Microfilaria)လို့ခေါ်သည့် သန်ကောင်ငယ်များ မွေးလာကာ ယင်းတို့သည် လူတို့၏သွေးကြောများနှင့် အဆုတ်၊ အသည်းစသော အတွင်းကလီစာများတွင် လှည့်ပတ်သွားလာနေပါသည်။ သန်ကောင်ငယ်များသည် ည ၁၀ နာရီမှ နံနက် ၂ နာရီအတွင်း သွေးကြောများထဲတွင် များပြားစွာ ထွက်ပေါ်လေ့ရှိပြီး ၎င်းအချိန်တွင် ခြင်ကိုက်ရာမှ ခြင်၏ခန္ဓာကိုယ်ထဲသို့ ရောက်ရှိသွားပြီးနောက် သန်ကောင်ငယ်များ ကြီးထွားမှုဖြစ်လာပြီးမှ လူကို ကူးစက်မှုပေးနိုင်သော အဆင့်ကိုရောက်ရှိကာ ရောဂါကူးစက်မှု ဖြစ်စေပါသည်။

ဆင်ခြေထောက်ရောဂါသည် အသက်အရွယ်မရွေး၊ ကျား၊ မ မရွေး လူမျိုးမရွေးဖြစ်နိုင်ပါသည်။ ဆင်ခြေထောက်ရောဂါပိုး ခန္ဓာကိုယ်ထဲသို့ ရောက်ရှိသွားပြီး မည်သည့်လက္ခဏာမှမပြဘဲ ငုပ်နေတတ်ပါသည်။ဤအဆင့်မှာ ညဥ့်အခါ သွေးဖောက်စစ်ဆေးခြင်း ( Night Blood Survery ) ပြုလုပ်သော်လည်း Microfilaria မတွေ့နိုင်ပါ။ ရောဂါလက္ခဏာမပြသော်လည်း သန်ကောင်များက သားနံ့ရည်ကြောများကို စတင်ဖျက်ဆီးစပြုနေပြီ ဖြစ်ပါသည်။ ဤအဆင့်တွင် ရောဂါ ရှိ၊ မရှိ Immunochromato- graphic Test (ICT) နှင့် စမ်းသပ်မှသာသိရှိနိုင်ပါသည်။ ထိုမှတစ်ဆင့် ရောဂါလက္ခဏာ မပြသော်လည်း ညဥ့်အချိန်တွင် သွေးဖောက်စစ်ဆေးသည့်အခါ Microfilaria ကို တွေ့နိုင်သော (Asymptomatic Parasitaemic) အဆင့်ကို ရောက်ရှိပြီးနောက် ရောဂါလက္ခဏာအမျိုးမျိုးကို တွေ့နိုင်ပါသည်။

၎င်းလက္ခဏာများမှာ ချမ်းတုံ၍ဖျားခြင်း၊ ခန္ဓာကိုယ်တစ်နေရာရာတွင် နီရဲပူလောင်ရောင်ရမ်း၍ နာကျင်ခြင်း၊ သားနံ့ရည်ကြောနှင့် အကြိတ်များတွင် ရောင်ခြင်း၊ ဆီးသွားသည့်အခါ အဖြူရောင်ပျစ်ချွဲချွဲဖြစ်နေခြင်း၊ အင်ပြင်ထွက်ခြင်း၊ ပန်းနာရင်ကျပ်ရောဂါကဲ့သို့ ရင်ကျပ်ခြင်း၊ ဘောအောင့်ခြင်း၊ (ရေမုတ္တ) စသည့် လက္ခဏာများ ခံစားရတတ်ပါသည်။ ၎င်းမှတစ်ဆင့် ခြေထောက်၊ လက်တဖြည်းဖြည်းကြီးလာခြင်း (တစ်ဖက်တည်းဖြစ်စေ၊ နှစ်ဖက်လုံးဖြစ်စေ)ဖြစ်လာပြီး နောက်ဆုံးတွင် ခြေ၊ လက်များ ဆင်ခြေထောက်ကဲ့သို့ ဖြစ်လာတတ်ပါသည်။ သန်ကောင်သယ်ဆောင်ထားသော ခြင်ကိုက်ခံရပြီး ရောဂါလက္ခဏာပေါ်ရန်အတွက် ခြောက်လမှ ရှစ်နှစ်အထိ ကြာတတ်ပါသည်။

ကမ္ဘာပေါ်တွင် လူဦးရေသန်းပေါင်း ၁၄၀၀ သည် ဆင်ခြေထောက်ရောဂါ ကူးစက်နိုင်သည့် အန္တရာယ်ရှိသော နိုင်ငံပေါင်း ၇၃ နိုင်ငံတွင် နေထိုင်လျက်ရှိပြီး ယင်းတို့အနက် ၆၅ ရာခိုင်နှုန်းမှာ အရှေ့တောင်အာရှဒေသမှ ဖြစ်ပြီး ၃၀ ရာခိုင်နှုန်းမှာ အာဖရိကနိုင်ငံများနှင့် ကျန်သည့် ငါးရာခိုင်နှုန်းမှာ အပူပိုင်းဒေသနိုင်ငံများဖြစ်ပါသည်။ ကမ္ဘာပေါ်တွင် လူဦးရေသန်း ၁၂၀ ၌ ဆင်ခြေထောက်ရောဂါ ကူးစက်မှုရှိနေပြီး လူဦးရေးသန်း ၄၀ ကျော်မှာ ဆင်ခြေထောက်ရောဂါလက္ခဏာတစ်ခုခုကို ခံစားနေကြပါသည်။ လူဦးရေသန်း ၇၀ ကျော်မှာ ရောဂါလက္ခဏာမပြဘဲ ရောဂါ ငုပ်နေသည့် အခြေအနေတွင်ရှိပါသည်။ အရှေ့တောင်အာရှဒေသဆိုင်ရာနိုင်ငံ ၁၁ နိုင်ငံအနက် မြန်မာနိုင်ငံအပါအဝင်နိုင်ငံ ကိုးနိုင်ငံသည် ဆင်ခြေထောက်ရောဂါ အမြစ်တွယ်မှုရှိပြီး ပြည်သူလူထုအတွင်း ကျန်းမာရေးပြဿနာတစ်ရပ် ဖြစ်လျက်ရှိ ပါသည်။ ၎င်းနိုင်ငံများမှာ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား မော်လ်ဒိုက်၊ မြန်မာ၊ နီပေါ၊ သီရိလင်္ကာ၊ ထိုင်းနိုင်ငံ၊ တီမောလက်စ်တေနိုင်ငံများ ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၁၉၉၇ ခုနှစ်က ကျင်းပပြုလုပ်ခဲ့သော ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီး၏ အကြိမ် (၅၀)မြောက် ညီလာခံမှ ဆုံးဖြတ်ခဲ့သည့် ဆုံးဖြတ်ချက် ၅၉ အရ **“၂၀၂၀ ခုနှစ်တွင် ဆင်ခြေထောက်ရောဂါကင်းဝေးရေး”** ရည်မှန်းချက်ကို မြန်မာနိုင်ငံအပါအဝင် ဆင်ခြေထောက်ရောဂါ အမြစ်တွယ်မှုရှိသောနိုင်ငံများက အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့ကြပါသည်။

၎င်းနိုင်ငံ ကိုးနိုင်ငံများတွင် ရောဂါအမြစ်တွယ်မှုကို မြေပုံဖြင့် ဖော်ပြရာတွင် အမြစ်တွယ်မှုရှိပြီး လူအားလုံးဆေးတိုက်ရန် ရည်မှန်းချက်ထားရှိသော အကောင်အထည်ဖော်ဆောင်ရွက်ရမည့် Units ပေါင်း ၉၀၁ ခု ရှိပါသည်။ ၎င်းအနက် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ၃၄ ခု (၃ ဒသမ ၈ ရာခိုင်နှုန်း)၊ အိန္ဒိယနိုင်ငံတွင် ၂၅၀ ခု (၂၇ ဒသမ ၇ ရာခိုင်နှုန်း)၊ အင်ဒိုနီးရှားနိုင်ငံတွင် ၃၃၇ ခု (၃၇ ဒသမ ၄ ရာခိုင်နှုန်း)၊ မော်လ်ဒိုက်နိုင်ငံတွင် ၃၄ ခု (၃ ဒသမ ၈ ရာခိုင်နှုန်း)၊ မြန်မာနိုင်ငံတွင် ၄၅ခု (၅ ရာခိုင်နှုန်း)၊ နီပေါနိုင်ငံတွင် ၆၀ခု (၆ ဒသမ ၇ ရာခိုင်နှုန်း)၊ သီရိလင်္ကာနိုင်ငံတွင် ရှစ်ခု (၀ ဒသမ ၉ ရာခိုင်နှုန်း)၊ ထိုင်းနိုင်ငံများတွင် ၈၇ခု (၉ ဒသမ ၇ ရာခိုင်နှုန်း)နှင့် တီမောလက်စ်တေနိုင်ငံများတွင် ၄၆ခု (၅ ဒသမ ၁ ရာခိုင်နှုန်း)ဖြစ်ပါသည်။ သီရိလင်္ကာနှင့် မော်လ်ဒိုက်နိုင်ငံများတွင် ဆေးတိုက်ကျွေးရန် ရည်မှန်းထားသော အကောင်ထည်ဖော်ဆောင်ရွက်ရမည့် Units အားလုံးမှလူများအား ငါးကြိမ်နှင့် အထက် ဆေးတိုက်ကျွေးပြီး ဆင်ခြေထောက်ရောဂါတွေ့ရှိမှုနှုန်းမှာ လူဦးရေ ၁၀၀၀ လျှင်တစ်ယောက်ထက်လျော့နည်းသွားပြီ ဖြစ်ပါ၍ ဆင်ခြေထောက်ရောဂါ ကင်းဝေးသည့်နိုင်ငံများအဖြစ် ကြေညာနိုင်တော့မည်ဖြစ်ပါသည်။

ဒေါက်တာနီနီအေး၊ ဒုတိယညွှန်ကြားရေးမှူး(ဆင်ခြေထောက်)

မြန်မာနိုင်ငံတွင်လည်း ဆင်ခြေထောက်ရောဂါကင်းဝေးရေးစီမံချက်မှာ အောက်ပါရည်ရွယ်ချက်များဖြင့် ဆင်ခြေထောက်ရောဂါ ကင်းဝေးရေး လုပ်ငန်းများကို ၂၀၀၁ ခုနှစ်မှစ၍ ဆောင်ရွက်ခဲ့ပါသည်။

➢ မြန်မာနိုင်ငံ၌ ၂၀၂၀ ပြည့်နှစ်တွင် ဆင်ခြေထောက်ရောဂါကို ကျန်းမာရေးပြဿနာတစ်ရပ်အဖြစ်မှ ဖယ်ရှားရန်

➢ လူအားလုံးဆေးကျွေးခြင်းလုပ်ငန်း (Mass Drug Administration) ငါးနှစ်ဆက်တိုက်ဆောင်ရွက်ပြီးပါက ပြည်သူလူထုအတွင်း ဆင်ခြေထောက်ရောဂါ တွေ့နှုန်း (Antigenaemia) မှာ လူဦးရေ ၁၀၀၀ လျှင် တစ်ယောက်ထက်နည်းစေရန်

၎င်းရည်ရွယ်ချက်များကို အကောင်အထည်ဖော်ရန်အတွက် နည်းဗျူဟာ နှစ်ခုကိုချမှတ်ခဲ့ပြီး ၎င်းတို့မှာ

၁။ ဆင်ခြေထောက်ရောဂါအမြစ်တွယ်မှုရှိသော ဒေသများတွင်လူအားလုံး ဆေးကျွေးခြင်းလုပ်ငန်း (Mass Drug Administration) ဆောင်ရွက်ရန်

၂။ ဆင်ခြေထောက်ရောဂါဝေဒနာ ခံစားနေရသူများအား ကုသမှုပေးခြင်းနှင့်ပြည်သူလူထုအခြေပြုမိသားစုအတွင်း ပြုစုစောင့်ရှောက်မှုပေးခြင်း လုပ်ငန်း ဆောင်ရွက်ရန်ဖြစ်ပါသည်။

လူအားလုံး ဆေးကျွေးခြင်းလုပ်ငန်းမစတင်မီ မြန်မာနိုင်ငံတွင် ဆင်ခြေထောက်ရောဂါအမြစ်တွယ်မှုကို သိရှိနိုင်ရန် မြေပုံဖြင့်ဖော်ပြခြင်းကို ဆောင်ရွက်ခဲ့ရာ ၎င်းအချိန်က ခရိုင်ပေါင်း ၆၅ ခရိုင်အနက် ၄၅ ခရိုင်တွင် အမြစ်တွယ်လျက်ရှိကြောင်း တွေ့ရှိခဲ့ရပါသည်။ ၂၀၀၁ ခုနှစ်တွင် ဆင်ခြေထောက်ရောဂါအမြစ်တွယ်မှုများသည် မကွေးတိုင်းဒေသကြီးမှ မကွေးခရိုင်နှင့် သရက်ခရိုင်တွင် လူအားလုံးဆေးကျွေးခြင်းလုပ်ငန်းကို စတင်ခဲ့ပါသည်။ ၂၀၀၂ ခုနှစ်တွင် မကွေးတိုင်းဒေသကြီးမှ မင်းဘူးခရိုင်နှင့် ပခုက္ကူခရိုင်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ စစ်ကိုင်းခရိုင်၊ မုံရွာခရိုင်၊ ရွှေဘိုခရိုင်၊ တမူးခရိုင်၊ ကသာခရိုင်၊ ကလေးခရိုင်တွင်လည်းကောင်း၊ ၂၀၀၄ ခုနှစ်တွင် ၎င်းခရိုင်များအပြင် မန္တလေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်မှ ခရိုင်များအားလုံးတွင် လူအားလုံး ဆေးကျွေးခြင်းလုပ်ငန်းဆောင်ရွက်ခဲ့ပါသည်။ လူအားလုံးဆေးကျွေးခြင်းလုပ်ငန်း ဆိုသည်မှာ ဆေးတိုက်ကျွေးမည့် ခရိုင်ရှိ လူဦးရေစုစုပေါင်း အနက် နှစ်နှစ်အောက်ကလေး၊ ကိုယ်ဝန်ဆောင်၊ နို့တိုက်မိခင်၊ ရောဂါတစ်ခုခုကြောင့် ဆေးစွဲသောက်နေသူများနှင့် အိပ်ရာထဲလဲနေသူမှအပ ကျန်သည့်လူများအားလုံးကို တစ်ပတ်အတွင်း တစ်နှစ်လျှင်တစ်ကြိမ်အနည်းဆုံး ငါးနှစ်ဆက်တိုက် တိုက်ကျွေးရမည်ဖြစ်ပါသည်။ တိုက်ကျွေးသည့်ဆေးမှာ DEC(Diethylcarbamazine Citrate) နှင့် Albendazole သန်ချဆေး စသည့်နှစ်မျိုးဖြစ်ပါသည်။ အောက်တွင် ဖော်ပြထားသောဇယားအတိုင်း အသက်အုပ်စုအလိုက် ဆေးကို တိုက်ကျွေးပါသည်။

| အသက်အုပ်စု | Albendazoleဆေးပြား (၄၀၀)မီလီဂရမ်နှင့် | DEC ဆေးပြား (၂၀၀)မီလီဂရမ်(သို့) | DECဆေးပြား (၁၀၀)မီလီဂရမ် |
|---|---|---|---|
| ၂-နှစ်ပြည့်မှ ၅-နှစ် | ၁ပြား | ၁/၂ပြား | ၁ပြား |
| ၆-နှစ်ပြည့်မှ ၁၄နှစ် | ၁ပြား | ၁ပြား | ၂ပြား |
| ၁၄-နှစ်အထက် | ၁ပြား | ၁ ၁/၂ပြား | ၃ပြား |

ဤသို့တစ်နှစ်လျှင်တစ်ကြိမ် ငါးနှစ်ဆက်တိုက် တိုက်ကျွေးခြင်းဖြင့် ရောဂါလက္ခဏာမပြဘဲ ဆင်ခြေထောက်ရှိနေသူများတွင် သန်ကောင်ငယ်များနှင့် သက်ကြီးကောင်များသေဆုံး၍ ရောဂါကင်းစင်မည်။ ခန္ဓာကိုယ်အတွင်း၌ ဆင်ခြေထောက်ရောဂါမရှိသူများတွင် ဆေးအာနိသင်ကြောင့် ရောဂါကူးစက်မှုမှ ကာကွယ်နိုင်မည်။ ဆင်ခြေထောက်ရောဂါလက္ခဏာ မပြသောသူများ၏ သားနံ့ကြိတ်ထဲတွင်နေသော သက်ကြီးကောင်များနှင့် ၎င်းတို့မှ ဆက်လက်မွေးထုတ်ပေးသော သန်းပေါင်းများစွာသော သန်ကောင်ငယ်များ ကို သေစေရန် အတွက် ငါးနှစ်ဆက်တိုက်ဆေးတိုက်ကျွေးရခြင်းဖြစ်ပါသည်။ သန်ချဆေးနှင့် တွဲ၍ တိုက်ခြင်းကြောင့် အူလမ်းကြောင်းတွင်နေထိုင်သော အခြားသန်ကောင်များ သေဆုံးနိုင်ပြီး အထူးသဖြင့် ကလေးများတွင် သန်ကောင်ရောဂါမရှိခြင်းအားဖြင့် စားသမျှအာဟာရကိုလည်း ကောင်းမွန်စွာရရှိမည်ဖြစ်ပါသည်။ လူအားလုံးဆေးကျွေးခြင်းလုပ်ငန်းကို သန်ကောင်ရောဂါစီမံချက်နှင့် ပူးပေါင်း၍ ဆောင်ရွက်သွားမှာဖြစ်ပါသည်။

ယခုနှစ်တွင် မြန်မာနိုင်ငံတွင် ဆင်ခြေထောက်ရောဂါကင်းဝေးရန် အတွက် လူအားလုံးဆေးကျွေးခြင်းလုပ်ငန်းကို နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည် နယ်၊ မွန်ပြည်နယ်မှ မြို့နယ်များနှင့် ချင်းပြည်နယ်မှ ပလက်ဝမြို့နယ် စုစုပေါင်း ၂၀၃ မြို့နယ်တွင် **ဒီဇင်ဘာ ၁၅ ရက်မှ ၂၁ ရက်အထိ** ပြုလုပ်မှာ ဖြစ်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးမှ ကလေး၊ တမူးနှင့် ကသာခရိုင်များတွင် လူအားလုံးဆေးကျွေးခြင်းကို ငါးနှစ်ဆောင်ရွက်ပြီးစီး၍ ဆင်ခြေထောက်ရောဂါတွေ့ရှိမှုနှုန်း ပြန်လည်ဆန်းစစ်ရာတွင် ဆင်ခြေထောက်ရောဂါတွေ့ရှိမှုနှုန်းမှာ လူဦးရေ ၁၀၀၀ လျှင် တစ်ယောက်ထက်နည်းသွားပြီဖြစ်၍ ဆေးတိုက်ကျွေးရန် မလိုအပ်သော်လည်း စစ်ကိုင်းတိုင်းဒေသကြီးမှ မုံရွာ၊ ရွှေဘိုနှင့် စစ်ကိုင်းခရိုင်၊ မကွေးတိုင်းဒေသကြီးမှ ခရိုင်အားလုံးတွင် လူအားလုံး ဆေးကျွေးခြင်းလုပ်ငန်းကို ငါးကြိမ်အထက် ဆောင်ရွက်ပြီးဖြစ်ပေမယ့် ဆင်ခြေထောက်ရောဂါတွေ့ရှိမှုနှုန်းမြင့်လျက်ရှိသေးတဲ့အတွက် ၎င်းခရိုင်များတွင် ဆင်ခြေထောက်ရောဂါတွေ့ရှိမှုနည်းလာစေရန် ယခုနှစ် လူအားလုံး ဆေးကျွေးခြင်းလုပ်ငန်းကို ပိုမိုအားဖြည့်၍ ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

ခြေထောက်ရောဂါအမြစ်တွယ်မှုမရှိသည့် ခရိုင်များမှာ ကချင်ပြည်နယ်မှ ပူတာအိုခရိုင်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မော်လိုက်ခရိုင်နှင့် ခန္တီးခရိုင်၊ မကွေးတိုင်းမှ ဂန့်ဂေါခရိုင်၊ ချင်းပြည်နယ်မှ ပလက်ဝမြို့နယ်မှလွဲ၍ ကျန်သည့်မြို့နယ်များ၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်မှ ခရိုင်များအားလုံးဖြစ်ပြီး လူအားလုံးဆေးကျွေးခြင်းလုပ်ငန်းကို ဆောင်ရွက်ရန် မလိုအပ်သော်လည်း ဆင်ခြေထောက်ရောဂါလက္ခဏာရှိသော လူနာများ ရှိ၊မရှိ စုံစမ်းကြည့်ရှုနေရမည်ဖြစ်ပါသည်။

ယခုတိုက်ကျွေးမည့်ဆေးများဖြစ်သည့် DECနှင့် Albendazole ဆေးများသည် ထင်ရှားသောဘေးထွက်ဆိုးကျိုး များမရှိပါ။ DEC ၏ အဖြစ်များသော ဘေးထွက်ဆိုးကျိုးမှာ မူးဝေခြင်း၊ အော့အန်ခြင်း၊ ယားယံခြင်း၊ မျက်နှာ၊ အထူးသဖြင့် မျက်လုံးဝန်းကျင်တွင် ရောင်ရမ်းလာခြင်း၊ ရုံဖန်ရံခါ ဖျားခြင်း၊ အရေပြားအဖုအပိန့်ထွက်ခြင်းနှင့် လည်ပင်း၊ ချိုင်း၊ ပေါင်ခြံတို့တွင် အကျိတ်များထွက်ကာ နာလာခြင်းတို့ဖြစ်ပါသည်။ ALbendazole ၏ ဘေးထွက်ဆိုးကျိုးမှာ ပျို့ခြင်း၊ အန်ခြင်းတို့ဖြစ်ပါသည်။ ၎င်းဘေးထွက်ဆိုးကျိုးများသည် ဆေးသောက်ပြီး ၂၄ နာရီအတွင်း ဖြစ်တတ်ပါသည်။ Albendazole သည် အစာလမ်းကြောင်းမှလွဲ၍ ကျန်သည့်ခန္ဓာကိုယ်အစိတ်အပိုင်းများကို ထိခိုက်မှု (Systemic Side Effect ) မရှိပါ။

ဆင်ခြေထောက်ရောဂါ၏ သဘာဝအရ DEC သောက်ပြီးလျှင် ဆင်ခြေထောက်ပိုးများ သေကျေပျက်စီးသွားသည့်အတွက် ယင်းတို့မှ ထွက်လာသော ဓာတ်ပစ္စည်းများကြောင့် ခန္ဓာကိုယ်တွင် ဖျားနာခြင်း၊ အင်ပြင်ထွက်ခြင်း၊ ခြေလက်များကိုက်ခဲ၍မသယ်ချင်ဖြစ်ခြင်း၊ ယောကျာ်းများတွင် ဝှေးစေ့ရောင်ခြင်း၊ ခြေထောက်အနည်းငယ်ရောင်လာတတ်ခြင်းတို့ ဖြစ်တတ်ပါသည်။

ယင်းတို့သည် ဆေးသောက်ပြီး ၂၄ နာရီကျော်လျှင် စတင်ပေါ်လာပြီး ၁ ရက် ၂ ရက်အတွင်း ပျောက်သွားမည် ဖြစ်ပါသည်။

၎င်းဘေးထွက်ဆိုးကျိုးများအတွက် $B_6$ ပေးခြင်း၊ဓာတ်ပစ္စည်းများကြောင့် ဖျားလျှင် Paracetamol ၊ အင်ပြင်ထလျှင် Anti histamine စသည်တို့ကို တစ်နေ့လျှင် တစ်ပြား တစ်ကြိမ်၊ တစ်ပြား နှစ်ကြိမ် စသဖြင့် တိုက်ကျွေးခြင်းဖြင့် သက်သာပျောက်ကင်းစေပါသည်။ သက်သာပြီးသည့်အခါ DEC ၆ မီလီဂရမ် /ကိုယ်အလေးချိန်×တစ်နေ့သုံးကြိမ်ခွဲ၍× ၁၂ ရက် (ဥပမာ-ကိုယ်အလေးချိန် ၅၀ ကီလိုဂရမ် ရှိသောလူဖြစ်ပါက စုစုပေါင်း ၃၀၀ မီလီဂရမ် ကျွေးရမည် ဖြစ်ရာ ၁၀၀ မီလီဂရမ် တစ်နေ့ သုံးကြိမ် ×၁၂ ရက်) တိုက်ကျွေးရန်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ဆေးသောက်ပြီး မူးဝေခြင်း၊ ဖျားခြင်းစသော လက္ခဏာများဖြစ်ပါက မိမိအားဆေးတိုက်ခဲ့သော အဖွဲ့အား သတင်းပို့ရန်၊ ဆေးတိုက်အဖွဲ့မှလည်း သက်ဆိုင်ရာကျန်းမာရေးတာဝန်ခံအား သတင်းပေးပို့ခြင်း၊ လိုအပ်ပါက ဆေးရုံပို့ခြင်းတို့ကို ပြုလုပ်ရပါမည်။

ယခုနှစ်လူအားလုံး ဆေးကျွေးခြင်းလုပ်ငန်းကို မြို့နယ်အလိုက် စီမံချက်များ ရေးဆွဲပြီး လူဦးရေစာရင်းကောက်ယူခြင်း၊ လို အပ်သောဆေးဝါးများကို မှာယူခြင်း၊ ဆေးများကို မြို့နယ်များသို့ဖြန့်ဝေခြင်း၊ ကျန်းမာရေးပညာပေး လက်ကမ်းစာစောင်များ၊ ဆေးတိုက်လမ်းညွှန်များကို ဖြန့်ဝေခြင်း၊ လုပ်ငန်းများကိုဆောင်ရွက်ပြီးစီးပြီး ဖြစ်ပြီး၊ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများအား အသိပေးဆွေးနွေးခြင်း၊ ပြည်သူလူထုအားကျန်းမာရေး ပညာပေးခြင်းနှင့် ဆေးတိုက်ရာတွင်ပါဝင်မည့် ဆေးတိုက်အဖွဲ့ဝင်များကို ဆေးတိုက်ကျွေးခြင်းနှင့်ပတ်သက်၍ သေသေချာချာသင်ကြားပို့ချခြင်းသည် အလွန်အရေးကြီးပါသည်။ သို့မှသာ ဆေးတိုက်အဖွဲ့ဝင်များ အိမ်တိုင်ရာရောက် မိမိရှေ့တွင် ဆေးတိုက်ကျွေးခြင်းကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည်ဖြစ်ပြီး မလိုလားအပ်သော ဆေး၏ ဆိုးကျိုးများကို လျော့နည်းစေနိုင်မည်ဖြစ်ပါသည်။

ဆေးကို ညနေပိုင်းအစာစားပြီးမှ သောက်ရမည်ဖြစ်ပါ၍ ဆေးလာကျွေးသည့်အချိန် အိမ်တွင် လူအများစုထားရန်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ရှိ မြို့နယ်များမှ အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအဖွဲ့အစည်း အသီးသီးမှ တာဝန်ရှိသူများနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာမှလူမှုရေး လုပ်ငန်း စိတ်ဝင်စားသူများမှ ပြည်သူလူထုများအား ဆေးတိုက်ကျွေးရာတွင် ပူးပေါင်းပါဝင်၍ ကူညီဆောင်ရွက်ရန် လိုအပ်ပါသည်။

## မြန်မာနိုင်ငံဆင်ခြေထောက်ရောဂါကင်းဝေးရေးအတွက် ဆေးကျွေးခြင်းလုပ်ငန်း

၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်နေ့မှ ၂၁ ရက်နေ့အထိ သတ်မှတ်ထားသော တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်များတွင် ဆောင်ရွက်မည်ဖြစ်ပါ၍ ဆေးသောက်ရမည့်ဦးတည်အုပ်စုဝင်သူများ အားလုံးအောက်ပါအတိုင်း ဆေးသောက်ကြပါရန်

| အသက်အုပ်စု | Albendazoleဆေးပြား (၄၀၀)မီလီဂရမ်နှင့် | DEC ဆေးပြား (၂၀၀)မီလီဂရမ်(သို့) | DECဆေးပြား (၁၀၀)မီလီဂရမ် |
|---|---|---|---|
| ၂-နှစ်ပြည့်မှ ၅-နှစ် | ၁ပြား | ၁/၂ပြား | ၁ပြား |
| ၆-နှစ်ပြည့်မှ ၁၄နှစ် | ၁ပြား | ၁ပြား | ၂ပြား |
| ၁၄-နှစ်အထက် | ၁ပြား | ၁ ၁/၂ပြား | ၃ပြား |

ပြည်တွင်းသတင်း

# လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန် တတ်မြောက်ထားသောပညာရပ်များကို နိုင်ငံတော်အတွက်အသုံးချနိုင်ရန်ကြိုးစား

**နေပြည်တော် ဒီဇင်ဘာ ၁၂**

တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၇) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ပြင်ဦးလွင်မြို့ တပ်မတော်နည်းပညာတက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

ယနေ့ မိမိတို့တပ်မတော်ကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် စံချိန်မီ တပ်မတော် တစ်ရပ် တည်ဆောက်ရေးအတွက် လက်နက်၊ ခဲယမ်း၊ ယာဉ်၊ ယန္တရား အပါအဝင် စစ်ဘက်ဆိုင်ရာ ပစ္စည်းကိရိယာများဖြစ်သည့် ရုပ်ပိုင်းဆိုင်ရာ အင်အားများအားလုံး တောင့်တင်းခိုင်မာလာအောင်ဆောင်ရွက်ရာတွင် အင်ဂျင်နီယာ အတတ်ပညာရှင်များသည် အရေးပါသည့်အခန်းကဏ္ဍက ပါဝင်နေခြင်းကြောင့် အရည်အချင်းပြည့်ဝသည့် အင်ဂျင်နီယာပညာရှင်များဖြစ်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်ရန် လိုကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိန့်ခွန်းပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

အဆိုပါ အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး သူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးထွဋ်၊ တပ်မတော်နည်းပညာတက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် ပြင်ဦးလွင်တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ သင်တန်းဆင်း ဗိုလ်လောင်းများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဗိုလ်လောင်းတပ်ရင်းများ၏ အလေးပြုခြင်းကိုခံယူပြီး ကျောင်းဆင်း ဗိုလ်လောင်းတပ်ခွဲများအား စစ်ဆေးသည်။ **(အပေါ်ပုံ)**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဗိုလ်လောင်းတပ်ရင်းများက အနှေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၇)မှ အကောင်းဆုံး အင်ဂျင်နီယာဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းအမှတ် ၆၇၄၁ ဗိုလ်လောင်း အောင်ဇင်ဦး၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၆၅၀၂ ဗိုလ်လောင်း နိုင်လင်းအောင်နှင့် စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၆၅၄၄ ဗိုလ်လောင်းမိုးမင်းထွန်းတို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က သင်တန်းဆင်း ဗိုလ်လောင်းများအား မိန့်ခွန်းပြောကြားရာတွင် သိပ္ပံနှင့်နည်းပညာပိုင်းတွင် အခြားနိုင်ငံများကို အမီလိုက်နိုင်ရန် တစ်မျိုးသားလုံး တစ်ချိန်တည်း တစ်ပြိုင်တည်း စွမ်းရည်မြင့်မားလာ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အကောင်းဆုံး အင်ဂျင်နီယာဗိုလ်လောင်းဆုရရှိသူအား ဆုပေးအပ်ချီးမြှင့်စဉ်။ (မြဝတီ)



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လေ့ကျင့်ရေးထူးချွန်ဆုရဗိုလ်လောင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။ (မြဝတီ)

စေရန်အတွက် အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အင်ဂျင်နီယာ အတတ်ပညာရှင်များ ဖြစ်ကြသည့်အလျောက် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခေတ်မီ တပ်မတော်တည်ဆောက်ရေးအတွက် အားထားရသည့် ပညာရှင်များ ဖြစ်အောင် ခေတ်မီသိပ္ပံနှင့်နည်းပညာရပ်များကို စဉ်ဆက်မပြတ် လေ့လာဆည်းပူးကြရမည် ဖြစ်ကြောင်း၊ အခြေခံအားဖြင့် စစ်သုံးလက်နက်ကိရိယာများ၊ ရေယာဉ်နှင့် လေယာဉ်များကို ပြည်တွင်းမှာ တပ်ဆင်ပြုပြင်နိုင်သည့်အပြင် ပိုမိုအစွမ်းထက်အောင် တီထွင်လုပ်ကိုင်နိုင်ရမည်ဖြစ်ကြောင်း၊ ဒုတိယအဆင့်အနေနှင့် ခေတ်မီစစ်လက်နက်ပစ္စည်း ထုတ်လုပ်မှုအပိုင်းတွင် အမှီအခိုကင်းစွာ ပြည်တွင်းမှာထုတ်လုပ်နိုင်ရန် လိုကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း (Research and Development) များကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

မိမိတို့တပ်မတော်ကို ခေတ်မီပြီး စွမ်းရည်ထက်မြက်သည့် တပ်မတော်အဖြစ် တည်ဆောက်သည့်နေရာတွင် "အင်ဂျင်နီယာစွမ်းပကား တပ်မတော်အား" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ရဲဘော်တို့ကဲ့သို့ အတတ်ပညာရှင်များ၊ အသိပညာရှင်များ၏ ကြိုးပမ်းဆောင်ရွက်မှုသည် အထူးလိုအပ်ကြောင်း၊ ယနေ့စစ်ပွဲများတွင် မြေပြင်၊ ဝေဟင်၊ ရေပြင်သာမက အာကာသနှင့် Cyber ကဏ္ဍများ ပါဝင်လာပြီး ဘက်ပေါင်းစုံက စစ်ဆင်တိုက်ခိုက်မှုများ ဆောင်ရွက်လာကြသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် ခေတ်သစ်စစ်ပွဲများကို ရင်ဆိုင်ရန် ခေတ်မီတပ်မတော်တစ်ရပ် တည်ဆောက်သည့်အခါ နည်းပညာတိုးတက်မှုသည် အဓိကအခန်းကဏ္ဍက ပါဝင်လာသည့်အလျောက် ရဲဘော်တို့အနေဖြင့်လည်း စစ်ဘက်နည်းပညာနှင့် သိပ္ပံပညာရပ်များကို မြှင့်တင်ပေးနိုင်ပြီး နိုင်ငံတော်နှင့် တပ်မတော်က အားထားရသည့် သားကောင်းရတနာများ ဖြစ်လာအောင် ကြိုးပမ်းအားထုတ်ဆောင်ရွက်သွားကြရန်လိုကြောင်း။

ယခု သင်ကြားပေးလိုက်သည့် ပညာရပ်များသည် အခြေခံသီအိုရီမျှသာဖြစ်ပြီး ဆက်လက်လေ့လာသုတေသနပြုရန် လိုအပ်သကဲ့သို့ လေ့လာရရှိသည့် ပညာရပ်များကို ကျွမ်းကျင်မှုရှိအောင် လေ့ကျင့်ရန်လည်း လိုအပ်ကြောင်း၊ ထိုသို့ ကျွမ်းကျင်ပြီးပညာရပ်များကို အတွေ့အကြုံများနှင့် ပေါင်းစပ်ကာ လက်တွေ့လုပ်ငန်းများတွင် စနစ်တကျလိုက်နာကျင့်သုံး တီထွင်နိုင်မှု စွမ်းပကားများ တိုးတက်ရရှိလာမည်ဖြစ်ကြောင်း၊ "ကျင့်ဝတ်၊ တီထွင်၊ စွမ်းအားရှင်" ဆိုသည့် တပ်မတော်နည်းပညာတက္ကသိုလ်၏ လမ်းညွှန်ဆောင်ပုဒ်အတိုင်း အရာရာကိုတီထွင်ဖန်တီးလိုသည့် စိတ်ကူးစိတ်သန်းဖြင့် လက်တွေ့အကောင်အထည်ဖော်နိုင်သည့် စွမ်းရည်များရှိရမည့်အပြင် တီထွင်ဖန်တီးမှုရလဒ်များကိုလည်း ကိုယ်ကျင့်တရား ကျင့်ဝတ်နှင့်အညီ လူ့ဘောင်လောကကို ကောင်းကျိုးဖြစ်ထွန်းအောင် အသုံးချနိုင်ရမည်ဖြစ်ကြောင်း။

မိမိတို့တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ဖြစ်သည့်အလျောက် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ရန်၊ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထုအကျိုးကို ကာကွယ်စောင့်ရှောက်ရန်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် လိုအပ်ကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန်အတွက်ဆိုလျှင် တည်ငြိမ်အေးချမ်းရေးသည် အလွန်အရေးကြီးကြောင်း၊ တည်ငြိမ်အေးချမ်းမှုရှိမှသာ တိုင်းရင်းသားအချင်းချင်း ထိတွေ့ဆက်ဆံမှုပိုမိုများပြားလာပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုကိုဖော်ဆောင်နိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံရေးအရ စုစည်းညီညွတ်မှုကိုလည်း တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ တည်ငြိမ်အေးချမ်းမှု၊ စည်းလုံးညီညွတ်မှု၊ နိုင်ငံရေးအရ စုစည်းညီညွတ်မှုများ ရှိလာလျှင် စီးပွားရေးစွမ်းအားများ ဖော်ဆောင်နိုင်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်မှု လျှင်မြန်လာမည်ဖြစ်ကြောင်း။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်ရာတွင် တိုင်းရင်းသားအားလုံးသည် "ပြည်ထောင်စုစိတ်ဓာတ်"ရှိရန်လိုကြောင်း၊ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၏ အခြေခံလိုအပ်ချက်သည်လည်း ပြည်ထောင်စုစိတ်ဓာတ် ခိုင်မြဲရေးပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ဒေသတွင်း မဟာဗျူဟာကျသည့် တည်နေရာကို ပိုင်ဆိုင်ထားပြီး တိုင်းရင်းသားလူမျိုးစုတစ်ရာကျော် စုပေါင်းနေထိုင်ကြသည့်အတွက် တိုင်းရင်းသားအားလုံး ဥမကွဲ သိုက်မပျက်၊ အေးအတူ ပူအမျှ နေထိုင်သွားကြမည်ဟူသော သန္နိဋ္ဌာန်စိတ်ဓာတ်ကို ခိုင်မြဲစွာချမှတ်ထားမှသာ နိုင်ငံတော်၏ အချုပ်အခြာအာဏာ အစဉ်တည်တံ့ခိုင်မြဲနေမည်ဖြစ်ကြောင်း။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်မှအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရဲဘော်တို့အနေဖြင့် တာဝန်ကျရာနေရာ ဒေသအသီးသီးတွင် မိမိတတ်မြောက်ထားသည့် အင်ဂျင်နီယာ အတတ်ပညာရပ်များနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုများတွင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးပြီး ဒေသခံတိုင်းရင်းသားလူမျိုးများကို ပြည်ထောင်စုစိတ်ဓာတ်ရင့်သန်ခိုင်မာလာအောင် စည်းရုံးဆောင်ရွက်သွားကြရန်လိုကြောင်း။

ယနေ့ခေတ်သည် နည်းပညာနှင့် ပတ်သက်လျှင် အလွန်မြင့်မားလာသည့်အတွက် အနာဂတ်ခေတ်မီတပ်မတော်သည် ရဲဘော်တို့ကဲ့သို့ အသိပညာရှင်၊ အတတ်ပညာရှင်များ၏ မျိုးချစ်စိတ်၊ ဇွဲ၊ လုံ့လ၊ ဝီရိယနှင့်တီထွင်ကြိုးစား အားထုတ်မှုအပေါ် မူတည်နေသည်ကို စွဲမြဲယုံကြည်ထားရမည်ဖြစ်ကြောင်း၊ မျက်မှောက်ခေတ်ကာလ၏ ကာကွယ်ရေးနှင့်လုံခြုံရေးစနစ်များသည် နည်းပညာစွမ်းရည်မြင့်မားသာလွန်မှု အင်အားပြုသည့် ခေတ်သစ် ကာကွယ်ရေးစနစ်ပြိုင်ပွဲအသွင်ဖြင့် ယှဉ်ပြိုင်တိုက်ခိုက်နေကြခြင်းဖြစ်ကြောင်း၊ အချိန်ကိုက်၊ နေရာကိုက် ကြိုတင်လက်ဦးမှုရယူ ချေမှုန်းနိုင်ရန် တိကျစွာပစ်ခတ်နိုင်သည့် အဖျက်စွမ်းအားကြီး ခေတ်မီလက်နက်ကိရိယာပစ္စည်းများနှင့် နည်းပညာများပါ ပေါင်းစပ်အသုံးပြုနေကြပြီဖြစ်ကြောင်း။

ယနေ့အချိန်အခါတွင် Globalization ဖြစ်စဉ်နှင့်အတူ မီဒီယာကို အသုံးပြုပြီး စစ်ဆင်တိုက်ခိုက်မှုများကို ဆောင်ရွက်လာကြသကဲ့သို့ Cyber စစ်ဆင်မှုများ ရန်သူမိတ်ဆွေမခွဲခြားဘဲ ဆောင်ရွက်လာကြသည်ကိုတွေ့ရမည်ဖြစ်ကြောင်း၊ မီဒီယာစစ်ဆင်မှုသည် တာဝန်ရှိသူများအပေါ်တွင် အကျပ်အတည်းအခက်အခဲများဖြစ်ပေါ်စေပြီး ယုံကြည်မှုကိုကျဆင်းစေကြောင်း၊ Cyber စစ်ဆင်မှုက အုပ်ချုပ်ရေးယန္တရားကို ကမောက်ကမဖြစ်စေရုံသာမက အတိုက်အခိုက်ခံရသည့်နေရာပေါ် မူတည်ပြီး မမျှော်မှန်းနိုင်သည့် ဆုံးရှုံးမှုများ များစွာဖြစ်ပေါ်စေတတ်ခြင်းကြောင့် အတတ်ပညာရှင်များဖြစ်သည့် ရဲဘော်တို့အနေဖြင့် ဂရုပြုဆောင်ရွက်သွားရန် လိုကြောင်း။

တပ်မတော်၏ စစ်အင်ဂျင်နီယာ ခေါင်းဆောင်ငယ်များအဖြစ် တာဝန်ထမ်းဆောင်ကြရမည့်ရဲဘော်တို့သည် မိမိကွပ်ကဲရမည့် လက်အောက်တပ်ဖွဲ့ဝင်များကို မှန်ကန်သည့်ခေါင်းဆောင်မှုပေးနိုင်ရန်လိုကြောင်း၊ ခေါင်းဆောင်မှု အတတ်ပညာသည် နိုင်ငံတိုင်း၊ လူမျိုးတိုင်းအတွက် အသက်တမျှ အရေးကြီးသည့် လိုအပ်ချက်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ သမိုင်းဖြစ်စဉ်များနှင့် ကမ္ဘာ့နိုင်ငံများ၏ သမိုင်းဖြစ်စဉ်များတွင်လည်း တိုးတက်ဖြစ်ထွန်းခြင်းနှင့် ဆုတ်ယုတ်ပျက်စီးခြင်းအကြောင်းအကျိုးများကိုလေ့လာဆန်းစစ်သည့်အခါ ခေါင်းဆောင်၏ ဦးဆောင်ကွပ်ကဲမှု ကောင်းမွန်ခြင်းနှင့် အားနည်းခြင်းတို့အပေါ် ရာနှုန်းပြည့် တည်မှီနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ စစ်ဘက်ဆိုင်ရာပစ္စည်းကိရိယာများဖြစ်သော ရုပ်ပိုင်းဆိုင်ရာ အားလုံး တောင့်တင်းခိုင်မာလာအောင် ဆောင်ရွက်ရာတွင် အင်ဂျင်နီယာ အတတ်ပညာရှင်များသည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နေသည့်အတွက် အင်ဂျင်နီယာ ပညာရှင်ကောင်းများဖြစ်အောင် ကြိုးစားဆောင်ရွက်သွားကြရန် လိုကြောင်း၊ တပ်မတော်၏ အဓိကတာဝန်များကို ထမ်းဆောင်ရင်း လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန် တတ်မြောက်ထားသော ပညာရပ်များကို တပ်မတော်အတွက်သာမက နိုင်ငံတော်အတွက်ပါ တစ်ထောင့်တစ်နေရာက အသုံးချနိုင်ရန် ကြိုးစားဆောင်ရွက်ကြရန် လိုကြောင်း၊ ခေါင်းဆောင်ကောင်းပီသစွာဖြင့် မှန်ကန်စွာကွပ်ကဲအုပ်ချုပ်၍ အထက်ကပေးအပ်သော အမိန့်နှင့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်ကာ နိုင်ငံတော်နှင့် တပ်မတော်အတွက် အားထားရသော အင်ဂျင်နီယာ အရာရှိကောင်းများဖြစ်ရန် ကြိုးပမ်းဆောင်ရွက်သွားရန် လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဗိုလ်လောင်းတပ်ရင်းများ၏ အလေးပြုခြင်းကိုခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် တပ်မတော်နည်းပညာတက္ကသိုလ်ကျောင်းဌာနချုပ် ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းသုံးဦးနှင့်၎င်းတို့၏ မိဘများအား တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်နည်းပညာတက္ကသိုလ်၏ SCIENCE AND TECHNOLOGY EXHIBITION 2014 သို့ သွားရောက်ကြည့်ရှုလေ့လာသည်။ ထိုပြပွဲတွင် Energy Technology၊ Numeric Control Technology၊ Hydraulic Technology၊ Ship Design and Construction Technology၊ Unmanned Vehicle Technology၊ Control Technology နှင့် Chemical Technology ပြခန်းများ ပြသထားပြီး သက်ဆိုင်ရာ နည်းပြများက ပုံစံငယ်များဖြင့် လက်တွေ့သရုပ်ပြကာ ရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

## ပြည်တွင်းသတင်း



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၂၅)ကြိမ်မြောက် အာဆီယံ-ကိုရီးယားဆက်ဆံရေးအထိမ်းအမှတ် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

* ရွှေဖုံးမှ

အစည်းအဝေး ပထမပိုင်းတွင် နိုင်ငံတော်သမ္မတက မိန့်ခွန်းပြောကြားရာ၌ ၁၉၈၉ ခုနှစ်မှ စတင်ခဲ့သော ဆွေးနွေးဖက်ဆက်ဆံရေးသည် အပြန်အလှန်ယုံကြည်မှု၊ လေးစားမှုနှင့် ဘက်စုံပူးပေါင်းဆောင်ရွက်မှုတို့အပေါ် အခြေပြုပြီး အနှစ်သာရပြည့်ဝသည့် အောင်မြင်မှု၊ တိုးတက်မှုများနှင့်အတူ ရင့်ကျက်လာသည်ကိုမြင်တွေ့ရသည့်အတွက် အားရမိပါကြောင်း၊ ယခုနှစ်သည် ကိုရီးယားသမ္မတနိုင်ငံမှ အာဆီယံဒေသတွင်း ဖိုရမ်ကို ဝင်ရောက်ခဲ့သောနှစ်(၂၀)ပြည့် အထိမ်းအမှတ်နှင့် အရှေ့တောင်အာရှ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး စာချုပ်သို့ ဝင်ရောက်ခဲ့သော ဆယ်နှစ်ပြည့် အထိမ်းအမှတ်တို့နှင့် တိုက်ဆိုင်နေသည့်အတွက် အာဆီယံ-ကိုရီးယား ဆွေးနွေးဖက်ဆက်ဆံရေးတွင် ထူးခြားသည့်နှစ်တစ်နှစ်ဖြစ်ပါကြောင်း။

**ထိပ်သီး အစည်းအဝေး၏ ဆောင်ပုဒ်နှင့်အညီ "ယုံကြည်မှု တည်ဆောက်ခြင်း၊ ပျော်ရွှင်မှုဖော်ဆောင်ခြင်း"တို့၏ အရေးပါမှုကို အလေးအနက်ထားရန် ပြောကြားလိုပါကြောင်း၊ ယုံကြည်မှုသည် ငြိမ်းချမ်းရေးအတွက် အဖိုးတန်ပြီး ရေရှည်တည်တံ့သည့် ပျော်ရွှင်မှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးတည်ဆောက်ရေးအတွက် မရှိမဖြစ်လိုအပ်သည်ဟု ယုံကြည်ပါကြောင်း။**

မိမိအနေဖြင့် ငြိမ်းချမ်းရေးနှင့် ကြွယ်ဝချမ်းသာရေးဆိုင်ရာ အာဆီယံ-ကိုရီးယား မဟာဗျူဟာကျသည့် ပူးပေါင်းဆောင်ရွက်ရေး ပူးတွဲကြေညာချက်နှင့် ၎င်း၏ ၂၀၁၁-၂၀၁၅ ခုနှစ်လုပ်ငန်းအစီအစဉ်တို့ကို အပြည့်အဝကောင်အထည်ဖော်ရန် ထပ်လောင်း ကတိကဝတ်ပြုရမည်ဖြစ်ပါကြောင်း၊ လက်ရှိလုပ်ငန်းအစီအစဉ်သည် မကြာမီကုန်ဆုံးတော့မည်ဖြစ်သည့်အတွက် ၂၀၁၆-၂၀၂၀ ခုနှစ် လုပ်ငန်းအစီအစဉ်အတွက် ပူးပေါင်းဆောင်ရွက်ပြီး မဟာဗျူဟာကျသည့် ပူးပေါင်းဆောင်ရွက်မှုပိုမိုမြှင့်တင်ရေး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတွင် ၂၀၂၀ ခုနှစ်၌ အာဆီယံ-ကိုရီးယားကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀၀ ပြည့်မီရန်အတွက် မိမိတို့အနေဖြင့် ကြိုးပမ်းအားထုတ်မှုကို နှစ်ဆမြှင့်တင်သွားရမည်ဖြစ်ပါကြောင်း။

**မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်ရေးသည် ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်ကျဉ်းမြောင်းစေရန်၊ ဒေသတွင်း ပေါင်းစည်းဆက်နွှယ်မှုမြှင့်တင်ရန်၊ စီးပွားရေးပေါင်းစည်းမှုနှင့် အာဆီယံအသိုက်အဝန်းတည်ထောင်ရေးတို့တွင် အရေးပါသည်ဟု ခံယူပါကြောင်း။**

အာဆီယံအသိုက်အဝန်း ထူထောင်ရေးနှင့် အာဆီယံပေါင်းစည်း ဆက်နွှယ်ရေးတို့နှင့် ပတ်သက်၍ အာဆီယံနှင့် ကိုရီးယားနိုင်ငံတို့သည် အာဆီယံပေါင်းစည်း ဆက်သွယ်ရေး မဟာစီမံကိန်းအကောင်အထည်ဖော်ရန် အလားအလာရှိသည့် ပူးပေါင်းဆောင်ရွက်မှုများ ရှာဖွေရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများအပေါ် ကျေနပ်အားရမိပါကြောင်း။

**ပညာရေးသည် အနာဂတ်မျိုးဆက်သစ်များအတွက် အရေးကြီးသည့်ကိစ္စဖြစ်သည့်အတွက် မိမိအနေဖြင့် အာဆီယံနှင့်ကိုရီးယား နိုင်ငံအကြား ပညာရေးဖလှယ်မှု အစီအစဉ်များကို မြှင့်တင်သွားရန် တိုက်တွန်းလိုပါကြောင်း။**

အာဆီယံ-ကိုရီးယား မဟာဗျူဟာကျသည့် မိတ်ဖက်ပြုမှု ထိန်းသိမ်းမြှင့်တင်နိုင်ရန်အတွက် မိမိတို့၏စိုးရိမ်မကင်းဖြစ်ရသည့် ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရန်နှင့် မိမိတို့၏တူညီသည့် အကျိုးစီးပွားဖြစ်သော ဒေသတွင်းအေးချမ်းရေးနှင့် သာယာဝပြောရေးအတွက် အတူတကွနီးကပ်စွာပူးပေါင်းဆောင်ရွက်သွားရန်ဖြစ်ပါကြောင်း။

ယုံကြည်မှု တည်ဆောက်ရေး လုပ်ငန်းစဉ်မှတစ်ဆင့် ကိုရီးယားကျွန်းဆွယ်နှင့် အရှေ့မြောက်အာရှတွင် ရေရှည်အေးချမ်း သာယာရေးနှင့် ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်သည့် ကိုရီးယားနိုင်ငံ၏ ကိုရီးယားကျွန်းဆွယ် ယုံကြည်မှု တည်ဆောက်ရေး လုပ်ငန်းစဉ်နှင့် အရှေ့မြောက်အာရှ အေးချမ်းသာယာရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဦးဆောင်ဦးရွက်ပြုမှုကို ကြိုဆိုအားပေးပါကြောင်းဖြင့် ထည့်သွင်းပြောကြားခဲ့သည်။

မွန်းလွဲပိုင်းတွင် ထိပ်သီးအစည်းအဝေး ဒုတိယပိုင်းကို ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အဖွင့်မိန့်ခွန်းပြောကြားကာ သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာနှင့် အထွေထွေကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေး ဒုတိယပိုင်းတွင် နိုင်ငံတော်သမ္မတက အဖွင့်မိန့်ခွန်း ပြောကြားရာ၌ သမားရိုးကျနှင့် သမားရိုးကျမဟုတ်သည့် လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများကို အားလုံးစိုးရိမ်မကင်းဖြစ်မှုများမှာအရေးတကြီး ဖြေရှင်းရန် လိုအပ်နေပါကြောင်း။

**အာရှ-ပစိဖိတ်ဒေသသည် ရာသီဥတုပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုကို များစွာခံစားနေရပါကြောင်း၊ နေပြည်တော်၌ ကျင်းပသည့် (၂၅)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေး၌ အာဆီယံ၏ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ပူးတွဲကြေညာချက်ကိုလည်းကောင်း၊ (၉)ကြိမ်မြောက် အရှေ့အာရှ ထိပ်သီးအစည်းအဝေး၌ သဘာဝဘေးအန္တရာယ် လျင်မြန်စွာတုံ့ပြန်မှုဆိုင်ရာ အရှေ့အာရှထိပ်သီးအစည်းအဝေး လမ်းညွှန်ချက်ကိုလည်းကောင်း၊ တတိယအကြိမ်မြောက် အာဆီယံ-အမေရိကန် ထိပ်သီးအစည်းအဝေး၌ အာဆီယံ-အမေရိကန် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ပူးတွဲကြေညာချက်ကိုလည်းကောင်း ထုတ်ပြန်ခဲ့ပါကြောင်း။**

အာဆီယံ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး မြှင့်တင်မှုကြေညာချက်တွင် ပါရှိသည့်အတိုင်း ဤဒေသကို သဘာဝဘေး အန္တရာယ်ခံနိုင်ရည်ရှိသည့် လူမှုအသိုက်အဝန်းတစ်ခုအဖြစ် အမြန်ဆုံးတည်ဆောက်သွားရန် လိုအပ်ပါကြောင်း၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုသည် မြန်မာနိုင်ငံ၏ အာဆီယံဥက္ကဋ္ဌတာဝန်ယူချိန်တွင် ဦးစားပေးကဏ္ဍတစ်ရပ်လည်းဖြစ်ပါကြောင်း။

အာဆီယံ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု ညှိနှိုင်းရေးဗဟိုဌာန၏ လုပ်ငန်းအပြည့်အဝလည်ပတ်ရေးအတွက် နည်းပညာအကူအညီပေးရန် ကိုရီးယားနိုင်ငံအား တိုက်တွန်းလိုပါကြောင်း၊ အာဆီယံနှင့် ကိုရီးယားနိုင်ငံတို့သည် ပင်လယ်ရေကြောင်း လုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို မြှင့်တင်ရမည်ဖြစ်ပါကြောင်း၊ သမားရိုးကျမဟုတ်သည့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များသည် မိမိတို့အားလုံးကို ခြိမ်းခြောက်နေသည့်အတွက် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန် စဉ်းစားကြရန် လိုပါကြောင်း။

**အစွန်းရောက် အကြမ်းဖက်မှုသည် ဒေသတွင်းနှင့် ကမ္ဘာ့အသိုက်အဝန်း၏ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် လုံခြုံရေးတို့ကို ခြိမ်းခြောက်လာသည့်အတွက် အတူတကွပူးပေါင်းပြီးဖြေရှင်းသွားရန် အရေးပေါ်လိုအပ်နေပါကြောင်း၊ အီရတ်နှင့် ဆီးရီးယားတို့၌ရှိသည့် အစွန်းရောက် အကြမ်းဖက်အဖွဲ့အစည်းများက ကျူးလွန်နေသည့် အကြမ်းဖက်မှုနှင့် ရက်စက်ကြမ်းကြုတ်မှုများကို နိုင်ငံအားလုံးက အပြည်ပြည်ဆိုင်ရာ ဥပဒေနှင့် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းနှင့်အညီ ဝိုင်းဝန်းပူးပေါင်း တိုက်ဖျက်ရန် (၉)ကြိမ်မြောက် အရှေ့အာရှထိပ်သီး အစည်းအဝေး၌ ကြေညာချက်ထုတ်ပြန်ခဲ့ခြင်းဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။**

ထိပ်သီးအစည်းအဝေးအပြီးတွင် နိုင်ငံတော်သမ္မတနှင့် အာဆီယံ နိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် ကိုရီးယားသမ္မတ မဒမ် ပတ်ဂွန်ဟေးတို့သည် ဘက်စ်ကို ကွန်ဗင်းရှင်းခန်းမ ပထမထပ်၌ ခင်းကျင်းပြသထားသော Special Exhibition on Public Governance ကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် Nurimaru APEC House ၌ ကိုရီးယားနိုင်ငံသမ္မတ မဒမ်ပတ်ဂွန်ဟေး တည်ခင်းဧည့်ခံသည့် နေလယ်စာ စားပွဲသို့ တက်ရောက်ခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ကိုရီးယားသမ္မတနိုင်ငံ သမ္မတတို့သည် ဘက်စ်ကို ကွန်ဗင်းရှင်းခန်းမ၌ ပူးတွဲသတင်းစာရှင်းလင်းပွဲတစ်ရပ် ပြုလုပ်ခဲ့ပြီး အာဆီယံ-ကိုရီးယား ဆက်ဆံရေးအထိမ်းအမှတ် ထိပ်သီးအစည်းအဝေးတွင် ဆွေးနွေးခဲ့သည့်အချက်များ၊ ဆုံးဖြတ်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

**(သတင်းစဉ်)**




နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မဒမ်ပတ်ဂွန်ဟေးတို့ ပူးတွဲသတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

## တစ်ပြည်လုံးတွင် သာယာမည်

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတွင် အများအားဖြင့်သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့်ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့်သာယာမည်။

ပြည်တွင်းသတင်း

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဒေဝူးအင်တာနေရှင်နယ်ကုမ္ပဏီဥက္ကဋ္ဌက တည်ခင်းဧည့်ခံသော ညစာစားပွဲတက်ရောက်



**ဘူဆန် ဒီဇင်ဘာ ၁၂**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ ဒေသစံတော်ချိန် ည ၈နာရီ တွင် ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့ရှိ Westin Chosun ဟိုတယ်၌ ဒေဝူးအင်တာနေရှင်နယ် ကုမ္ပဏီဥက္ကဋ္ဌက တည်ခင်းဧည့်ခံသော ညစာစားပွဲ သို့ တက်ရောက်သည်။ **(ယာပုံ)**

အဆိုပါညစာစားပွဲသို့ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများလည်း တက်ရောက်ကြသည်။

**(သတင်းစဉ်)**

❍ *ကျောဖုံးမှ*

လွှဲပြောင်းခံရသူ အသုံးချပိုင်ခွင့် အမည်ပေါက်ရရှိရန်အတွက်မူ ဌာန ဆိုင်ရာ တည်ဆဲဥပဒေ၊ လုပ်ထုံး လုပ်နည်းများဖြင့် စိစစ်ပြီး ရုံးပိုင်း ဆိုင်ရာလုပ်ငန်းစဉ်များကို လုံ လောက်သည့် ကာလအပိုင်းအခြား သတ်မှတ်၍ ဆက်လက်ဆောင်ရွက် ရန်ဖြစ်ပါကြောင်း၊ ရှင်းလင်း ဆောင်ရွက်မှုများ ဆောလျင်စွာ ပြီးပြတ်နိုင်ရေးအတွက် မြေပြင် ကွင်းဆင်း ဆောင်ရွက်လျက်ရှိသော မြေအသုံးချမှု စီမံခန့်ခွဲရေးကော် မတီ အသီးသီးက ကာယကံရှင် ပြည်သူများနှင့် အမြဲမပြတ်တိုက် ရိုက်ထိ တွေ့ဖြေရှင်းပေးရန် ဖြစ်ပါ ကြောင်း၊ ကော်မတီများ စွမ်း ဆောင်ရည် အားနည်းမှုကြောင့် မလိုလားအပ်သည့် နှောင့်နှေးကြန့် ကြာမှုများ၊ လူထုအားမလိုအားမရ ဖြစ်မှုများကို မဖြစ်ပွားရလေအောင် အဆင့်ဆင့် ကြပ်မတ်ဆောင်ရွက် ကြရန် ဖြစ်ပါကြောင်း။

နိုင်ငံတော်က ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်မှု ရေတိုရေရှည် စီမံကိန်းများ ချမှတ်၍ ဝန်ကြီးဌာန အသီးသီးနှင့် တိုင်းဒေသကြီး၊ ပြည် နယ်အစိုးရအဖွဲ့များအကြား ဆက် စပ်ဆောင်ရွက်စေလျက်ရှိရာ ဒေသခံ ပြည်သူများ၏ အားပေးထောက်ခံမှု နှင့် တက်ကြွစွာ ပါဝင်ပူးပေါင်း ဆောင်ရွက်မှုသည် အောင်မြင်မှု အတွက် အဓိကကျပါကြောင်း။

သတင်းအချက်အလက်များကို လူထုအတွင်း လွတ်လပ်စွာစီး ဆင်းစေခြင်းဖြင့် လုပ်ငန်းစဉ်များ အပေါ် လူထုယုံကြည်မှု၊ ဝေဖန် အကြံပြုမှု၊ ပူးပေါင်းဆောင်ရွက်မှု များ ရရှိလာစေရေး ကြိုးပမ်းသွား ကြရန် ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့ သည်။

ယင်းနောက် တိုင်းဒေသကြီး မြေအသုံးချမှု စီမံခန့်ခွဲရေး ကော် မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများ၊ တိုင်း ဒေသကြီးအတွင်း မြေယာပိုင်ဆိုင် မှုဆိုင်ရာ တိုင်ကြားစာများနှင့် ယင်း ကိစ္စရပ်များအပေါ် ဖြေရှင်းဆောင် ရွက်ပေးနိုင်ခဲ့မှုများကို ရှင်းလင်း တင်ပြသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဇံမြင့်က မြေယာကိစ္စရပ်များ နှင့်သက်ဆိုင်သည့် ဥပဒေအကြောင်း အရာ၊ လုပ်ထုံးလုပ်နည်းများအပေါ် ဆွေးနွေးတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတ သည် အခမ်းအနားသို့ တက်ရောက် လာကြသော မြေယာလက်ဝယ် အရောက် ပြန်လည်လက်ခံရရှိခဲ့သည့် ဒေသခံတောင်သူများအား ရင်းရင်း နှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် အဖွဲ့ဝင်များနှင့် အတူ မြန်မာ-ထိုင်းနယ်စပ် ကုန် သွယ်ရေးစခန်းဖြစ်သည့် ထီးခီး နယ်စပ် ကုန်သွယ်ရေးစခန်းသို့ ရောက်ရှိပြီး ကုန်သွယ်ရေးစခန်း အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး သည်။

ဒုတိယသမ္မတအား ရှင်းလင်း ဆောင်တွင် ထီးခီးနယ်စပ်ကုန်သွယ် ရေးစခန်းမှ တာဝန်ရှိသူများက နယ်စပ်ကုန်သွယ်ရေးစခန်းအတွင်း ကုန်စည်ဖြတ်သန်းစီးဆင်းမှု၊ ပို့ကုန် သွင်းကုန်လုပ်ငန်းများဆောင်ရွက် နေမှု၊ ကုန်စည်စီးဆင်းမှုများအပေါ် အခွန်ကောက်ခံ ဆောင်ရွက်နေမှု များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင် ပြကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် နှင့် ဒုတိယဝန်ကြီးဦးဟံစိန်တို့က ထပ်မံဖြည့်စွက် ရှင်းလင်းတင်ပြကြ သည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ထီးခီးနယ်စပ် ကုန်သွယ်ရေး စခန်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ထီးခီး (အလယ်စတို)စခန်းသို့ ရောက်ရှိ ကြသည်။

ထို့နောက် အစည်းအဝေးခန်းမ တွင် ဒုတိယသမ္မတက အမှာစကား ပြောကြားရာ၌ ထီးခီးဒေသသည် ကောင်းမွန်သည့် အခြေခံကောင်း များကို ပိုင်ဆိုင်ထားပြီး လမ်းပန်း ဆက်သွယ်ရေးလည်း ချောမွေ့ ကောင်းမွန်ပါကြောင်း။

ယခုဒေသအတွင်းဖောက်လုပ် ထားသည့် လမ်းမကြီးသည် တစ် ဖက်နိုင်ငံသို့တိုင် ရောက်ရှိပြီးဖြစ် သည့်အတွက် ဖွံ့ဖြိုးရေးတံခါး ပေါက်အနေဖြင့် အဆင်သင့်ဖြစ် နေပြီဖြစ်ရာ ယင်းအခွင့်အလမ်း ပေါ်တွင် အကျိုးရှိရှိအသုံးချသွားရန် လိုအပ်ပါကြောင်း၊ ရေတိုအားဖြင့် အလုပ်သမားများများအသုံးပြုရသည့် စက်ရုံများတည်ဆောက်ကာ အလုပ် အကိုင်အခွင့်အလမ်းများ ပေါ် ပေါက်လာစေရန်ဖန်တီးပေးကြရန် ဖြစ်ပါကြောင်း၊ မြေဧကအနည်းငယ် အသုံးပြုကာ အလွယ်တကူစတင် ထူထောင်နိုင်မည့် လုပ်ငန်းများ ဆောင်ရွက်မည်ဆိုပါက ဒေသ အတွင်းရှိ ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းကောင်း များ ပေါ်ထွန်းလာအောင် ဆောင် ရွက်နိုင်မည်ဖြစ်ပါကြောင်း။

ဒေသအတွင်းရှိ သွေးချင်းညီ အစ်ကိုမောင်နှမများအတွက် တင့် တောင့်တင့်တယ် အလုပ်အကိုင် အခွင့်အလမ်းများကို မိမိတို့အနေ ဖြင့် ဖန်တီးပေးလိုပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် မိမိ နေရာဒေသမဟုတ်ဘဲ တစ်ဖက်နိုင်ငံ တွင်သွားရောက် အလုပ်လုပ်ကိုင် နေကြသူများသည်လည်း ရရှိမည့် အခွင့်အရေးချင်းတူညီမည်ဆိုပါက မိမိနိုင်ငံသို့ ပြန်၍သာ အလုပ်လုပ် ကြမည်ဖြစ်ပါကြောင်း၊ ထို့အတွက် ရေတိုအားဖြင့် အဆိုပါ အလုပ်အကိုင် အခွင့်အလမ်းများကို မြန်ဆန်စွာ အကောင်အထည်ဖော်ဆောင်ရွက် ပေးလိုပါကြောင်း။

ရေရှည်အတွက် ဒေသကြီး တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာစေရန် နှစ်တို၊ နှစ်ရှည် စီမံချက်များချမှတ် ကာ တစိုက်မတ်မတ်ဆောင်ရွက်ပေး သွားကြရမည်ဖြစ်ပါကြောင်း။

ဤဒေသတွင် ဖွံ့ဖြိုးတိုးတက် ရေး အခြေခံကောင်းများရှိပြီးဖြစ်ရာ ဖော်ထုတ် အသုံးပြုနိုင်မည့် စွမ်းရည် ဗီဇများလည်း ပေါ်ပေါက်လာစေရန် အားထုတ်ကြိုးပမ်းသွားကြမည် ဆိုပါ က မဖြစ်နိုင်စရာ မရှိပါကြောင်း၊ စီးပွားရေးဖွံ့ဖြိုးမှုများ ဆောင်ရွက် ရာတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ၊ နိုင်ငံသားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် သတ်မှတ်ပြဋ္ဌာန်းထား သော ဥပဒေများနှင့်အညီ လုပ်ငန်း များကို ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါကြောင်း။

စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး အတွက် တည်ငြိမ်အေးချမ်းရေး သည် ကျောထောက်နောက်ခံအဖြစ် မဖြစ်မနေ လိုအပ်ပါကြောင်း၊ စီးပွား ရေးဖွံ့ဖြိုးတိုးတက်မှုနှင့် တည်ငြိမ် အေးချမ်းရေးတို့သည် ဒင်္ဂါးတစ်ချပ် ၏ ခေါင်းနှင့် ပန်းပင်ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်လာသည်နှင့် အမျှ ရေရှည်တည်ငြိမ်အေးချမ်းသည့် ဒေသကြီးအဖြစ် ပေါ်ပေါက်လာ စေရန် ဝိုင်းဝန်းဆောင်ရွက်သွား ရေးကို တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက ထီးခီး ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အတွင်းပူးပေါင်းဆောင် ရွက်မှုဆိုင်ရာများ၊ ဒေသအတွင်း အလုပ်အကိုင်အခွင့်အလမ်းကောင်း များ ပေါ်ပေါက်လာမှုများ၊ နယ်စပ် ဝင်ထွက်ဂိတ်များတွင် တာဝန်ချ ထားမှု၊ ပို့ကုန်သွင်းကုန်အခြေအနေ နှင့် နယ်စပ်ဖြတ်သန်းခရီးထား များ၊ လျှပ်စစ်မီးရရှိစေရန် ဆောင် ရွက်ထားရှိမှုများကို ရှင်းလင်းတင် ပြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက တိုင်း ဒေသကြီးအတွင်း ငြိမ်းချမ်းတည် ငြိမ်စွာဖွံ့ဖြိုးတိုးတက်လာမှု၊ ယင်း သို့ ဖွံ့ဖြိုးတိုးတက်လာစေရေး အတွက်ဒေသအတွင်းရှိအဖွဲ့အစည်း များအနေဖြင့် ပူးပေါင်းဆောင်ရွက် နေမှုနှင့် အိမ်နီးချင်းထိုင်းနိုင်ငံသို့ မြန်မာနိုင်ငံသားများ တရားဝင်သွား ရောက် အလုပ်လုပ်ကိုင်နိုင်ရေး ဆိုင်ရာများအပေါ် ရှင်းလင်းတင်ပြ ရာ ဒုတိယသမ္မတက လိုအပ်သည် များကို ဖြည့်ဆည်းညှိနှိုင်းဆောင် ရွက်ပေးသည်။

ညနေပိုင်းတွင် ဒုတိယသမ္မတ သည် တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့သို့ ရောက်ရှိခဲ့ပြီး ကျွန်းစု မြို့နယ် ဆိပ်ခံတံတားကို သွား ရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ် သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ထို့နောက် ဒုတိယသမ္မတသည် ကတ္တလူကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၌ လူထုဗဟို ပြုစီမံကိန်းအဖွဲ့ဝင်များအား တွေ့ဆုံ ပြီး ဖွံ့ဖြိုးမှု လုပ်ဆောင်ချက်များကို ရင်းရင်းနှီးနှီး မေးမြန်းဆွေးနွေးခဲ့ သည်။

ထို့နောက် ကျောင်းအုပ်ဆရာ မကြီး ဒေါ်လှဝင်းနှင့်တာဝန်ရှိသူ များက ကျောင်းဆောင်အဆင့်မြှင့် တင်ရေးနှင့် နှစ်ထပ်ကျောင်းဆောင် သစ်ဆောက်လုပ်ရေးဆိုင်ရာ ကိစ္စရပ် များကို တင်ပြကြသည်။

ဒုတိယသမ္မတက တင်ပြချက် များအပေါ် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ကျောင်းဆောင် ယိုယွင်းပျက်စီးနေမှုကို လှည့်လည် ကြည့်ရှုစစ်ဆေးကာ မွမ်းမံပြင် ဆင်ရေးအတွက် မှာကြားခဲ့သည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် အောင်တော်မူ သာသနာ့ရိပ်သာကျောင်းတိုက်သို့ ရောက်ရှိပြီး ကျောင်းတိုက်ဆရာ တော် ကမ္မဋ္ဌာနာ စရိယဘဒ္ဒန္တ ဣန္ဒောဘာသအား ဖူးမြော်ကြည် ညိုကြပြီး လှူဖွယ်ဝတ္ထုများ ဆက် ကပ်လှူဒါန်းခဲ့ကြသည်။

**(သတင်းစဉ်)**

❖ *ရှေ့ဖုံးမှ*

မြန်မာ့အလင်းအဖွဲ့က တွေ့ဆုံ မေးမြန်းခဲ့သည်။

ဒလမြို့နယ်ဗညားဒလရပ်ကွက် မှ ရန်ကုန်ပညာရေးတက္ကသိုလ်သို့ ကျောင်းတက်နေသည့် ဒုတိယနှစ် ကျောင်းသူ မသက်မှူးပိုင်က "အခု လိုလူကူးခုံးကျော်တံတားကြီးတည် ဆောက်ပေးတဲ့အတွက် များပြားတဲ့ ကားတွေကြားမှာနေ့စဉ် ရင်တ ထိတ်ထိတ်နဲ့ လမ်းကူးရတဲ့ဘဝက လွတ်ကင်းသွားပါပြီ။ ဝမ်းသာပါ တယ်" ဟု ဆိုခဲ့သည်။

ဒေးဒရဲမြို့နယ်မှ ဒလ၊ ဒလ မြို့နယ်မှရန်ကုန်မြို့သို့ ဆေးလာ ကုသည့် အသက် ၇၀ ကျော်အရွယ် ရှိ အဘဦးမြအောင်က "မကြာခဏ ရန်ကုန်မှာ ဆရာဝန်လာပြရတယ်၊ လာတိုင်းရှုပ်ထွေးနေတဲ့ ကားတွေ ကြားမှာ လမ်းကူးရတာကြောက် တယ်။ အခုလို လူကူးခုံးကျော်တံတား ဆောက်ပေးတော့ လမ်းကူးတဲ့ သူတွေအားလုံး အဆင်ပြေသွားပြီ။ ကျေးဇူးတင်ပါတယ်" ဟု ဆိုခဲ့သည်။

ဒလမြို့နယ် ဘုရင့်နောင်ရပ် ကွက်မှ ပန်းဆိုးတန်းမှတ်တိုင်၌ ဈေးလာရောင်းသော မယမင်းသူက "ကျွန်မက ပန်းဆိုးတန်းမှတ်တိုင်မှာ ဈေးရောင်းတာပါ။ ဒီလို ပစ္စည်းတွေနဲ့ လမ်းကျယ်ကြီးနှစ်ခုကို ကူးရတာ မ လွယ်ပါဘူး။ အခုတော့စက်လှေကား နဲ့အဆင်ကိုပြေလို့" ဟု ဆိုခဲ့သည်။

ဒလမြို့နယ် ရာဇသင်္ကြန် ရပ် ကွက်မှ ပန်းဆိုးတန်းရှိ မြန်မာ့စီးပွား ရေးဘဏ်ကြီး တစ်ခုတွင် တာဝန် ထမ်းဆောင်သော ဒေါ်ဥမ္မာက "အခု တော့လမ်းကူးရတာ ဣန္ဒြေရရနဲ့ကူး လို့ရပြီ။ မျဉ်းကျားပေမယ့် ကားတွေ ကရပ်ပေးတာ မဟုတ်ဘူး။ အပြေး အလွှား ကူးရတာ။ တံတားဆောက် ပေးတဲ့အတွက် တကယ့်ကို ကျေးဇူး တင် ဖို့ကောင်းတယ်" ဟု ဆိုသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့၏ လမ်းညွှန်မှုနှင့်အတူ ရန်ကုန် မြို့တော် စည်ပင်သာယာရေးကော် မတီ(လမ်းတံတားဌာန)က တာဝန် ယူ၍ ကုမ္ပဏီများနှင့် ပူးပေါင်းကာ ခရီးသွား ပြည်သူများအတွက် လူ ကူးတံတားများ တည်ဆောက်ပေး လျက်ရှိရာ မကြာမီသောအချိန် အ တွင်း ကမ္ဘာအေးဘုရားနှင့် ဂမုန်းပွင့် စင်တာရှေ့ရှိ လူကူးခုံးကျော်တံတား ကို ဖွင့်လှစ်နိုင်တော့မည်ဖြစ်ပြီး လမ်းမတော် မြို့နယ်ကမ်းနားလမ်း၊ လမ်းသစ်လမ်းနှင့် မဟာဗန္ဓုလလမ်း ဆုံ၌လည်း လူကူးခုံးကျော်တံတား တစ်စင်း ထပ်မံပေါ်ပေါက်လာဦး တော့မည်ဖြစ်သည်။

# ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး(၂/၂၀၁၄)အောင်မြင်စွာကျင်းပပြီးစီး

**ရန်ကုန် ဒီဇင်ဘာ ၁၂**

ပထမအကြိမ် ရန်ကုန်တိုင်း ဒေသကြီးလွှတ်တော်အထူးအစည်း အဝေး (၂/၂၀၁၄) သတ္တမနေ့ကို တိုင်းဒေသကြီးလွှတ်တော် ရုံးခန်းမ ၌ ယနေ့ နံနက် ၁၀နာရီက ကျင်းပ ခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ လွှတ်တော်ဥက္ကဋ္ဌ ဦးစိန် တင်ဝင်းနှင့် လွှတ်တော်ကိုယ်စား လှယ်များ တက်ရောက်ခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက တိုင်းဒေသကြီး လွှတ်တော်တွင် တက်ရောက်ခွင့်ရှိ သူ ၁၂၂ ဦးအနက် ၁၁၄ ဦးတက် ရောက်သဖြင့် ၉၃ ဒသမ ၄၄ ရာခိုင် နှုန်းဖြစ်၍ အစည်းအဝေးအထ မြောက်ကြောင်းနှင့် စတင်ကျင်းပ ကြောင်း ကြေညာသည်။

ဆက်လက်၍ တိုင်းဒေသကြီး လွှတ်တော်သို့ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်များက ကြယ်ပွင့်ပြထားသော မေးခွန်း ခြောက်ခုကို မေးမြန်းခဲ့ရာ သက် ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့ အစည်းဝင်များက ဖြေကြားခဲ့သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသ ကြီးအစိုးရအဖွဲ့၏ **"ရန်ကုန်တိုင်း ဒေသကြီး ပုဂ္ဂလိကမော်တော်ယာဉ် များ စနစ်တကျပြေးဆွဲရေးဥပဒေ ကြမ်း"** ကို လွှတ်တော်ကိုယ်စား လှယ်များက ဆွေးနွေးခြင်း၊ တိုင်း ဒေသကြီးအဆင့် အဖွဲ့အစည်းဝင် များက ပြန်လည်ရှင်းလင်းဆွေးနွေး ခြင်း၊ အဆိုတင်သွင်းခြင်း၊ ထောက်ခံ ခြင်းများနှင့် လွှတ်တော်၏ ဆန္ဒရ ယူခြင်းများဆောင်ရွက်ပြီးအတည် ပြုဆောင်ရွက်ခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး လွှတ်တော်သို့တင်သွင်းသော **"ဒဂုံ မြို့သစ် (မြောက်ပိုင်း၊ တောင်ပိုင်း၊ အရှေ့ပိုင်း၊ ဆိပ်ကမ်း) မြို့နယ်များ အား မြို့ပြအဆင့်ဖွံ့ဖြိုးမှုဖြစ်အောင် စီမံချက်ချ ဆောင်ရွက်ပေးနိုင်ရန် တိုက်တွန်းကြောင်း"** အဆိုနှင့် **"ရန်ကုန်တိုင်း ဒေသကြီးအတွင်း အနိုပ်ခန်းများကို ဥပဒေစည်းမျဉ်း၊ စည်းကမ်းများပြဋ္ဌာန်းပြီး တရား ဝင်ခွင့်ပြုပေးပါရန် တိုက်တွန်း ကြောင်း"** အဆို(၂)ရပ်အား လွှတ် တော် ကိုယ်စားလှယ်များက ဆွေး နွေးခြင်း၊ သက်ဆိုင်ရာတိုင်းဒေသ ကြီးအဖွဲ့အစည်းဝင်များက ရှင်းလင်း ခြင်း၊ လွှတ်တော်မှ အဆို(၂)ရပ် အားမှတ်တမ်းတင်ခြင်းများဆောင် ရွက်သည်။

ထို့နောက် ပထမအကြိမ်ရန်ကုန် တိုင်းဒေသကြီးလွှတ်တော် အထူး အစည်းအဝေး (၂/၂၀၁၄)သတ္တမ နေ့ ကိုမွန်းလွဲ ၂နာရီခွဲက အောင်မြင် စွာ ကျင်းပပြီးစီးခဲ့ကြောင်း သိရသည်။

**(တိုင်းဒေသကြီးပြန်/ဆက်)**



**ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်အထူးအစည်းအဝေးကျင်းပစဉ်။**

(တိုင်းဒေသကြီး ပြန်/ဆက်)

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

# ပုဂံ-ကျောက်ပန်းတောင်း ရထားလမ်းပိုင်း၌ ကမ္ဘာလှည့်ခရီးသည်များ စိတ်ဝင်စားသော ရေနွေးငွေ့စက်ခေါင်းဖြင့် ရထားစတင်ပြေးဆွဲ

**နေပြည်တော် ဒီဇင်ဘာ ၁၂**

ကမ္ဘာလှည့်ခရီးသည်များစိတ်ဝင်စားသော ရေနွေးငွေ့စက်ခေါင်းဖြင့် ပုဂံ-ကျောက်ပန်းတောင်း ရထားလမ်းပိုင်းတွင် လူစီးရထား စတင်ပြေးဆွဲခြင်း အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ညောင်ဦးမြို့နယ်ရှိ ပုဂံဘူတာ၌ ကျင်းပရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းငွေး၊ မြန်မာ့မီးရထားမှ တာဝန်ရှိသူများ၊ မင်္ဂလာရှုခင်း ခရီးသွားလုပ်ငန်းကုမ္ပဏီမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ယင်းအခမ်းအနား၌ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ကမ္ဘာလှည့် ခရီးသည်များအတွက် ဝန်ဆောင်မှုလုပ်ငန်း ပိုမိုကောင်းမွန်စေရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ကမ္ဘာလှည့်ခရီးသည်များ စိတ်ဝင်စားသော ဤခရီးစဉ်အခွင့်အလမ်း ပေါ်ပေါက်လာသည့်အတွက် မိမိတို့သည် ကမ္ဘာလှည့်ခရီးသည်များအပေါ် နိုင်ငံကြီးသားစိတ်ဓာတ်၊ ယဉ်ကျေးဖော်ရွေပျူငှာသော မြန်မာ့စိတ်ဓာတ်တို့ဖြင့် ရိုင်းပင်းကူညီ ဆက်ဆံ ဆောင်ရွက်ပေးသွားရမည် ဖြစ်ကြောင်း၊ မိမိတို့ဌာနအနေဖြင့် ဒေသခံပြည်သူလူထုများ၊ အလုပ်အကိုင်အခွင့်အလမ်းရရှိမှုနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အကျိုးကျေးဇူးရရှိစေမည့် ခရီးသွားလုပ်ငန်းများကို ဆက်လက် ဆောင်ရွက်သွားရန် အစီအစဉ်များထားရှိထားကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးနှင့် မင်္ဂလာရှုခင်းခရီးသွားလုပ်ငန်း ကုမ္ပဏီအမှုဆောင်အရာရှိချုပ်တို့က ပုဂံ-ကျောက်ပန်းတောင်း ရထားလမ်းပိုင်းတွင် ရေနွေးငွေ့စက်ခေါင်းဖြင့် ပြေးဆွဲမည့်ရထားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပုဂံ-ကျောက်ပန်းတောင်း ခရီးစဉ်မောင်းနှင်မည့် ရေနွေးငွေ့စက်ခေါင်းအား အမွှေးနံ့သာဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာ့မီးရထားတာဝန်ရှိသူတို့က ရထားပေါ်တွင် လိုက်ပါစီးနင်းကြမည့် ခရီးသွားပြည်သူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကာ အမှတ်တရလက်ဆောင်များကို ပေးအပ်ပြီး ယင်းရထားတွင် လိုက်ပါစီးနင်းကာ ခရီးလမ်းကြောင်း အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ရထားလမ်းပိုင်းတွင် မြန်မာ့မီးရထားက ရေနွေးငွေ့စက်ခေါင်းတစ်ခေါင်း၊ အထက်တန်းထိုင်ခုံ တွဲ သုံးတွဲ၊ ဘရိတ်တွဲတစ်တွဲ တို့ဖြင့် ရထားသွားလာရေးလုပ်ငန်းများ၊ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး၊ မင်္ဂလာရှုခင်း ခရီးသွားလုပ်ငန်းကုမ္ပဏီက ကျန်ဝန်ဆောင်မှု လုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည် ဖြစ်သည်။

ယခု ရေနွေးငွေ့စက်ခေါင်းပြေးဆွဲမှုသည် ပုဂံဒေသရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ကမ္ဘာလှည့်ခရီးသည် ခရီးသွားဝန်ဆောင်မှုလုပ်ငန်း၌ ဆွဲဆောင်မှုအသစ်တစ်ရပ်အဖြစ် မြန်မာ့မီးရထားနှင့် ပုဂ္ဂလိကကဏ္ဍတို့ ပူးပေါင်းဆောင်ရွက်မှုရလဒ်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနည်းဥပဒေ( မူကြမ်း )ရှင်းလင်း

**ရန်ကုန် ဒီဇင်ဘာ ၁၂**

ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာနည်းဥပဒေ(မူကြမ်း)အား အတည်မပြုမီ၊ အကြံပြုချက်ရယူရှင်းလင်းပွဲကို ဒီဇင်ဘာ ၉ ရက် နံနက် ၉ နာရီက မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးမှုဆိုင်ရာအထောက်အကူပြု ပင်မဗဟိုဌာနတွင် ကျင်းပသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန(နေပြည်တော်ရုံးချုပ်)၊ ညွှန်ကြားရေးမှူး (ကလေးသူငယ်)ဦးအောင်ကျော်မိုးက ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ နည်းဥပဒေ(မူကြမ်း)အား အတည်မပြုမီ သက်ဆိုင်ရာအစိုးရဌာနများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မူကြိုကျောင်းများမှ လူမှုဝန်ထမ်းဦးစီးဌာန အသိအမှတ်ပြု ကျောင်းအုပ်နှင့် တာဝန်ရှိသူများ၊ INGO၊ NGO များ၏ သဘောထားမှတ်ချက်များ အကြံပြုချက်များရယူ၍ ထည့်သွင်းရေးဆွဲနိုင်ရန် နည်းဥပဒေ(မူကြမ်း)ကို ရှင်းလင်းပွဲပြုလုပ်ရခြင်းဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။



ထို့နောက် နည်းဥပဒေ(မူကြမ်း) အခန်းကိုးခန်းပါ အကြောင်းအရာများ၊ အချက်အလက်များကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြသရာ တက်ရောက်လာသော ရန်ကုန်တိုင်းဒေသကြီးနှင့် ခရိုင်လေးခရိုင်မှ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေး အဖွဲ့ဝင်များ၊ ပုဂ္ဂလိကမူလတန်းကြိုကျောင်း ဖွင့်လှစ်ထားသော ကျောင်းအုပ်နှင့် တာဝန်ခံများ၊ INGO နှင့် NGO အဖွဲ့အစည်းမှ တာဝန်ရှိသူများက သဘောထားမှတ်ချက်များ၊ အကြံပြုချက်များ တင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်ဇော်မိုး၊ အထောက်အကူပြု ပင်မဗဟိုဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြမာလာစိုးတို့က ကဏ္ဍအလိုက် မေးမြန်းအကြံပြုချက်များကို ပြန်လည်ရှင်းလင်းပြောကြားသည်။

**အောင်သန်း(တောင်ညွှန့်)**

# ဒို့ကျေးရွာဂျာနယ် ဝတ္ထုတိုပြိုင်ပွဲ ဆုရရှိသူများစာရင်းကြေညာ

**ရန်ကုန် ဒီဇင်ဘာ ၁၂**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ဖိတ်ခေါ်ကျင်းပခဲ့သော ဒို့ကျေးရွာဂျာနယ် ဝတ္ထုတို စာမူပြိုင်ပွဲ၏ ဆုရရှိသူများအမည်စာရင်းကို စာမူစိစစ်ရွေးချယ်ရေးအဖွဲ့မှ ဒီဇင်ဘာ ၈ ရက်က ထုတ်ပြန်ကြေညာလိုက်သည်။

ဒို့ကျေးရွာဂျာနယ် ဝတ္ထုတိုပြိုင်ပွဲတွင် ပထမဆု ဒေါ်မြင့်မြင့်အေး (စိမ်းရွက်လွှာ)က စပါးရေးတဲ့ဖူးစာ စာမူဖြင့် လည်းကောင်း၊ ဒုတိယဆုကို ဒေါ်မြင့်မြင့်သန်း(မေကျော်-ပြန်/ဆက်)က ကံလှရွာမှာ စံမြရှိတယ် စာမူဖြင့် လည်းကောင်း၊ တတိယဆုကို ဦးအောင်သန်း (သင်းအောင်သန်း)က ပွဲတင်သံ စာမူဖြင့်လည်းကောင်း ဆုရရှိခဲ့ကြသည်။ အထူးဆုများအဖြစ် ဦးစံရွှေမင်း(ကျော်ဖြိုးလွင်)က မေတ္တာသာ ပခုနပေမို့ စာမူဖြင့် လည်းကောင်း၊ ဦးမျိုးတင့် (မျိုးတင့်-ညောင်လေးပင်)က ခေတ်ပြောင်းချိန် စာမူဖြင့်လည်းကောင်း၊ ဦးခင်မောင်ရွှေ (တောမြင့်မြေ-ကျွန်းလှယဉ်)က ကျွန်းလှယဉ်ရွာသားဖြစ်ခွင့်ပေးပါ စာမူဖြင့် လည်းကောင်း၊ ဦးသောင်းရွှေ (ကေတုမောင်ညိုလင်း)က ထင်းဖောင်သမား စာမူဖြင့် လည်းကောင်း၊ ဦးဇော်လွင်ဦး (ဇော်လွင်ဦး-ဟသ်ာတ)က တစ်နံ့ကို ဆယ်ပြည်ထွက်တယ် စာမူဖြင့် လည်းကောင်း အသီးသီးဆုရရှိခဲ့ကြသည်။

ဒို့ကျေးရွာဂျာနယ် ဝတ္ထုတိုပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများအား နေပြည်တော်တွင် ကျင်းပပြုလုပ်မည့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ နှစ်ပတ်လည်နေ့ အခမ်းအနား၌ ဆုများ ပေးအပ်ချီးမြှင့်မည်ဖြစ်သည်။ အထူးဆုရရှိသူများအား မိမိတို့နေထိုင်သည့် ခရိုင်နှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။

**(ပြန်/ဆက်)**

# စည်းကမ်းမဲ့ပြိုင်ကားများနှင့် ပါဝါအိတ်ဇောတပ်မော်တော်ယာဉ်များ စီမံချက်ဖြင့် အရှိန်အဟုန်မြှင့်ဖမ်းဆီးခဲ့ရာ စုစုပေါင်း ၇၈ စီး ဖမ်းဆီးရမိပြီးဖြစ်

**ရန်ကုန် ဒီဇင်ဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့နှင့် တိုင်းဒေသကြီး ယာဉ်ထိန်းရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ စီမံချက်ကိုအရှိန်အဟုန်မြှင့် ဖမ်းဆီးလျက်ရှိရာ ဒီဇင်ဘာ ၁၁ ရက် ညတွင် ရန်ကုန်မြို့အတွင်း စည်းကမ်းမဲ့စွာမောင်းနှင်နေသော ပါဝါအိတ်ဇောတပ်မော်တော်ယာဉ် အမျိုးအစားမျိုးစုံ ငါးစီးတို့ကို ထပ်မံဖမ်းဆီးရမိခဲ့သည်။

ယခုဖမ်းဆီးရမိသည့် မော်တော်ယာဉ်များကို ယာဉ်စည်းကမ်း လမ်းစည်းကမ်းအရ အရေးယူဆောင်ရွက်မည့်အပြင် ယာဉ်မှတ်ပုံတင်လိုင်စင်ရှိ/ မရှိ စိစစ်ပြီး ယာဉ်မှတ်ပုံတင်မရှိသော မော်တော်ယာဉ်များကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး ဒီဇင်ဘာ ၅ ရက်မှ ၁၁ ရက်အထိ စည်းကမ်းမဲ့ပြိုင်ကားနှင့် ပါဝါအိတ်ဇောတပ်မော်တော်ယာဉ် စုစုပေါင်း ၇၃ စီး ဖမ်းဆီးရမိခဲ့ပြီး ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ စည်းကမ်းမဲ့ယာဉ်များကိုသာ ဖမ်းဆီးအရေးယူဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယာဉ်မောင်းသူများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ မောင်းနှင်ကြပါရန် အသိပေးဖော်ပြအပ်ပါသည်။



**(မြန်မာ့အလင်း)**

ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်ရာ ကြိုတင်လေ့လာဘေးကွင်းကွာ

7stars ( ရာထူးဝင်သင်တန်းကြီး )
တစ်နှစ်ထက်တစ်နှစ် အကောင်းဆုံးဖြစ်အောင် ဝန်ဆောင်မှုပေးနေသည့်မှာ 7Stars ရဲ့အစဉ်အလာ
၂၀၁၅ ခုနှစ်လတွင်ဖြေဆိုမည့်ရာထူးများ
ပြည်တွင်းအခွန် ၊ လူမှုဝန်ထမ်း ၊ စထွေ/အုပ်
(အနီးကပ် ၁၀ ရက် Jan - 1 စမည် ။ )
အပြည့်စုံဆုံးမှတ်စုများအား ရောင်းချပေးနေပါပြီ။
တိုက်(18 / 3B)၊ သပြေညိုကွန်ဒို(၁)၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ကျောင်းခွဲ (လုံးဝ) မရှိပါ ။
09.421052736, 09.49282366, 09.49653992

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူပျောက်ဆုံးခြင်း
ယာဉ်အမှတ် ၃ဂ/၂၉၇၇ Suzuki Wagon R+, Station Wagon ယာဉ် လက်ဝယ်ရှိသူ ဦးမင်းထွဋ် ၁၀/မလမ(နိုင်) ၀၁၉၂၆၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့

ပျောက်ဆုံးကြောင်း
ကျွန်မ မခင်သီရိခေတ်၏ Passport M 790072 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၉၂၃၅၇၀

(၁၄-၁၂-၂၀၁၄)တနင်္ဂနွေနေ့ မနက်(၁၀း၀၀)နာရီမှ နေ့လည်(၁၂း၃၀)ထိ



မနက်(၁၀း၀၀)နာရီတွင်(နတ်မောက်မြို့)ဗိုလ်ချုပ်အောင်ဆန်းရာပြည့်ပွဲ ကျင်းပရေးအတွက်၊ ဗိုလ်ချုပ်အောင်ဆန်းရာပြည့်ပွဲ ကျင်းပရေး ဦးဆောင်ကော်မတီနှင့် အတူ ရွှေသံစဉ်ဂီတဖောင်ဒေးရှင်းနှင့် The Action Times Foundation တို့ပူးပေါင်းကာ ဂီတ၊ အနုပညာဖြင့် ရွှေတိဂုံဘုရား တောင်ဘက်မုခ်၊ကန်တော်မင်္ဂလာပန်းခြံရှိ HAPPY WORLD ကစားကွင်းတွင် အလှူခံမည်ဖြစ်ပါသည်။ ပဉ္စလက် ကိုခိုင်၏ မျက်လှည့်အဖွဲ့မှလည်း ပါဝင်ကူညီဖျော်ဖြေပါမည်။

ရွှေသံစဉ်တေးဂီတအဖွဲ့နှင့်အတူတေးသံရှင်ခိုင်မြဲသာ၊ ရုပ်ရှင်သရုပ်ဆောင်ဇွဲနိုင်ဝင်း၊ ထူးခြား၊ သိန်းသန်းထွန်း၊ ဇော်သိန်း၊ မြတ်စံ၊ Vaiolenzi ဆို့ဝတ်ရည်သောင်း၊ ကတ်သရင်းမီးမီး၊ အိမ့်ချစ်၊ ကဋ္ဌာခင်၊ Mဆိုင်းလာ၊ ဂျူးဂျူးစံ၊ ယုဝေဖြိုး တို့က ဖျော်ဖြေကြမည်ဖြစ်ပါသည်။ ကဗျာဆရာကိုစောဝေ မှလည်း ကဗျာရွတ်ဆိုပြီး ဗိုလ်ချုပ်အောင်ဆန်းကို ဂုဏ်ပြုမည်ဖြစ်ပါသည်။

ကန့်ကွက်နိုင်ပါသည်
ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(1B)၊ လူနေရပ်ကွက်အမှတ် (မြစိမ်းရောင်)၊ မြေကွက်အမှတ်(၆၆)ဟုခေါ်တွင်သော မြေအကျယ်အဝန်း ၇၅ပေ×၈၅ပေ၊ ဧရိယာ ၀.၁၃၁၉၄၉ဧကရှိ (လ-သ-ယ) စီမံကိန်းမြစိမ်းရောင်/ပါမစ်/၁၈၈/၂၀၁၃ အရ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝါဝါဝင်းကုမ္ပဏီထံမှ ဒေါ်ကြည်မေနု ၁၂/ကမရ(နိုင်)၀၅၂၅၂၇က ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ငွေးမှတစ်ဆင့် စာချုပ်အဆက်စပ်ဖြင့် လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်အိအိစံ ၁၄/ဇလန(နိုင်)၀၈၂၉၁၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေအဖြစ် ရောင်းဖိုးငွေ ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာ ပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။
ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဖြူဖြူဇော် (စဉ်-၁၀၉၃၈) LL.B,D.I,L, WIPO(Switzerland)
အထက်တန်းရှေ့နေ
အမှတ်(၁၄၃) လေးလွှာ(A)၊ ဗိုလ်မင်းရောင်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၃၂၂၉၆၆၆၊ ၀၉-၇၃၂၀၀၆၄၆

❑ ကျောဖုံးမှ

ပြည်သူတစ်ရပ်လုံးပါဝင်ဆင်နွှဲနိုင်ဖို့ ထူးချွန်တဲ့အားကစားသမားတွေထွက်ပေါ်လာပြီး နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်တဲ့ အားကစားသမားတွေ မွေးထုတ်နိုင်ဖို့ ရည်မှန်းပြီး အခုလို အမျိုးသားအားကစားပွဲတော်ကို ကျင်းပဖို့စီစဉ်ခြင်း ဖြစ်ပါတယ်” ဟု မီဒီယာရှင်းလင်းပွဲ၌ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယ ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်က ရှင်းပြသည်။

အမျိုးသားအားကစားပွဲတော်များကို ပထမအကြိမ်မှ တတိယအကြိမ်အထိ ရန်ကုန်မြို့တွင်ကျင်းပခဲ့သော်လည်း စတုတ္ထအကြိမ်မြောက် အမျိုးသား အားကစားပွဲတော်ကို နေပြည်တော်၌ ကျင်းပရန်စီစဉ်ထားသည်။ နေပြည်တော်ဝဏ္ဏသိဒ္ဓိ အားကစားရုံ၌ ဇန်နဝါရီ ၁၇ ရက်တွင် ဖွင့်ပွဲအခမ်းအနားကျင်းပမည်ဖြစ်ပြီး ပိတ်ပွဲအခမ်းအနားကို ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲပြီးစီးမည့် ဇန်နဝါရီ ၂၄ ရက်တွင် ကျင်းပရန် စီစဉ်ထားသည်။

အားကစားနည်းပေါင်း ၂၇ မျိုး ပါဝင်ဆင်နွှဲမည့် စတုတ္ထအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်တွင် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ အားကစားသမားများအပြင် ဝန်ကြီးဌာနများမှ ထူးချွန်အားကစားသမားများသည်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု အားကစားသမားများအဖြစ် ပါဝင်ဆင်နွှဲနိုင်ကြမည်ဖြစ်ရာ ထူးချွန်အားကစားသမားများအားလုံး ပါဝင်ယှဉ်ပြိုင်နိုင်မည့် အမျိုးသား အားကစားပွဲတော်ကြီးအဖြစ် မြင်တွေ့ရမည်ဖြစ်သည်။

စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော် ဆင်နွှဲခြင်းဖြင့် အရှေ့တောင်အာရှတွင် အားကစားအဆင့် မြင့်မားပြီး ဆုတံဆိပ်များ ဆွတ်ခူးနိုင်ရေး၊ ထိုမှ အာရှအဆင့်တွင် အားကစားအောင်မြင်မှုများရရှိနိုင်ရေးမှသည် ကမ္ဘာ့အဆင့် အားကစားအောင်မြင်မှုများ ရယူနိုင်ရေးတို့အတွက် ရည်မှန်းချက်ထားပြီး ဆောင်ရွက်ခြင်းဖြစ်သည်။

မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်ပြီးအောင်မြင်မှုများရရှိစေရန်အတွက် အမျိုးသား အားကစားပွဲတော်များ ကျင်းပခြင်းဖြစ်ပြီး ပြည်သူများစိတ်ဝင်စားသော ရိုးရာလက်ဝှေ့ကိုလည်း စည်းကမ်း စနစ်တကျယှဉ်ပြိုင်ရေးအပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အမျိုးသားအားကစားပွဲတော်ကိုကျင်းပရခြင်းဖြစ်သည်။

စတုတ္ထအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ကို လာမည့် ဇန်နဝါရီ ၁၇ ရက်တွင် ဖွင့်ပွဲကျင်းပမည်ဖြစ်သော်လည်း အချို့အားကစားပြိုင်ပွဲများကိုမူ ဇန်နဝါရီ ၇ ရက်မှ စတင်ကျင်းပယှဉ်ပြိုင်ရန် စီစဉ်ထားသည်။

ပြည်သူတစ်ရပ်လုံးပါဝင်ဆင်နွှဲအားပေးနိုင်ရန်အတွက် စတုတ္ထအကြိမ်အမျိုးသား အားကစားပွဲတော်ကို ၁၇ နှစ်ကြာမှ ပြန်လည်ကျင်းပသည်ဖြစ်ရာ တစ်နိုင်ငံလုံးရှိ ထူးချွန်အားကစားသမားများ၏ အားကြိုးမာန်တက်ပါဝင်ဆင်နွှဲမှုကို တွေ့မြင်အားပေးကြရတော့မည်ဖြစ်သည်။

**(မြန်မာ့အလင်း)**



# ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံပြောင်းလဲနေသော လူ့အဖွဲ့အစည်းအတွင်းရှိ နိုင်ငံသားများ၏ အသိပညာနှင့် တန်ဖိုးထားမှုများ ရှင်းလင်းဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၂**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် အာရှဖောင်ဒေးရှင်းတို့ ပူးပေါင်းကျင်းပသည့် ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံပြောင်းလဲနေသော လူ့အဖွဲ့အစည်းအတွင်းရှိ နိုင်ငံသားများ၏ အသိပညာနှင့် တန်ဖိုးထားမှုများ ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ ဟိုတယ်မက်(စ်)၌ ကျင်းပသည်။




အဆိုပါ အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးပိုက်ထွေး၊ ဒေါက်တာတင်ရွှေ လွှတ်တော်မှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ အမှုထမ်း၊ အရာထမ်းများ၊ အာရှဖောင်ဒေးရှင်းမှ ဌာနေကိုယ်စားလှယ်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးပိုက်ထွေးက ယနေ့ကျင်းပပြုလုပ်သည့် ရှင်းလင်းဆွေးနွေးပွဲသည် အာရှဖောင်ဒေးရှင်းက မြန်မာနိုင်ငံ၌ ပထမဆုံးပြုလုပ်သည့် နိုင်ငံလုံးဆိုင်ရာစစ်တမ်းဖြစ်ပါကြောင်း၊ အစိုးရအဖွဲ့အစည်းများ၏ လုပ်ငန်းစဉ်များကို ပြည်သူလူထုက မည်မျှအထိ နားလည်သိရှိသည်ကို ကောက်ယူသည့် စစ်တမ်းဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၄ ခုလုံးမှ ပြည်သူ ၃၀၀၀ ကျော်အား တွေ့ဆုံမေးမြန်းခဲ့ခြင်းဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံသည် ယခုအချိန်တွင် ဒီမိုကရေစီစနစ်သို့ ကူးပြောင်းကျင့်သုံးလျက်ရှိသောကြောင့် ပြည်သူလူထုအတွင်း ပြည်သူ့နီတိကို လိုက်နာကျင့်သုံးကြရန် အဓိကလိုအပ်ပါကြောင်း၊ ပြည်သူလူထုအတွင်း အစိုးရအဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံ၊ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များနှင့် ဆောင်ရွက်နေမှုများကို သိရှိသူနည်းပါးသည်ကို စစ်တမ်းအရ တွေ့မြင်ရမည်ဖြစ်ပါကြောင်း၊ ထိုသို့သော အားနည်းချက်များကြောင့် အစိုးရနှင့် ပြည်သူများအကြား ယုံကြည်မှုနှင့် အပြန်အလှန်နားလည်မှုများနည်းပါးလျက်ရှိပြီး အခွင့်အလမ်းများ ဆုံးရှုံးလျက်ရှိသည်ကိုတွေ့ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် လေ့လာတွေ့ရှိချက်များနှင့်စစ်တမ်းများကို ပြည်သူလူထုတစ်ရပ်လုံး အသုံးပြုနိုင်ရေးအတွက် မျှဝေပေးသွားမည်ဖြစ်ပါကြောင်း။

သို့ပါ၍ အစိုးရနှင့် ပြည်သူကြည်ဖြူစွာလက်တွဲပြီး အပြန်အလှန်ယုံကြည်နားလည်မှုအပြည့်အဝဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် အာရှဖောင်ဒေးရှင်းမှ ဌာနေကိုယ်စားလှယ် ဒေါက်တာခင်နမ်က ဖောင်ဒေးရှင်း၏ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ အကြီးတန်းအစီအစဉ်အရာရှိ ဦးရဲသူအောင်က “၂၀၁၄ ခုနှစ် မြန်မာနိုင်ငံပြောင်းလဲနေသော လူမှုအဖွဲ့အစည်းအတွင်းရှိ နိုင်ငံသားများ၏ အသိပညာနှင့်တန်ဖိုးထားမှုများ”စစ်တမ်းကောက်ယူခဲ့မှု ရည်ရွယ်ချက်၊ နည်းလမ်း၊ ကန့်သတ်ချက်နှင့် ဖြေရှင်းမှု၊ အဓိကတွေ့ရှိချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးမဏ္ဍိုင်သုံးခု အပြန်အလှန်ထိန်းကျောင်းဆောင်ရွက်နေမှု၊ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ဆွေးနွေးကြပြီး စစ်တမ်းပါအချက်အလက်များ တိကျမှုရှိ/မရှိ အသုံးပြုခဲ့သည့် စစ်တမ်းကောက်မှုစနစ်ပုံစံတို့ကို မေးမြန်းကြရာ အာရှဖောင်ဒေးရှင်းမှ ဌာနေကိုယ်စားလှယ် ဒေါက်တာခင်နမ်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

အာရှဖောင်ဒေးရှင်းသည် အစိုးရအဖွဲ့အစည်းများနှင့်၎င်းတို့၏လုပ်ငန်းစဉ်များအပေါ် ပြည်သူလူထု၏အသိအမြင်ဗဟုသုတကို မှတ်တမ်းတင်နိုင်ရေးအတွက် “၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ ပြောင်းလဲနေသောလူမှုအဖွဲ့အစည်းအတွင်းရှိ နိုင်ငံသားများ၏ အသိပညာနှင့် တန်ဖိုးထားမှုများ” စစ်တမ်းကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ် ကောက်ခံခဲ့ခြင်းဖြစ်သည်။

ထိုစစ်တမ်းတွင် ပြည်သူများအကြား အစိုးရအဖွဲ့အစည်းများနှင့် လုပ်ငန်းများအကြောင်း ဗဟုသုတအားနည်းနေခြင်း၊ ပြည်သူလူထုအကြား အချင်းချင်းယုံကြည်မှုနည်းပါးခြင်း၊ နိုင်ငံရေးသဘောထားကွဲလွဲမှုမြင့်မားခြင်း၊ စီးပွားရေးအခွင့်အလမ်းများနှင့် ပတ်သက်၍ အလွန်အမင်း စိုးရိမ်ပူပန်မှုများကို ဖော်ပြထားသည်။ ထို့အပြင် တိုင်းဒေသကြီးများနှင့် နိုင်းယှဉ်လျှင် ပြည်နယ်များအကြား၌ နိုင်ငံသားများ၏ အသိပညာဗဟုသုတပိုမိုနည်းပါးကြောင်း၊ အမျိုးသားများနှင့် နှိုင်းယှဉ်လျှင်အမျိုးသမီးများ၏ အသိပညာ ဗဟုသုတသည် အားနည်းလျက်ရှိကြောင်း ဖော်ပြထားသည်။ **ထွန်းဝင်းနိုင်**

## ဖရူဆိုမြို့နယ်ရှိ ဘိန်းခင်း ၁၆ ဧကအား သွားရောက်ဖျက်ဆီး

**ဖရူဆို ဒီဇင်ဘာ ၁၂**

ကယားပြည်နယ် ဖရူဆိုမြို့နယ်အတွင်းရှိ တရားမဝင်စိုက်ပျိုးထားရှိသော ဘိန်းခင်းများကို ပြည်သူ့ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် နယ်မြေခံတပ်ရင်းမှ တပ်မတော်သားများ၊ ကျေးရွာပြည်သူများ ပူးပေါင်းလျက် ဒီဇင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီခွဲက သွားရောက်ဖျက်ဆီးခဲ့ကြကြောင်း သိရသည်။

အဆိုပါ ဘိန်းခင်းဖျက်အဖွဲ့သည်ဒိုးပရယ်ကျေးရွာအုပ်စု ဒိုးပရယ်ကျေးရွာ၏ အနောက်ဘက်ငါးမိုင်ခြောက်ဖာလုံခန့်အကွာတွင် ဘိန်းခင်းသုံးဧက၊ ခြောက်မိုင်ခန့် အကွာရှိ ဘိန်းခင်း ၁၅ ဧကနှင့် ၎င်းနှင့်ကပ်လျက်ရှိသော ဘိန်းခင်းငါးဧကတို့ကို သွားရောက်ဖျက်ဆီးခဲ့ကြသည်။

၎င်းအဖွဲ့ဆက်လက်ထွက်ခွာခဲ့ရာ ဒိုးပရယ်ရွာ၏ အနောက်ဘက်ခြောက်မိုင် နှစ်ဖာလုံခန့်အကွာတွင် ဘိန်းခင်းငါးဧကနှင့် ခြောက်မိုင်လေးဖာလုံခန့်အကွာတွင် ဘိန်းခင်းရှစ်ဧကတို့အား ဖျက်ဆီးခဲ့ကြကြောင်း သိရသည်။

**ဦးကျော်(ဖရူဆို)**

**နှစ်ထပ်ခွဲ လုံးချင်းတိုက်(ရှစ်လုံး) မြေနှစ်ဧကခွဲခန့်ရှိ မြေကွက်ကျယ် ငှားရန်ရှိ၊ သာယာရွှေပြည်လမ်း၊ ရန်ကင်းမြို့နယ်၊ ဖုန်း-၀၉-၂၅၃၀၉၄၇၂၅၊**

**10 AM-5PM**

(12-12-2014) ရက်နေ့မှစ၍ Junction Cineplex တွင် စတင်ပြသမည့် ဇာတ်ကားများ

Junction Cineplex (Square) & (Maw Tin) 01 527055, 09 2544 24544,01 225 244
Junction Cineplex (Square) & (Maw Tin) 01 527055, 09 2544 24544. 01 225 244
Junction Cineplex Nay Pyi Taw 067 421 615




## သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန
## စက်မှုနှင့် သက်မွေးပညာဦးစီးဌာန
## အစိုးရနည်းပညာအထက်တန်းကျောင်း(လက်ခုပ်ကုန်း)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့် သက်မွေးပညာဦးစီးဌာန၊ အစိုးရနည်းပညာအထက်တန်းကျောင်း(လက်ခုပ်ကုန်း)တွင် ကျောင်းအဝင်လမ်း(ပေ ၁၁၀၀) ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါတင်သွင်းလိုသည့်ကုမ္ပဏီများသည် ဦးစီးဌာနမှသတ်မှတ်ထားသော လုပ်ငန်းစံနှုန်း ဒီဇိုင်းပုံစံများနှင့်အညီ အသေးစိတ်ရေးဆွဲတွက်ချက်တင်ပြရန်ဖြစ်ပြီး ကုမ္ပဏီမှ မှတ်ပုံတင်မိတ္တူနှင့် (Profile)တင်ပြရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို ၁၀-၁၂-၂၀၁၄ရက်မှ ၂၃-၁၂-၂၀၁၄ ရက်အထိ အစိုးရနည်းပညာအထက်တန်းကျောင်း(လက်ခုပ်ကုန်း)တွင် ဝယ်ယူနိုင်ပါသည်။

၄။ တင်ဒါတင်သွင်းလိုသူသည် ကျောင်းအဝင်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံတင်သွင်းရမည်။

၅။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များ သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**အစိုးရနည်းပညာအထက်တန်းကျောင်း(လက်ခုပ်ကုန်း)**
**ဖုန်း-၀၉-၈၆၄၁၃၄၁၊ ၀၉-၃၂၄၃၃၁၇၀**

ကြော်ငြာ


စက္ကန့်ဖိုးပဲ ပေးပါ။
အခုမြန်မာပြည်တွင်း ဘယ်ဖုန်းကိုပဲ ခေါ်ခေါ်
စက္ကန့်ခြောက်ဆယ် ကို ၂၅ကျပ်ပဲ
ကျသင့်ပါတယ်။
ooredoo
၁စက္ကန့်
=
၄၂ပြား
စည်းမျဉ်းစည်းကမ်း အသေးစိတ်ကို ပိုမိုသိရှိနိုင်ရန်
www.ooredoo.com.mm တွင် ဝင်ရောက်ကြည့်ရှုပါ။

# ပြည်တွင်းရေကြောင်းသွားရေယာဉ်ဥပဒေကြမ်း

## ပြည်တွင်းရေကြောင်းသွားရေယာဉ်ဥပဒေကြမ်း

(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်၊ )

( ၁၃၇၆ ခုနှစ်၊ လ ရက် )

(၂၀၁၄ ခုနှစ်၊ လ ရက် )

**နိဒါန်း**

ပြည်တွင်း ရေကြောင်းများတွင် အသုံးပြုလျက်ရှိသော ရေယာဉ်များ အန္တရာယ်ကင်းရှင်းရေးအတွက် ကျင့်သုံးလျက်ရှိသည့် ၁၉၁၇ ခုနှစ်၊ ပြည်တွင်းရေကြောင်းသွား မီးသင်္ဘောများ အက်ဥပဒေမှာ မူရင်း ၁၉၁၇ ခုနှစ် အိန္ဒိယအက်ဥပဒေအားနိုင်ငံတော်တွင် အာဏာသက်ရောက်စေခဲ့သော အက်ဥပဒေဖြစ်ပြီး ထိုအက်ဥပဒေ၏ ပြဋ္ဌာန်းချက်များမှာ လက်ရှိအခြေအနေနှင့် ကိုက်ညီမှုမရှိသည့်အတွက်ကြောင့်လည်းကောင်း၊ ပြောင်းလဲလာသော အခြေအနေများအရ ရေနွေးငွေ့သုံး မီးသင်္ဘောအစား ဒီဇယ်အင်ဂျင်နှင့် လျှပ်စစ်စသည့် စွမ်းအင်သုံးရေယာဉ်များ အမျိုးအစားများစွာ ပေါ်ပေါက်လာခဲ့သည့်အတွက်ကြောင့်လည်းကောင်း ဥပဒေအသစ်ပြန်လည်ရေးဆွဲ ပြဋ္ဌာန်းရန် လိုအပ်လာသဖြင့် ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်၊ အဓိပ္ပာယ်ဖော်ပြချက်၊ သက်ဆိုင်ခြင်းနှင့် ကင်းလွတ်ချက်များ**

၁။ ဤဥပဒေကို ပြည်တွင်း**ရေကြောင်းသွားရေယာဉ် ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ရေယာဉ်** ဆိုသည်မှာ ခရီးသည်နှင့် ကုန်စည်တစ်မျိုးမျိုးကို ဖြစ်စေ၊ နှစ်မျိုးလုံးကိုဖြစ်စေ ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သော ရေယာဉ်တစ်မျိုးမျိုးကိုသော်လည်းကောင်း၊ ပြည်တွင်းရေကြောင်း၌ လုပ်ငန်းတစ်ခုခုကို ဆောင်ရွက်သော ရေယာဉ်တစ်မျိုးမျိုးကိုသော်လည်းကောင်းဆိုသည်။ ယင်းစကားရပ်တွင် တွဲတွန်း၊ တွဲဆွဲရေယာဉ်များသည်လည်းကောင်း၊ စက်မဲ့ကုန်တွဲ၊ ရေနံတွဲနှင့် ရေတွင်ပေါ်သော အခြားတွဲများသည်လည်းကောင်း၊ လေကူရှင်သုံးရေယာဉ်၊ အပျော်စီးရေယာဉ်၊ ဖောင်နှင့် ရွက်လှေများသည်လည်းကောင်း ပါဝင်သည်။

(ခ) **ပြည်တွင်း ရေကြောင်း** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ရေယာဉ်ဖြင့် သွားလာနိုင်သော မြစ်၊ ချောင်း၊ တူးမြောင်း၊ အင်း သို့မဟုတ် ရေကန်ကိုဆိုသည်။ ယင်းစကားရပ်တွင် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ပို့ဆောင်ရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍သတ်မှတ်သည့် အခြားရေပြင်ဧရိယာတစ်ခုခုလည်းပါဝင်သည်။

(ဂ) **ရေယာဉ်ပိုင်ရှင်** ဆိုသည်မှာ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသော သို့မဟုတ် မှတ်ပုံတင်ရန်တာဝန်ရှိသော ရေယာဉ်ကို ပိုင်ဆိုင်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။ ယင်းစကားရပ်တွင် ရေယာဉ်ပိုင်ရှင်က လွှဲအပ်တာဝန်ပေးထားသော မန်နေဂျာ သို့မဟုတ် ကိုယ်စားလှယ်တို့ပါဝင်သည်။

(ဃ) **တိုင်းတာစစ်ဆေးရေးမှူး** ဆိုသည်မှာ ရေယာဉ်အား တိုင်းတာစစ်ဆေးရန် ဤဥပဒေအရ တာဝန်ပေးအပ်ထားသူကို ဆိုသည်။

(င) **စစ်ဆေးရေးအရာရှိ** ဆိုသည်မှာ ပြည်တွင်းရေကြောင်းသွားရေယာဉ်များအတွက် ဤဥပဒေပါပြဋ္ဌာန်းချက်များအရ လိုအပ်ချက်များအား စစ်ဆေးရန် ဤဥပဒေအရ တာဝန်ပေးအပ်ထားသူကို ဆိုသည်။

(စ) **ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်းလက်မှတ်** ဆိုသည်မှာ ရေယာဉ်အားလိုအပ်သည့် အန္တရာယ်ကင်းရှင်းမှုများအတွက် ဤဥပဒေနှင့်အညီ တည်ဆောက်မှု၊ တပ်ဆင်မှုနှင့် ထိန်းသိမ်းမှုများကို တိုင်းတာစစ်ဆေးထားသည့် အထောက်အထား သက်သေခံလက်မှတ်ကို ဆိုသည်။

(ဆ) **တိုင်းတာစစ်ဆေးခြင်း အစီရင်ခံစာ** ဆိုသည်မှာ ရေယာဉ်အား တိုင်းတာစစ်ဆေးတွေ့ရှိမှုအခြေအနေကို ဖော်ပြသော အစီရင်ခံစာကို ဆိုသည်။

(ဇ) **ခရီးသည်တင်ရေယာဉ်** ဆိုသည်မှာ ခရီးသည် ၁၂ ဦးထက် ပို၍ သယ်ဆောင်သော ရေယာဉ်ကို ဆိုသည်။

(ဈ) **ရေထုပတ်ဝန်းကျင်ညစ်ညမ်းမှု** ဆိုသည်မှာ ပြည်တွင်းရေကြောင်းတွင် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိခိုက်ပျက်စီးစေမှု သို့မဟုတ် ညစ်ညမ်းစေမှုကိုသော်လည်းကောင်း၊ ရေထုသဘာဝပတ်ဝန်းကျင်ရှိ သက်ရှိသက်မဲ့တို့၏ ဖြစ်စဉ်အပေါ် ထိခိုက်ပျက်စီးစေမှု သို့မဟုတ် ဆုံးရှုံးနစ်နာစေမှုကိုသော်လည်းကောင်း ဆိုသည်။

(ည) **ခရီးစဉ်** ဆိုသည်မှာ ပြည်တွင်းရေကြောင်းသွားရေယာဉ် ထွက်ခွာမည့်နေရာမှ ရောက်ရှိလိုသည့်နေရာအကြား ခရီးလမ်းကြောင်းတစ်လျှောက်ကိုဆိုသည်။ ယင်းစကားရပ်တွင် ရေယာဉ်ရောက်ရှိရပ်နားနေသည့် နေရာများလည်း ပါဝင်သည်။

(ဋ) **ဝန်တင်မျဉ်း** ဆိုသည်မှာ ရေယာဉ်တွင် တင်ဆောင်သည့် ကုန်စည်များ၏ ဝန်အလေးချိန်အတွက် ဝန်တင်မျဉ်းဆိုင်ရာသတ်မှတ်ချက်များနှင့်အညီ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက သတ်မှတ်ပေးထားသည့် စည်းမျဉ်းများအရ ရေယာဉ်၏ကိုယ်ထည်တွင် ရေးဆွဲမှတ်သားထားသည့် ဝန်တင်မျဉ်း အမှတ်အသားကို ဆိုသည်။

(ဌ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စု အစိုးရအဖွဲ့၏ ပို့ဆောင်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ဍ) **ဦးစီးဌာန** ဆိုသည်မှာ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနကို ဆိုသည်။

(ဎ) **ရေယာဉ်အုပ်** ဆိုသည်မှာ သက်ဆိုင်ရာ ရေယာဉ်တွင် ရေယာဉ်ကို ကြီးကြပ်အုပ်ချုပ်သူ၊ ရေယာဉ်အား ဦးစီးမောင်းနှင်ခြင်းတွင် အဓိကတာဝန်အရှိဆုံးသူကို ဆိုသည်။

(ဏ) **စက်ခန်းအုပ်** ဆိုသည်မှာ သက်ဆိုင်ရာ ရေယာဉ်တွင် ရေယာဉ်၏ စက်ခန်းပိုင်းဆိုင်ရာ ကြီးကြပ်အုပ်ချုပ်သူ၊ အင်ဂျင်နီယာ သို့မဟုတ် စက်များအား ထိန်းသိမ်းမောင်းနှင်ခြင်းတွင် အဓိကတာဝန်အရှိဆုံးသူကို ဆိုသည်။

(တ) **ရေယာဉ်ဝန်ထမ်း** ဆိုသည်မှာ ရေယာဉ်အုပ်မှအပ ဤဥပဒေနှင့် သက်ဆိုင်သော ရေယာဉ်ပေါ်တွင် အလုပ်လုပ်ကိုင်သူ သို့မဟုတ် ရေယာဉ်ပိုင်ရှင်၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်သူတစ်ဦးဦးကို ဆိုသည်။

(ထ) **ရေယာဉ်တည်ဆောက်ခြင်းဆိုင်ရာလိုင်စင်** ဆိုရာတွင် ဤဥပဒေကို လိုက်နာ၍ တည်ဆောက်ရမည့် ရေယာဉ်များနှင့်စပ်လျဉ်း၍ ရေယာဉ်ပုံစံထုတ်ခြင်းနှင့်ရေးဆွဲခြင်း၊ ဝန်တင်မျဉ်းတွက်ချက်ခြင်း၊ လုံးပေါင်းတန်ချိန်တွက်ချက်ခြင်း၊ ရေယာဉ်တည်ငြိမ်မှု တွက်ချက်ခြင်း၊ ရေယာဉ်ကိုယ်ထည်ကြံ့ခိုင်မှုတွက်ချက်ခြင်း၊ ရေယာဉ်တည်ဆောက်ခြင်း၊ ရေယာဉ်တည်ဆောက်ခြင်းဆိုင်ရာ အတိုင်ပင်ခံ ဆောင်ရွက်ခြင်းနှင့် အခြားသောရေယာဉ်၏ အင်ဂျင်နီယာဆိုင်ရာလုပ်ငန်းကိစ္စရပ်များ ဆောင်ရွက်လိုသူအား ဦးစီးဌာနမှထုတ်ပြန်သော စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ စစ်ဆေးပြီး ထုတ်ပေးသော အသိအမှတ်ပြုလက်မှတ်တစ်ခုခုကိုဆိုသည်။

(ဒ) **ကုန်စည်** ဆိုရာတွင်ရေယာဉ်ဖြင့် သယ်ယူပို့ဆောင်သည့် ခရီးသည်မှလွဲ၍ သက်ရှိ၊ သက်မဲ့ကုန်ပစ္စည်းအားလုံး ပါဝင်သည်။

**သက်ဆိုင်ခြင်း**

၃။ ဤဥပဒေသည် ပုဒ်မ ၄ အရ ကင်းလွတ်ခွင့်ပြုသော ရေယာဉ်များမှအပ နိုင်ငံတော်၏ ပြည်တွင်းရေကြောင်းတွင်သွားလာသည့် မြန်မာသင်္ဘောများ မှတ်ပုံတင်ဥပဒေအရ မှတ်ပုံတင်ထားသော သို့မဟုတ် မှတ်ပုံတင်ရန် တာဝန်ရှိသော မည်သည့်ရေယာဉ်အမျိုးအစားမဆိုသက်ဆိုင်စေရမည်။

**ကင်းလွတ်ချက်**

၄။ ဤဥပဒေသည်အောက်ပါ သင်္ဘော သို့မဟုတ် ရေယာဉ်တို့နှင့် သက်ဆိုင်ခြင်းမရှိစေရ-

(က) စစ်သင်္ဘော၊

(ခ) ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသော ရေယာဉ်။

**အခန်း(၂)**

**ရေယာဉ်များအားတိုင်းတာစစ်ဆေးခြင်းနှင့်**

**ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်းလက်မှတ်ထုတ်ပေးခြင်း**

၅။ ဦးစီးဌာနသည် -

(က) ရေယာဉ်များအား တိုင်းတာစစ်ဆေးခြင်း လုပ်ငန်းများ ဆောင်ရွက်ရန် သင့်လျော်သောနေရာဒေသများကို အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ကြေညာထားရမည်။

(ခ) ပုဒ်မခွဲ (က)အရ သတ်မှတ်သော နေရာဒေသများတွင် လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဦးစီးဌာနမှ သက်ဆိုင်ရာ အရာရှိများကို တိုင်းတာ စစ်ဆေးရေးမှူးများနှင့် စစ်ဆေးရေး အရာရှိများအဖြစ် ခန့်အပ်တာဝန်ပေးရမည်။

(ဂ) လိုအပ်ပါက ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ရေယာဉ်တိုင်းတာစစ်ဆေးခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းကိစ္စများကို ဆောင်ရွက်ရန်အတွက် ဦးစီးဌာန၏ကိုယ်စား ဆောင်ရွက်မည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကို စည်းကမ်းချက်များ သတ်မှတ်၍ တာဝန်လွှဲအပ်ပေးနိုင်သည်။

(ဃ) ရေယာဉ်များ တိုင်းတာစစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်ထုတ်ပေးရန် ခွင့်ပြုနိုင်သည့် ရေယာဉ်အတန်းအစားများနှင့် အရေအတွက်တို့ကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ကြေညာနိုင်သည်။

၆။ ဝန်ကြီးဌာနသည် ရေယာဉ်တိုင်းတာစစ်ဆေးခြင်းဆိုင်ရာကိစ္စများ၊ ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာကိစ္စများနှင့် စပ်လျဉ်း၍ စည်းကမ်းချက်များ သတ်မှတ်နိုင်သည်။

၇။ ဦးစီးဌာနသည် အမြန်ရေယာဉ်များအတွက် ပြေးဆွဲခြင်းဆိုင်ရာ ကိစ္စရပ်များ၊ အန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးဆိုင်ရာ ဆောင်ရွက်ရမည့်အချက်များအား သတ်မှတ်ကြေညာပေးရမည်။

၈။ (က) တိုင်းတာစစ်ဆေးခြင်းခံယူရမည့် ရေယာဉ်၏ပိုင်ရှင် သို့မဟုတ် ရေယာဉ်အုပ်သည် သတ်မှတ်ထားသည့် တိုင်းတာစစ်ဆေးမှုစရိတ်နှင့် အခကြေးငွေများကို ဦးစီးဌာနသို့ ကြိုတင်ပေးသွင်းရမည်။

(ခ) ရေယာဉ်များတိုင်းတာစစ်ဆေးမှုခံယူရန် သတ်မှတ်ကြေညာထားသော ဆိပ်ကမ်းနေရာနှင့် အချိန်ဇယားအတွင်းမှအပ ရေယာဉ်ပိုင်ရှင်၏တောင်းဆိုချက်အရ သွားရောက်တိုင်းတာစစ်ဆေးရလျှင် ကုန်ကျစရိတ်များအား တိုင်းတာစစ်ဆေးခြင်း ခံယူသည့်ရေယာဉ်၏ ပိုင်ရှင်က ကျခံရမည်။

၉။ (က) ရေယာဉ်ပိုင်ရှင်သည် သက်ဆိုင်ရာ တည်ဆဲဥပဒေအရ ရေယာဉ်ကို မှတ်ပုံတင်ခြင်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းအတွက် လုပ်ငန်းလိုင်စင်ရယူခြင်းမပြုမီ ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်ထုတ်ပေးရန် ဦးစီးဌာနသို့ လျှောက်ထားရမည်။

(ခ) တိုင်းတာစစ်ဆေးရေးမှူးသည် ပုဒ်မခွဲ (က)အရ လျှောက်ထားချက်ကို စိစစ်ပြီး ရေယာဉ်အား သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့် ညီညွတ်မှု ရှိ မရှိ တိုင်းတာစစ်ဆေးပြီး -

(၁) သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့် ညီညွတ်ပါက ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်ထုတ်ပေးသင့်ကြောင်း သဘောထားမှတ်ချက်ဖြင့် တိုင်းတာစစ်ဆေးခြင်း အစီရင်ခံစာကို ဦးစီးဌာနသို့ တင်ပြရမည်။

(၂) သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့် ညီညွတ်မှုမရှိပါက လိုအပ်ချက်များ ပြုပြင်ပြီး ပြန်လည်တင်ပြရန် တိုင်းတာစစ်ဆေးခြင်းအစီရင်ခံစာမိတ္တူကို ရေယာဉ်ပိုင်ရှင်ထံသို့ ပေးပို့ရမည်။ ရေယာဉ်ပိုင်ရှင်က လိုအပ်ချက်များပြုပြင်ပြီး ပြန်လည်တင်ပြလာသည့်အခါ ထပ်မံ၍တိုင်းတာစစ်ဆေးမှုများ ပြုလုပ်ပြီး သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့် ညီညွတ်ပါက ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်ထုတ်ပေးသင့်ကြောင်း သဘောထားမှတ်ချက်ဖြင့် တိုင်းတာစစ်ဆေးခြင်း အစီရင်ခံစာကို ဦးစီးဌာနသို့ တင်ပြရမည်။

၁၀။ တိုင်းတာ စစ်ဆေးရေးမှူးသည် -

(က) ရေယာဉ်အား တိုင်းတာစစ်ဆေးမှုပြုလုပ်ပြီး ပြုပြင်ဆောင်ရွက်ရန် လိုအပ်ချက်များ ဆောင်ရွက်ဆဲကာလ၌ ထိုလိုအပ်ချက်များသည် ရေယာဉ်ခုတ်မောင်းသွားလာခြင်းကို ထိခိုက်စေသည့် အကြောင်းကိစ္စရပ်များ မဟုတ်သည့် အခြေအနေမျိုးတွင် ရေယာဉ်ပိုင်ရှင်အား စည်းကမ်းချက်များ သတ်မှတ်၍ သက်တမ်းသုံးလထက်မပိုသော ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်း ယာယီလက်မှတ်ကို ထုတ်ပေးနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ထုတ်ပေးသော ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်း ယာယီလက်မှတ်သက်တမ်းမကုန်မီ ထပ်မံ၍ တိုင်းတာစစ်ဆေးမှုများပြုလုပ်ပြီး သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့် ညီညွတ်ပါက ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်ထုတ်ပေးသင့်ကြောင်း သဘောထားမှတ်ချက်ဖြင့် တိုင်းတာစစ်ဆေးခြင်း အစီရင်ခံစာကို ဦးစီးဌာနသို့ တင်ပြရမည်။

၁၁။ (က) ဦးစီးဌာနသည် ပုဒ်မ ၉ သို့မဟုတ် ပုဒ်မ ၁၀ ပုဒ်မခွဲ(ခ)အရ တင်ပြသည့် တိုင်းတာစစ်ဆေးရေးမှူး၏စစ်ဆေးခြင်းအစီရင်ခံစာကို စိစစ်ပြီး လိုအပ်ပါက စည်းကမ်းချက်များသတ်မှတ်၍ ရေယာဉ်ပိုင်ရှင်အား ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်ကို ထုတ်ပေးခြင်း၊ သို့မဟုတ် ဆောင်ရွက်ရန် လိုအပ်ချက်ရှိပါက ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်သက်တမ်းသည် ထုတ်ပေးသည့်နေ့မှ စ၍ တစ်နှစ်ထိ သတ်မှတ်နိုင်သည်။

၁၂။ (က) မည်သည့် ရေယာဉ်ပိုင်ရှင်နှင့် ရေယာဉ်အုပ်မျှ ပြည်တွင်းရေကြောင်းတွင် သက်တမ်းရှိသော ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်မပါရှိလျှင်သော်လည်းကောင်း၊ အဆိုပါလက်မှတ်သည် အသုံးပြုမည့်ခရီးစဉ်၊ လုပ်ငန်းနှင့် အကျုံးဝင်မှုမရှိလျှင်သော်လည်းကောင်း ပြည်တွင်းရေကြောင်းသွား ခရီးစဉ် သို့မဟုတ် လုပ်ငန်းတွင် အသုံးပြုခြင်း သို့မဟုတ် ခုတ်မောင်းသွားလာခြင်း မပြုရ။

(ခ) ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်သည် ပြည်တွင်း ရေကြောင်းသွားရေယာဉ်၏ ခရီးစဉ်တစ်ခုအတွင်း လမ်းခရီးကြားကာလတွင် ရေယာဉ် အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်သက်တမ်းကုန်ဆုံးသွားသည့်အခါ ထိုသို့ကုန်ဆုံးသည့်နေ့မှ သက်တမ်း တိုးမြှင့်ပေးရန် ပြန်လည်စစ်ဆေးမှုခံယူနိုင်မည့်နေရာသို့ ရောက်ချိန်အထိ ရေယာဉ်ကို အသုံးပြုခြင်း သို့မဟုတ် ခုတ်မောင်းသွားလာခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။ သို့ရာတွင် အဆိုပါ ကြားကာလမှာ ရက်ပေါင်း ၆၀ ထက် မပိုစေရ။

၁၃။ တိုင်းတာ စစ်ဆေးရေးမှူးသည်-

(က) ရေယာဉ်များ ကြံ့ခိုင်ရေးနှင့် အန္တရာယ်ကင်းရှင်းရေးအလို့ငှာ ပြည်တွင်းရေကြောင်းသွား ရေယာဉ်ပေါ်သို့ တက်ရောက်၍ သင့်လျော်သည့်အချိန်တွင် ရေယာဉ်ကိုယ်ထည်၊ အင်ဂျင်နှင့် အခြားစက်ပစ္စည်းများကို တိုင်းတာစစ်ဆေးခြင်း၊ရေယာဉ်ပေါ်ရှိမည်သည့်နေရာကိုမဆို ဝင်ရောက်စစ်ဆေးခြင်းနှင့် စာရွက်စာတမ်းအထောက်အထားများကို စစ်ဆေးခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ ဆောင်ရွက်ရာတွင် ရေယာဉ်၏ ကုန်တင် ကုန်ချခြင်းဆောင်ရွက်မှုကို မလိုအပ်ဘဲဟန့်တားမှုနှင့် နှောင့်နှေးကြန့်ကြာမှုများဖြစ်စေခြင်း သို့မဟုတ် ကြိုတင်သတ်မှတ်ထားသည့်အချိန်အတိုင်း ထွက်ခွာရမည့် ပြည်တွင်း ရေကြောင်းခရီးစဉ်ကို ထိခိုက်ကြန့်ကြာစေခြင်းများ မဖြစ်စေရ။

၁၄။ စစ်ဆေးရေး အရာရှိသည် -

(က) ရေယာဉ်တွင် သက်တမ်းရှိသော ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်းလက်မှတ်နှင့် ရေယာဉ်အုပ်၊ စက်ခန်းအုပ်တို့၏ သတ်မှတ်ထားသော ကျွမ်းကျင်မှု လက်မှတ်များ ရှိ မရှိကိုလည်းကောင်း၊ ရေယာဉ်၏ စက်ပစ္စည်းကိရိယာများ ကောင်းမွန်မှု ရှိ မရှိနှင့် ကုန်စည်များကို ဝန်တင်မျဉ်းဆိုင်ရာသတ်မှတ်ချက်များနှင့်အညီ တင်ဆောင်ထားခြင်း ရှိ မရှိတို့နှင့် စာရွက်စာတမ်းအထောက်အထားများကိုလည်းကောင်း သင့်လျော်သည့်အချိန်တွင် ရေယာဉ်ပေါ်သို့ တက်ရောက်စစ်ဆေးနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ဆောင်ရွက်ရာတွင် ရေယာဉ်၏ ကုန်တင်ကုန်ချ

*စာမျက်နှာ (၁၆) သို့*

## ဥပဒေကြမ်း

*စာမျက်နှာ (၁၅) မှ*

ခြင်း ဆောင်ရွက်မှုကိုမလိုအပ်ဘဲ ဟန့်တားမှုနှင့် နှောင့်နှေးကြန့်ကြာမှုများ ဖြစ်စေခြင်း သို့မဟုတ် ကြိုတင်သတ်မှတ်ထားသည့် အချိန်အတိုင်း ထွက်ခွာရမည့် ပြည်တွင်းရေကြောင်း ခရီးစဉ်ကို ထိခိုက်ကြန့်ကြာစေခြင်းများ မဖြစ်စေရ။

၁၅။ ရေယာဉ်ပိုင်ရှင်၊ ရေယာဉ်အုပ်နှင့် ရေယာဉ်ဝန်ထမ်းများသည် တိုင်းတာစစ်ဆေးရေးမှူးက တိုင်းတာစစ်ဆေးခြင်းဆောင်ရွက်ရာတွင်လည်းကောင်း၊ စစ်ဆေးရေးအရာရှိက စစ်ဆေးခြင်းဆောင်ရွက်ရာတွင်လည်းကောင်း၊ လိုအပ်သော အကူအညီများပေးခြင်း၊ တိုင်းတာစစ်ဆေးခြင်းနှင့် စစ်ဆေးခြင်းများ လွယ်ကူချောမွေ့စေရန် အထောက်အပံ့ပစ္စည်းများနှင့် ရေယာဉ်၏ သက်ဆိုင်ရာသတင်းအချက်အလက်များကို ဖြည့်ဆည်းပေးခြင်းများ ဆောင်ရွက်ပေးရမည်။

၁၆။ ရေယာဉ်ပိုင်ရှင်နှင့် ရေယာဉ်အုပ်တို့သည်-

(က) ဦးစီးဌာနမှ ခွင့်ပြုပြီးသော ရေယာဉ် အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်ကို လက်ခံရရှိပါက ရေယာဉ်အသုံးပြုစဉ်ကာလအတွင်း အဆိုပါ လက်မှတ်၏ မူရင်းခွဲမိတ္တူကို ရေယာဉ်ပေါ်တွင် လူအများ အလွယ်တကူမြင်နိုင်သောနေရာ၌ ထိုလက်မှတ်သက်တမ်းကုန်ဆုံးသည့် အချိန်အထိ ချိတ်ဆွဲပြသထားရမည်။

(ခ) သက်တမ်းကုန်ဆုံးသော၊ ရပ်ဆိုင်းထားသော သို့မဟုတ် ဖျက်သိမ်းပြီးသော ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်ကို ထိုသို့ သက်တမ်းကုန်ဆုံးသည့် နေ့၊ ရပ်ဆိုင်းသည့်နေ့ သို့မဟုတ် ဖျက်သိမ်းသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဦးစီးဌာနသို့ ပြန်လည်အပ်နှံရမည်။

၁၇။ ဦးစီးဌာနသည် -

(က) ရေယာဉ် အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်များ၏ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားခြင်း၊ သက်တမ်းတိုးမြှင့်ပေးခြင်း၊ ထိုလက်မှတ်ကို ရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်းတို့နှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များ ထုတ်ပြန်ဆောင်ရွက်ရမည်။

(ခ) ရေယာဉ် အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်ထုတ်ပေးထားသော ရေယာဉ်မှာ သတ်မှတ်ထားသော စံချိန်ညီညွတ်မှု မရှိတော့လျှင်သော်လည်းကောင်း၊ ရေယာဉ်ပိုင်ရှင်ကသတ်မှတ်ထားသော စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်သော်လည်းကောင်း၊ ထုတ်ပေးထားသော ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်ကို ကာလသတ်မှတ်၍ ရပ်ဆိုင်းခြင်း သို့မဟုတ် ဖျက်သိမ်းခြင်း ပြုနိုင်သည်။

(ဂ) ရေယာဉ်တွင် သတ်မှတ်ထားသော ဝန်တင်မျဉ်းမြုပ်သည်အထိ ခရီးသည်နှင့် ကုန်စည်များတင်ဆောင်သော ရေယာဉ်၏ ရေယာဉ် အန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်ကို အနည်းဆုံး ၃ လမှ ၆ လ အထိ ရပ်ဆိုင်းခြင်းပြုနိုင်သည်။

### အခန်း (၃)
### ရေယာဉ်အုပ်နှင့် စက်ခန်းအုပ်များ၏ ကျွမ်းကျင်မှုလက်မှတ်များ

၁၈။ ဝန်ကြီးဌာနသည် ပြည်တွင်းရေကြောင်းသွား ခရီးသည်တင်ရေယာဉ်နှင့် ကုန်စည်တင် ရေယာဉ်များတွင် တာဝန်ထမ်းဆောင်မည့် ရေယာဉ်အုပ်နှင့် စက်ခန်းအုပ်အတွက် ကျွမ်းကျင်မှုအဆင့်အတန်းသတ်မှတ်ခြင်း၊ အရည်အချင်းစစ်ဆေးခြင်း၊ ကျွမ်းကျင်မှုလက်မှတ်ထုတ်ပေးခြင်းနှင့် လိုအပ်သော အခကြေးငွေများဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ကျွမ်းကျင်မှုလက်မှတ်များကို ကာလသတ်မှတ်၍ ရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်း ကိစ္စရပ်များနှင့်စပ်လျဉ်း၍သော်လည်းကောင်း သတ်မှတ်နိုင်သည်။

၁၉။ ဦးစီးဌာနသည် -

(က) ရေယာဉ်အုပ်နှင့်စက်ခန်းအုပ်အား ထုတ်ပေးသော ကျွမ်းကျင်မှုလက်မှတ်ပုံစံများကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် သတ်မှတ်နိုင်သည်။

(ခ) ကျွမ်းကျင်မှုအဆင့်အတန်းနှင့် အရည်အချင်းပြည့်မီသော ရေယာဉ်အုပ်နှင့်စက်ခန်းအုပ်အား သက်ဆိုင်ရာကျွမ်းကျင်မှု လက်မှတ်များကို သတ်မှတ်ထားသော အရည်အချင်းစစ်ဆေးခ ပေးသွင်းစေပြီး ထုတ်ပေးနိုင်သည်။

(ဂ) ပုဒ်မ ၂၀၊ ပုဒ်မခွဲ(ဃ)အရ လျှောက်ထားချက်ကို စိစစ်ပြီး သတ်မှတ်ထားသော ကျွမ်းကျင်မှုလက်မှတ် သက်တမ်းတိုးမြှင့်ခ ပေးသွင်းစေ၍ ကျွမ်းကျင်မှုလက်မှတ်သက်တမ်းတိုးမြှင့်ပေးနိုင်သည်။

၂၀။ ကျွမ်းကျင်မှုလက်မှတ် ရရှိသော ရေယာဉ်အုပ်နှင့်စက်ခန်းအုပ်သည်-

(က) မိမိ မောင်းနှင်ခွင့်ရှိသော ရေယာဉ်အား ဆိပ်ကမ်းနယ်နိမိတ်အတွင်း ရေကြောင်းပြမပါဘဲ မောင်းနှင်ခွင့်ရှိသည်။

(ခ) ကျွမ်းကျင်မှုလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များကို လိုက်နာရမည်။

(ဂ) ကျွမ်းကျင်မှုလက်မှတ်စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းကြောင့် ဤဥပဒေအရ ပြစ်ဒဏ်ချမှတ်ခြင်းခံရပြီး ဦးစီးဌာနက ယင်းတို့၏ ကျွမ်းကျင်မှုလက်မှတ်ကို ကာလသတ်မှတ်၍ ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုလျှင် ထုတ်ပေးထားသော ကျွမ်းကျင်မှုလက်မှတ်ကိုဦးစီးဌာနသို့ ရက်ပေါင်း ၃၀ အတွင်း ပြန်လည်အပ်နှံရမည်။

(ဃ) ကျွမ်းကျင်မှုလက်မှတ်သက်တမ်း ကုန်ဆုံးပြီးနောက် ဆက်လက်လုပ်ငန်းလုပ်ကိုင်လိုသည့်အခါ သတ်မှတ်ချက်များနှင့်အညီ ကျွမ်းကျင်မှုလက်မှတ် သက်တမ်းတိုးမြှင့်ပေးရန် ဦးစီးဌာနသို့ လျှောက်ထားနိုင်သည်။

၂၁။ မည်သည့် ရေယာဉ်ပိုင်ရှင်မျှ ရေယာဉ်အမျိုးအစားအလိုက် -

(က) ကိုင်ဆောင်ရမည့် ကျွမ်းကျင်မှုလက်မှတ်မရှိသော ရေယာဉ်အုပ် သို့မဟုတ် စက်ခန်းအုပ်ကို ခန့်အပ်ခြင်းမပြုရ။

(ခ) အနည်းဆုံး သတ်မှတ်ထားသည့် ရေယာဉ်ဝန်ထမ်းအရေအတွက် ထက်လျော့၍ ရေယာဉ်ကို အသုံးပြုခြင်း သို့မဟုတ် ခုတ်မောင်းသွားလာခြင်းမပြုရ။

၂၂။ မည်သူမျှရေယာဉ် အမျိုးအစားအလိုက် ကိုင်ဆောင်ရမည့် ကျွမ်းကျင်မှုလက်မှတ်မရှိဘဲ ရေယာဉ်အုပ် သို့မဟုတ် စက်ခန်းအုပ်အဖြစ် တာဝန်ထမ်းဆောင်ခြင်းမပြုရ။

### အခန်း (၄)
### ရေယာဉ် တည်ဆောက်ခြင်း

၂၃။ ဝန်ကြီးဌာနသည် ရေယာဉ်တည်ဆောက်ခြင်းနှင့်စပ်လျဉ်း၍ ရေယာဉ်တည်ဆောက်သူ၊ ပုံစံထုတ်သူ၊ ကြီးကြပ်သူနှင့် အင်ဂျင်နီယာများအား ကျွမ်းကျင်မှုအဆင့်အတန်း သတ်မှတ်ခြင်း၊ အရည်အချင်းစစ်ဆေးခြင်း၊ သက်ဆိုင်ရာလိုင်စင်များထုတ်ပေးခြင်း၊ လိုအပ်သော အခကြေးငွေများ သတ်မှတ်ခြင်းနှင့် သက်ဆိုင်သော ကိစ္စရပ်များအတွက်လည်းကောင်း၊ ရေယာဉ်တည်ဆောက်ခြင်းဆိုင်ရာ စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့်စပ်လျဉ်း၍လည်းကောင်း သတ်မှတ်နိုင်သည်။

၂၄။ (က) ဤဥပဒေနှင့် သက်ဆိုင်သော ရေယာဉ်ကို တည်ဆောက်ခြင်းနှင့် သက်ဆိုင်သည့် လုပ်ငန်း လုပ်ကိုင်လိုသူသည် သက်ဆိုင်ရာလုပ်ငန်းအလိုက်ရေယာဉ်တည်ဆောက်ခြင်းဆိုင်ရာ လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။

(ခ) ဦးစီးဌာနသည် ပုဒ်မခွဲ (က)အရ လျှောက်ထားချက်ကို စိစစ်ပြီး လုပ်ငန်းအမျိုးအစားအလိုက် ရေယာဉ်တည်ဆောက်ခြင်းဆိုင်ရာ လိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ဂ) ဦးစီးဌာနသည် ပုဒ်မခွဲ(ခ)အရ ခွင့်ပြုပါကလိုင်စင်အမျိုးအစား၊ သက်တမ်းနှင့် စည်းကမ်းချက်များသတ်မှတ်၍ ရေယာဉ်တည်ဆောက်ခြင်းနှင့် သက်ဆိုင်သည့် လုပ်ငန်းအမျိုးအစားအလိုက် မှတ်ပုံတင်၍ ရေယာဉ်တည်ဆောက်ခြင်းဆိုင်ရာ လိုင်စင်ထုတ်ပေးရမည်။

(ဃ) မည်သူမျှ ပုဒ်မခွဲ (ဂ)အရ ထုတ်ပေးသောရေယာဉ်တည်ဆောက်ခြင်းဆိုင်ရာ လိုင်စင်မရှိဘဲ ရေယာဉ်တည်ဆောက်ခြင်းနှင့် သက်ဆိုင်သည့်လုပ်ငန်းများကို လုပ်ကိုင်ခြင်းမပြုရ။

### အခန်း(၅)
### ရေယာဉ်များ၊ ခရီးသည်နှင့် ကုန်စည်သယ်ယူပို့ဆောင်ရာတွင် အန္တရာယ်မဖြစ်ပေါ်စေရန် ကာကွယ်ခြင်းဆိုင်ရာ ကိစ္စရပ်များ

၂၅။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြည်တွင်းရေကြောင်းတွင် အောက်ဖော်ပြပါအချက်များနှင့်စပ်လျဉ်း၍ သတ်မှတ်နိုင်သည် -

(က) ရေယာဉ်ပေါ်တွင် ပေါက်ကွဲမှုဖြစ်ပေါ်ခြင်း၊ ရေယာဉ်ချင်းတိုက်မိခြင်းနှင့် အခြားမတော်တဆမှုများမှ ကြိုတင်ကာကွယ်ရန်အချက်များ၊

(ခ) ရေထုပတ်ဝန်းကျင်ညစ်ညမ်းမှုများ ကာကွယ်တားဆီးရေးအချက်များနှင့် ရေယာဉ်ပေါ်တွင် ပတ်ဝန်းကျင်ဆိုင်ရာ ညစ်ညမ်းမှုများကို ကာကွယ်ရန်အတွက် ပစ္စည်းကိရိယာများ ထားရှိရန် အချက်များ၊

(ဂ) ပြည်တွင်း ရေကြောင်းသွား ရေယာဉ်ပေါ်တွင် သယ်ဆောင်နိုင်သည့် အန္တရာယ်ဖြစ်စေသော ပစ္စည်းများနှင့်စပ်လျဉ်းသည့် နည်းလမ်းသတ်မှတ်ချက်များ၊

(ဃ) ပြည်တွင်းရေကြောင်းတွင် ကုန်စည်များတင်ဆောင်ခြင်း၊ ပို့ဆောင်ခြင်းနှင့်စပ်လျဉ်း၍ အန္တရာယ်ဖြစ်စေသော ပစ္စည်းအမျိုးအစားသတ်မှတ်ချက်များနှင့် ပစ္စည်းအမျိုးအစားအလိုက် အန္တရာယ်ဖြစ်စေမှုအတိုင်းအတာကို ခွဲခြားပြီး ကုန်စည်တင်ဆောင်ခြင်းနှင့် ပို့ဆောင်ခြင်းပြုရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊

(င) ပြည်တွင်း ရေကြောင်းသွား ရေယာဉ်ပေါ်တွင် မီးလောင်လျှင် မီးငြိမ်းသတ်နည်းနှင့် မီးသတ်ပစ္စည်းကိရိယာထားရှိခြင်းဆိုင်ရာ သတ်မှတ်ချက်များ၊

(စ) ရေယာဉ်တွင် ဆောင်ယူရမည့် အသံပေးအချက်ပြခြင်းနှင့်မီးအလင်းရောင်ဖြင့် အချက်ပြခြင်းဆိုင်ရာ သတ်မှတ်ချက်များ၊

(ဆ) ခရီးသည်များအတွက် အသက်အာမခံထားခြင်းနှင့် ကုန်စည်ပျောက်ဆုံးပျက်စီးမှုအတွက် တည်ဆဲဥပဒေနှင့်အညီ အာမခံထားခြင်းဆိုင်ရာအချက်များ၊

(ဇ) သတ်မှတ်ထားသော ပြည်တွင်းရေကြောင်းတွင် ရေယာဉ်အမြန်နှုန်းသတ်မှတ်ချက်များ၊

(ဈ) ရေယာဉ်မောင်းနှင်ခြင်းနှင့် ရွက်လွှင့်ခြင်းဆိုင်ရာ သတ်မှတ်ချက်များ၊

(ည) တွဲဆွဲ ရေယာဉ်များ တွဲဆွဲခြင်းနှင့်တွန်းသော ရေယာဉ်များ ခုတ်မောင်းခြင်းတို့ ဆောင်ရွက်ရာတွင် လိုက်နာရမည့်သတ်မှတ်ချက်များ၊

(ဋ) ရေယာဉ်ပေါ်တွင် အသင့်တင်ဆောင်ရန် လိုအပ်သည့် အသက်ကယ်ပစ္စည်းကိရိယာများ၏ ပုံစံအမျိုးအစားနှင့် အရေအတွက်သတ်မှတ်ချက်များ၊

(ဌ) ရေယာဉ်ပေါ် တင်ဆောင်နိုင်သော ခရီးသည်အရေအတွက် သတ်မှတ်ခြင်းနှင့် ကန့်သတ်ချက်များ၊

(ဍ) ခရီးသည်များနှင့် ကုန်စည်များ တင်ဆောင်ထားရှိခြင်းမပြုရန် တားမြစ်သည့် ရေယာဉ်၏ အပိုင်းအခြားနေရာများ သတ်မှတ်ခြင်း၊ ရေယာဉ်ပိုင်ရှင်က လိုက်နာဆောင်ရွက်ပေးရမည့် တာဝန်သတ်မှတ်ချက်များ၊

(ဎ) ရေယာဉ် အမျိုးအစားအလိုက် ဝန်တင်မျဉ်းနှင့်ပတ်သက်သော စံနှုန်းသတ်မှတ်ချက်များ၊

(ဏ) ကုန်စည်တင်ဆောင်ခြင်းနှင့် ပတ်သက်သော စံနှုန်းသတ်မှတ်ချက်များ၊

(တ) ရေယာဉ်အမျိုးအစားအလိုက် ခန့်အပ်ရမည့် ကျွမ်းကျင်မှု လက်မှတ်ကိုင်ဆောင်သည့် ရေယာဉ်အုပ်နှင့်စက်ခန်းအုပ် အရေအတွက်နှင့် တာဝန်ထမ်းဆောင်ရမည့် အနည်းဆုံးရေယာဉ်ဝန်ထမ်း အရေအတွက် သတ်မှတ်ချက်များ၊

(ထ) ရေယာဉ်များတွင် တပ်ဆင်ရမည့် ဆက်သွယ်ရေးကိရိယာများနှင့် လိုက်နာရမည့် စည်းကမ်းချက်များ၊

(ဒ) ရေယာဉ်ပိုင်ရှင်များက ကျင့်သုံးရမည့်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာစီမံခန့်ခွဲမှုစနစ် သတ်မှတ်ချက်များ၊

(ဓ) သမားရိုးကျမဟုတ်သော ထူးခြားသည့် တာဝန်၊ လုပ်ငန်းလုပ်ကိုင်သည့် ရေယာဉ်များအတွက် လိုက်နာရန် သတ်မှတ်ချက်များ၊ အဆိုပါ ရေယာဉ်များအတွက် စည်းကမ်းချက်များ သတ်မှတ်၍ ထုတ်ပေးရမည့်လုပ်ငန်းလုပ်ကိုင်ခွင့် လက်မှတ်အမျိုးအစားများနှင့် ပုံစံများ၊

(န) ဤဥပဒေပါ ပြဋ္ဌာန်းချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် လိုအပ်သော အခြားစည်းကမ်းချက်များနှင့် သတ်မှတ်ချက်များ။

၂၆။ ဦးစီးဌာနသည်-

(က) ပုဒ်မ ၂၅ အရ ထုတ်ပြန်သတ်မှတ်ချက်များနှင့်စပ်လျဉ်း၍ ရေယာဉ်ပိုင်ရှင်၊ ရေယာဉ်အုပ်၊ စက်ခန်းအုပ်နှင့်ရေယာဉ် ဝန်ထမ်းများ လိုက်နာရမည့် အသေးစိတ်အချက်အလက်များကို သတ်မှတ်ကြေညာထားရမည်။

(ခ) ပုဒ်မ ၂၅ အရ ထုတ်ပြန်သတ်မှတ်ချက်များကိုလည်းကောင်း၊ ပုဒ်မခွဲ(က)အရ သတ်မှတ်ကြေညာချက်များကိုလည်းကောင်း ရေယာဉ်ပိုင်ရှင်၊ ရေယာဉ်အုပ်၊စက်ခန်းအုပ်နှင့်ရေယာဉ်ဝန်ထမ်းများ လိုက်နာဆောင်ရွက်မှု ရှိ မရှိ စစ်ဆေးခြင်း၊ ထိုသို့ စစ်ဆေးရန် စစ်ဆေးရေး အရာရှိများအား တာဝန်ပေးခြင်း၊ ကြီးကြပ်ခြင်းနှင့် လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက လိုအပ်သလို အရေးယူဆောင်ရွက်ခြင်း ပြုရမည်။

၂၇။ ရေယာဉ်ပိုင်ရှင်နှင့် ရေယာဉ်အုပ်သည် ရေယာဉ်ပေါ်သို့ တင်ဆောင်သော၊ ရောက်ရှိနေသော သို့မဟုတ် တင်ဆောင်မည်ဖြစ်သော မည်သည့် အထုပ်အပိုးနှင့် လက်ဆွဲအိတ်တို့တွင်မဆို အန္တရာယ်ဖြစ်စေသောပစ္စည်းများ ပါဝင်သည်ဟု သံသယရှိလျှင် သို့မဟုတ် ယုံကြည်ရန်အကြောင်းရှိလျှင်-

(က) အန္တရာယ်ဖြစ်စေသော ပစ္စည်းကို ရေယာဉ်ပေါ်သို့ တင်ဆောင်ရန် ငြင်းဆိုနိုင်သည်။

(ခ) ကုန်စည်တွင် မည်သည့်အန္တရာယ်ဖြစ်စေသော ပစ္စည်းပါဝင်သည်ဟု သေချာစေရန် ထိုပစ္စည်းများ၏သဘောသဘာဝကို ဖွင့်ဖောက်စစ်ဆေးကြည့်ရှုနိုင်သည်။

(ဂ) သယ်ဆောင်ရန် လက်ခံထားသော ထိုအန္တရာယ်ဖြစ်စေသော ပစ္စည်း၏သဘာဝကို ကျေနပ်လက်ခံသည်အထိ ထိုပစ္စည်းအတင်အချပြုလုပ်ခြင်းကို ရပ်ဆိုင်းထားနိုင်သည်။

၂၈။ မည်သူမျှ-

(က) ရေယာဉ်ပိုင်ရှင် သို့မဟုတ် ရေယာဉ်အုပ်ကို အသိပေးအကြောင်းကြားခြင်းမရှိဘဲ အန္တရာယ်ဖြစ်စေသော ပစ္စည်းတစ်မျိုးမျိုးကို ရေယာဉ်ပေါ်သို့ တင်ဆောင်ခြင်း သို့မဟုတ် သယ်ယူပို့ဆောင်ခြင်း မပြုရ။

(ခ) အန္တရာယ်ဖြစ်စေသောပစ္စည်း ထည့်ထားသည့် အထုပ်အပိုး၏ အပြင်ဘက်တွင် အထုပ်အပိုးအတွင်း ပါဝင်သောပစ္စည်း၏ အကြောင်းကို ထင်ရှားအောင် မှတ်သား ဖော်ပြထားခြင်းမရှိဘဲ သော်လည်းကောင်း၊ အန္တရာယ်ဖြစ်စေသော ပစ္စည်းအမျိုးအစားအလိုက် အန္တရာယ်ဖြစ်စေမှုအတိုင်းအတာကို ခွဲခြားပြီး ကုန်စည် တင်ဆောင်ခြင်းနှင့်ပို့ဆောင်ခြင်းပြုရာတွင် ဦးစီးဌာနက သတ်မှတ်ထားသော လိုက်နာရမည့်စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်၍သော်လည်းကောင်း မည်သည့်အန္တရာယ်ဖြစ်စေသော ပစ္စည်းကိုမျှ ထိုရေယာဉ်ပေါ်သို့တင်ဆောင်ခြင်း သို့မဟုတ် ရေယာဉ်ဖြင့် သယ်ဆောင်ခြင်းမပြုရ။

၂၉။ ရေယာဉ်ပိုင်ရှင်နှင့် ရေယာဉ်အုပ်သည် -

(က) ကုန်စည် တင်ဆောင်သူက ပုဒ်မ ၂၈ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကိုချိုးဖောက်၍ အန္တရာယ်ဖြစ်စေသော ပစ္စည်းတစ်စုံတစ်ရာကို ပြည်တွင်းရေကြောင်းသွား ရေယာဉ်ပေါ်သို့ တင်ဆောင်လျှင်သော်လည်းကောင်း၊ အထုပ်အပိုးတွင်ပါဝင်သောပစ္စည်းသည် ရေယာဉ်နှင့် ခရီးသည်များအား အန္တရာယ်ဖြစ်စေနိုင်လျှင်သော်လည်းကောင်း ထိုထည့်သွင်းသော အထုပ်အပိုးအပါအဝင် အန္တရာယ်ဖြစ်စေသော ပစ္စည်းတစ်စုံတစ်ရာကို စွန့်ပစ်ခွင့်ရှိသည်။

(ခ) ပုဒ်မခွဲ (က) အရ စွန့်ပစ်ခြင်းအတွက် ပေးလျော်ရန် တာဝန်မရှိသည့်အပြင် ရာဇဝတ်ကြောင်းအရသော်လည်းကောင်း၊ တရားမကြောင်းအရသော်လည်းကောင်း တရားစွဲဆိုခြင်း မခံထိုက်စေရ။

၃၀။ မည်သည့် ရေယာဉ်ပိုင်ရှင်နှင့် ရေယာဉ်အုပ်မျှ-

(က) ခရီးသည်များ အသက်အန္တရာယ်ကာကွယ်ရေးအတွက် ခွင့်ပြုထားသည့် ခရီးသည်အရေအတွက်အတိုင်း အသက်ကယ်ပစ္စည်းများ စီမံထားရှိခြင်းမရှိဘဲ ရေယာဉ်ကို အသုံးပြုခြင်း သို့မဟုတ် ခုတ်မောင်းသွားလာခြင်းမပြုရ။

(ခ) ခရီးသည်တင် ရေယာဉ်နှင့် ကုန်စည်တင်ရေယာဉ်အမျိုးအစားအလိုက် ခွင့်ပြုထားသော ခရီးသည်ထက်ကျော်လွန်၍သော်လည်းကောင်း၊ ဝန်တင်မျဉ်းအမှတ်အသားမြုပ်သည်အထိသော်လည်းကောင်း ခရီးသည် သို့မဟုတ် ကုန်စည်များကို တင်ဆောင်ခြင်းမပြုရ။

(ဂ) သတ်မှတ်ချက်များနှင့်အညီ ဝန်တင်မျဉ်း အမှတ်အသားပြုလုပ်ရန် ပျက်ကွက်ခြင်း မရှိစေရ။

(ဃ) ဝန်တင်မျဉ်းအမှတ်အသားကို ခွင့်ပြုချက်မရှိဘဲ ပြင်ဆင်ပြောင်းလဲမှတ်သားခြင်း၊ ဝန်တင်မျဉ်း အမှတ်အသားကို ဖုံးကွယ်ခြင်း၊ ပုံသဏ္ဌာန်ပျက်အောင် သို့မဟုတ် မထင်ရှားအောင် ပြုလုပ်ခြင်းမပြုရ။

(င) သူတစ်ဦးဦးက ပြင်ဆင်ပြောင်းလဲမှတ်သားထားသည့်၊ ဖုံးကွယ်ထားသည့်၊ ပုံသဏ္ဌာန်ဖျက်ထားသည့် သို့မဟုတ် မထင်ရှားအောင်

*(ဆက်လက်ဖော်ပြပါမည်)*

# ရန်ကုန်တက္ကသိုလ်နှင့် အရှေ့တိုင်းပညာဘာသာရပ်

**မိမိုးအေး(ဘားအံတက္ကသိုလ်)**

ရန်ကုန်တက္ကသိုလ်အပါအဝင် ဝိဇ္ဇာသိပ္ပံဘာသာရပ်များကို သင်ကြားပေးနေသော တက္ကသိုလ်များတွင် အရှေ့တိုင်းပညာဘာသာရပ်သည်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။ အရှေ့တိုင်းပညာဘာသာရပ်သည် ရန်ကုန်တက္ကသိုလ်၏ သက်တမ်းနှင့်အတူ တည်ရှိခဲ့သည့် ဘာသာရပ်တစ်ခုဖြစ်ပါသည်။

ခေတ်ဦးပိုင်းကာလများတွင် ပါဠိဘာသာ ဟူသောအမည်ဖြင့်ရှိခဲ့ပါသည်။ သင်ကြားသော ဘာသာရပ်နယ်ပယ် ကျယ်ဝန်းလာသည့်အတွက် အရှေ့တိုင်းပညာဘာသာရပ်ဟု အမည်ပြောင်းလဲခေါ်ဆိုခဲ့ပါသည်။ သမိုင်းတစ်လျှောက် ဘာသာရပ်၏ ဌာနအမည်ကိုလည်း ပါဠိဌာန၊ အရှေ့တိုင်းဘာသာစာပေလေ့လာရေးဌာန၊ ပါဠိနှင့်ဗုဒ္ဓကျမ်းစာဌာနဟူ၍ခေါ်ဆိုခဲ့ရာမှ ယခုအခါ အရှေ့တိုင်းပညာဌာန ဖြစ်လာပါသည်။

ဘာသာရပ်၏အကြောင်းကို မရေးသားမီ ဤဌာန၏နောက်ခံသမိုင်းကို အနည်းငယ်ဖော်ပြလိုပါသည်။

**ရန်ကုန်ကောလိပ်ပါဠိဌာန (၁၈၈၄-၁၉၂၀)**

ဗြိတိသျှအစိုးရသည်သက္ကရာဇ် ၁၈၈၄-၈၅ ခုနှစ်တွင် ရန်ကုန်အထက်တန်းကျောင်းနှင့်ပူးတွဲ၍ ရန်ကုန်ကောလိပ်ကို တည်ထောင်ဖွင့်လှစ်ခဲ့ပါသည်။ ထိုစဉ်က ဝိဇ္ဇာဘွဲ့၊ ဝိဇ္ဇာဂုဏ်ထူးဘွဲ့၊ သိပ္ပံဘွဲ့၊ သိပ္ပံဂုဏ်ထူးဘွဲ့များအတွက် ရန်ကုန်ကောလိပ်က သင်ကြားပို့ချပေးသောဘာသာရပ်(၆)ခုထဲတွင် ပါဠိဘာသာ ပါဝင်ပါသည်။ ယင်းဘာသာရပ်များမှာ အင်္ဂလိပ်၊ ပါဠိ၊ ဒဿနိကဗေဒ၊ သင်္ချာ၊ ရူပဗေဒနှင့် ဓာတုဗေဒတို့ ဖြစ်ပါသည်။

**ရန်ကုန်တက္ကသိုလ် အရှေ့တိုင်းပညာဘာသာစာပေလေ့လာရေးဌာန (၁၉၂၀-၁၉၄၁)**

၁၉၂၀ ဒီဇင်ဘာလတစ်ရက်နေ့တွင်ရန်ကုန်ကောလိပ်နှင့် ဂျပ်ဆင်ကောလိပ်နှစ်ခုပေါင်းကာ ရန်ကုန်တက္ကသိုလ်ဖြစ်လာခဲ့သည်။ ရန်ကုန်ကောလိပ်၏ ပါဠိဌာနဟူသောအမည်သည် ရန်ကုန်တက္ကသိုလ်၌ အရှေ့တိုင်း ပညာဘာသာစာပေလေ့လာရေးဌာနဟူသော အမည်ဖြစ်လာခဲ့သည်။ ၁၉၃၇ ခုနှစ်တွင် အရှေ့တိုင်းပညာဘာသာစာပေလေ့လာရေးဌာနသည် မြန်မာဘာသာဌာနနှင့် ပါဠိဘာသာဌာနဟူ၍ နှစ်ဌာနဖြစ်လာပါသည်။

**ရန်ကုန်တက္ကသိုလ်ပါဠိဌာန (၁၉၄၆-၁၉၇၀)**

ဒုတိယကမ္ဘာစစ်ကြီးအပြီး ၁၉၄၆ ခုနှစ်တွင်တက္ကသိုလ်များ ပြန်လည်ဖွင့်လှစ်သောအခါ ယခင်အရှေ့တိုင်းပညာ ဘာသာစာပေလေ့လာရေးဌာနသည် ပါဠိဌာနဖြစ်လာပါသည်။ ရန်ကုန်တက္ကသိုလ်ပညာရေးအဖွဲ့က ၁၉၅၁ ခုနှစ်တွင် ပါဠိဌာနနှင့်တွဲဖက်၍ ဗုဒ္ဓကျမ်းစာဌာနကိုဖွင့်ခဲ့သည်။ ၁၉၅၂ ခုနှစ်မှစ၍ဗုဒ္ဓအဘိဓမ္မာကို ရန်ကုန်တက္ကသိုလ်၌ ဘာသာရပ်တစ်ခုအဖြစ် ဖွင့်လှစ်သင်ကြားခဲ့သည်။ ထိုစဉ်ကပါဠိနှင့် ဗုဒ္ဓကျမ်းစာဌာနဟု ခေါ်ဆိုခဲ့ပါသည်။ ၁၉၆၅ ခုနှစ်တွင်ဤဘာသာရပ်ကို မန္တလေးဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်တွင်သာ အထူးပြုဘာသာအဖြစ် ဆက်လက်ထားရှိပြီး ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်တွင် အထောက်အကူပြုဘာသာရပ်အဖြစ်သာ သင်ကြားခွင့်ရရှိခဲ့ပါသည်။

**အရှေ့တိုင်းပညာဌာန (၁၉၇၀ မှ ယနေ့အထိ)**

၁၉၇၂ ခုနှစ်မှစတင်၍ အရှေ့တိုင်းပညာဌာနဟု အမည်ပြောင်းလဲခေါ်ဆိုခဲ့ပါသည်။ ၁၉၇၅-၇၆တွင်တက္ကသိုလ်စာပေးစာယူသင်တန်း ဖွင့်လှစ်သောအခါ ပထမနှစ်မှစတုတ္ထနှစ်အထိ အထောက်အကူပြုဘာသာရပ်များအဖြစ် ပို့ချပေးခဲ့ကြပါသည်။ ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမောင်ဒီ လက်ထက်တွင် ရန်ကုန်တက္ကသိုလ်တွင် အရှေ့တိုင်းပညာအထူးပြုအတန်းများ ဖွင့်လှစ်ခွင့်ရရှိခဲ့ရာ ၁၉၈၀-၁၉၈၁ ပညာသင်နှစ်မှစ၍အထူးပြုတန်းများ ပြန်လည်ဖွင့်လှစ်ခဲ့ပါသည်။ ၂၀၀၀ ပြည့်နှစ်မှစတင်၍ ယနေ့အထိ တက္ကသိုလ်တိုင်းတွင် အထောက်ကူပြုသင်တန်းများသာမက အထူးပြုတန်းများကိုပါ ဖွင့်လှစ်သင်ကြားခဲ့ပါသည်။

**အရှေ့တိုင်းပညာဘာသာရပ်**

အရှေ့တိုင်းပညာဘာသာရပ်ကို အင်္ဂလိပ်ဘာသာဖြင့် Oriental Studies ဟုခေါ်ပါသည်။ ကမ္ဘာ့အရှေ့တိုင်းနှင့် ပတ်သက်သည့် အကြောင်းအချက်များကို လေ့လာသည့်ပညာရပ်ဖြစ်ပါသည်။ အာရှတိုက်တောင်ပိုင်းနှင့် အရှေ့တောင်ပိုင်းဆိုင်ရာ ဘာသာစကား၊ စာပေ၊ သမိုင်း၊ ရှေးဟောင်းသုတေသန၊ ဘာသာရေး၊ ယဉ်ကျေးမှု၊ ဒဿနနှင့် လူမှုရေးပညာတို့ကိုလေ့လာပါသည်။ သင်ရိုးများ ပြောင်းလဲတိုးတက်လာသည့်အတွက် ပါဠိဘာသာဟူသောအမည်မှ အရှေ့တိုင်းပညာဟု အမည်ပြောင်းလဲခဲ့ပါသည်။

ဘာသာစကားအနေဖြင့် ပါဠိဘာသာ၊ သက္ကတဘာသာနှင့်ပါကတဘာသာတို့ကိုလေ့လာပါသည်။ ၎င်းဘာသာစကားတို့ဖြင့် မှတ်တမ်းတင်ထားသော စာပေနှင့်ယဉ်ကျေးမှုအခြင်းအရာများကိုပါ တစ်ဆက်တည်း လေ့လာပါသည်။ စာပေအနေဖြင့် ပါဠိစာပေ၊ သက္ကတစာပေတို့ကိုလေ့လာပါသည်။ ရှေးဟောင်းအိန္ဒိယသမိုင်းကို သင်ကြားသည့်အတွက်ဗုဒ္ဓုပ္ပတ္တိ၊ သင်္ဂါယနာတင်ပွဲများ၊ ဗုဒ္ဓသာသနာထွန်းကားပြန့်ပွားပုံ၊ မြန်မာနိုင်ငံနှင့် အရှေ့တောင်အာရှသို့ ဗုဒ္ဓသာသနာရောက်ရှိထွန်းကားပုံ၊ ဗုဒ္ဓဘာသာအနုပညာနှင့် ဗိသုကာပညာရပ်တို့အပြင် ဗုဒ္ဓခေတ်အိန္ဒိယနိုင်ငံ၏ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးအခြေအနေတို့ကိုလည်း လေ့လာသိရှိရပါသည်။

ထေရဝါဒဗုဒ္ဓဘာသာအပြင်ပင်မဗုဒ္ဓဘာသာ၏ ဂိုဏ်းခွဲတစ်ခုဖြစ်သော မဟာယာနဗုဒ္ဓဘာသာကိုလည်း လေ့လာပါသည်။ မြန်မာနိုင်ငံရှိ ယဉ်ကျေးမှုပွဲတော်များသည် ဗုဒ္ဓဘာသာနှင့် မည်သို့ဆက်စပ်မှုရှိပြီး မြန်မာ့ယဉ်ကျေးမှုကို များစွာ အထောက်အကူပြုကြောင်းကိုလည်း လေ့လာပါသည်။ ဒဿနပညာရပ်အနေဖြင့် ဗုဒ္ဓဒဿနကို လေ့လာပါသည်။ ပါဠိစာပေကိုလေ့လာသည့်အတွက် လူမှုရေးနှင့်ပတ်သက်၍ ဗုဒ္ဓ၏ဆုံးမလမ်းညွှန်ချက်များကို သိရှိရပါသည်။

အရှေ့တိုင်းပညာဘာသာရပ်သည် ဘာသာရေးကိုသင်ကြားခြင်းမဟုတ်ပါ။ ဘာသာစကားနှင့် စာပေကိုအထူးပြုလေ့လာပါသည်။ ဘာသာစကားအနေဖြင့် ပါဠိဘာသာကိုအထူးပြုလေ့လာပြီး ပါဠိစာပေကိုပါလေ့လာပါသည်။ မြန်မာစာပေနှင့်မြန်မာယဉ်ကျေးမှုသည် ပါဠိစာပေကိုအခြေခံ၍ပေါ်ပေါက်လာပြီးရှင်သန်ထွန်းကားလာခြင်း ဖြစ်ပါသည်။ ပါဠိဘာသာသည်ပုဂံခေတ်ကစပြီး ယနေ့အထိ မြန်မာတို့၏ကိုးကွယ်ရာဘာသာ၊ မြန်မာတို့၏စာပေ၊ မြန်မာတို့၏ဓလေ့စသည့် မြန်မာ့ယဉ်ကျေးမှု အဆောက်အအုံတစ်ခုလုံးကို လွှမ်းခြုံထားသောဘာသာစကားတစ်ခု၊ စာပေတစ်ရပ်ဖြစ်ပါသည်။ မြန်မာစာပေ၊ မြန်မာ့ဓလေ့၊ မြန်မာ့လူ့ဘောင်ကိုလေ့လာလျှင် ပါဠိဘာသာသည် မခြွင်းမချန်လေ့လာသင့်သည့် ဘာသာစာပေတစ်ရပ်ဖြစ်ပါသည်။

မြန်မာစာပေသည်ပုဂံခေတ်မှယနေ့အထိ ပါဠိဘာသာနှင့်လွတ်ကင်းနိုင်ခြင်းမရှိသေးပေ။ ရှေးခေတ်မြန်မာစာပေကိုဖယ်ထားဦး။ ယနေ့ခေတ်နေ့စဉ်သုံးစကားများမှာပင် ပါဠိဝေါဟာရများကိုသုံးစွဲနေရဆဲဖြစ်ပါသည်။ ပညာ၊ လောက၊ ကထိက၊ ပါမောက္ခ၊ သဘာဝ၊ ဗဟုသုတစသည့် ပါဠိစစ်ဝေါဟာရများ၊ သဘော၊ ဥပဒေ၊ နည်း၊ ပစ္စည်း၊ ဗိုလ်၊ တက္ကသိုလ်စသည့် ပါဠိသက်ဝေါဟာရများသည် မြန်မာတို့အတွက် အသစ်အဆန်းမဟုတ်တော့ဘဲ မိမိဘာသာစကားဟု ထင်မှတ်လောက်အောင် ရင်းနှီးကျွမ်းဝင်ပြီးဖြစ်ပေသည်။ ယနေ့ ရုံးသုံးဘာသာစကားအဖြစ် မြန်မာစာပေဖြစ်ပေါ်တိုးတက်မှုတွင် ပါဠိဘာသာသည် တစ်ထောင့်တစ်နေရာမှမဟုတ်ဘဲ အဓိကအခန်းကဏ္ဍကပါဝင်ခဲ့ပါသည်။

*ဆက်လက်ဖော်ပြပါမည်*

## ပြည်တွင်းသတင်းနှင့် ဆောင်းပါး



## ဥတ္တရသီရိမြို့နယ်တွင် အသိပညာပေးဟောပြောပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၂**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ်အတွင်း အမျိုးသမီးများအကြမ်းဖက်မှုကာကွယ်ရေးနှင့် ကျား/မ ခွဲခြားမှုပပျောက် ရေး အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၁၀ ရက် မွန်းလွဲ ၂ နာရီက ဥတ္တရသီရိမြို့နယ် အထက ၁၂ ချင်းရွာ၌ ကျင်းပသည်။

အခမ်းအနားသို့ ဥတ္တရခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ယဉ်၊ နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့ဝင်များဖြစ်ကြသော ဒေါ်မိမိခိုင်၊ ဒေါ်သက်သက်နွယ်၊ ဒေါ်ထက်နွယ်လင်း၊ ဒေါ်နှင်းဝတ်ရည်အောင်၊မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရွှေစင်ဝင်းနှင့်အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ရပ်ကွက်ပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဥတ္တရခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့ဝင်များက အမျိုးသမီးများအကြမ်းဖက်မှုကာကွယ်ရေးနှင့် ကျား/မ ခွဲခြားမှုပပျောက်ရေးအသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ရွှေဇင်အိ**

## ပညာရေးဌာနသို့ ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်

**ပင်းတယ ဒီဇင်ဘာ ၁၂**

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် မိုင်းလီကျေးရွာအုပ်စု နောင်ရဲကျေးရွာတွင် နိပွန်ဖောင်ဒေးရှင်းနှင့် စေတနာအဖွဲ့မှဆောက်လုပ်လှူဒါန်းသောကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၀ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းဆောင်သစ်ရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးထူးကိုကို၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးခင်မောင်ချို၊ မြို့နယ်ပညာရေးမှူးနှင့် နိပွန်ဖောင်ဒေးရှင်းဒါရိုက်တာ ဒေါ်အေးအေးသန်းတို့က ကျောင်းဆောင်သစ်ကိုဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး အဆိုပါကျောင်းဆောင်သစ်ရှေ့တွင် အမှတ်တရသစ်ပင်များ စိုက်ပျိုးကြသည်။

ဆက်လက်၍ နိပွန်ဖောင်ဒေးရှင်းဒါရိုက်တာက ကျောင်းဆောင်သစ်နှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို ပညာရေးမှူးထံသို့လွှဲပြောင်းပေးအပ်သည်။ အဆိုပါကျောင်းဆောင်သစ်သည် အလျား ပေ၉၀ နှင့်အနံ ပေ ၃၀ ဖြစ်ပြီး စုစုပေါင်းကုန်ကျငွေကျပ် ၂၇၇ သိန်းဖြစ်ကြောင်းသိရသည်။

**မိုးမိုးထွေး(ပင်းတယ)**

## အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းရှိ ရန်ကုန်ပုံနှိပ်စက်ရုံများ၊ အထက်မြန်မာပြည်အစိုးရ ပုံနှိပ်စက်ရုံ(မန္တလေး)နှင့် နေပြည်တော်ပုံနှိပ်စက်ရုံ(ဇေယျာသီရိ) တို့မှ ထွက်ရှိသော ဘေးထွက်ပစ္စည်းများကို အိတ်ဖွင့်တင်ဒါနစ်ဖြင့် ရောင်းချပါမည်။

၂။ တင်ဒါပုံစံလျှောက်လွှာနှင့် စည်းကမ်းချက်များကို ၁၀-၁၂-၂၀၁၆ ရက်မှ ၁၅-၁၂-၂၀၁၆ရက်အထိ နေ့စဉ် ၉း၃၀နာရီမှ ၁၆း၀၀နာရီအတွင်း ဝယ်ယူနိုင်ပြီး တင်ဒါပိတ်ရက်မှာ ၁၅-၁၂-၂၀၁၆ ရက် ၁၆း၀၀နာရီ ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၂၅၁၉၀၈၊ ၀၆၇-၄၁၂၂၀၈၊ ၀၂-၆၂၉၃၁တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း**
**အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့**

## မြေကွက်ရောင်းမည်

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ ဆ/၁၁၊ ၆၉လမ်းနှင့် ဂေါသဇင်လမ်းထောင့်၊ ပေ (၆၀×၈၀)၊ (၄၀ပေ×၆၀ပေ၊ နှစ်ကွက်တွဲ) မြေအပိုပါသည်။ (ညှိနှိုင်းဈေး) **ဆက်သွယ်ရန် ဖုန်း-၀၉-၆၈၀၈၄၀၀၊ ၀၉-၄၀၀၅၃၈၈၀၃**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(တတိယအကြိမ်)

၁။ တနင်္သာရီတိုင်းဒေသကြီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့ (၁၆)၊ မြိတ်မြို့မှ ၂၀၁၆-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်သွားမည့် တံတား(၆)စင်းအတွက် အောက်ဖော်ပြပါပစ္စည်းများအား (မြန်မာကျပ်ငွေ)ဖြင့် အိတ်ဖွင့်တင်ဒါ (Open Tender) ဖိတ်ခေါ်၍ ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | ပေးသွင်းရမည့်နေရာ |
|---|---|---|---|
| (က) | သံချောင်းရှယ်စုံ (MEC) | ၂၈၁.၁၃၅ တန် | ကျွဲကူးစတိုအရောက် |
| (ခ) | ဘိလပ်မြေ(ဆင်) | ၆၇၃.၈၀ တန် | ကျွဲကူးစတိုအရောက် |
| (ဂ) | မြစ်ကျောက်စရစ် | ၃၉၀.၇၅ ကျင်း | တံတားလုပ်ငန်းခွင်များအရောက် |
| (ဃ) | မြစ်သဲကြမ်း | ၂၆၉.၅၀ ကျင်း | တံတားလုပ်ငန်းခွင်များအရောက် |
| (င) | Chipping | ၈၁.၀၀ကျင်း | တံတားလုပ်ငန်းခွင်များအရောက် |

၂။ **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၁၀-၁၂-၂၀၁၆ရက်
၃။ **တင်ဒါလျှောက်လွှာပိတ်မည့်ရက်၊ အချိန်** - ၂၉-၁၂-၂၀၁၆ရက်
၄။ **တင်ဒါဖွင့်လှစ်မည့်ရက်၊ အချိန်** - ၁-၁-၂၀၁၅ရက်၊ နံနက် ၁၀း၀၀နာရီ
၅။ **တင်ဒါဖွင့်လှစ်မည့်နေရာ** - ဒု-အင်ဂျင်နီယာမှူးကြီးရုံး၊ တံတားအထူးအဖွဲ့(၁၆)၊ ကျွဲကူး-ကျောက်ဖျာတံတားအနီး၊ ကျွဲကူးရွာ၊ မြိတ်မြို့။
၆။ **တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ** - ဒု-အင်ဂျင်နီယာမှူးကြီးရုံး၊ တံတားဆောက်လုပ်ရေးစီမံကိန်း၊ အထူးအဖွဲ့(၁၆)၊ ကျွဲကူး-ကျောက်ဖျာတံတား၊ မြိတ်မြို့
၇။ တင်ဒါပုံစံများနှင့် စည်းကမ်းချက်များ၊ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။ ဖုန်း-၀၉-၂၀၃၈၇၁၂၊ ၀၉-၄၂၁၇၂၂၁၈၈

**တင်ဒါရွေးချယ်စိစစ်ရေးအဖွဲ့၊ တံတားအထူးအဖွဲ့ (၁၆)၊ မြိတ်မြို့**

## ရောင်းမည်

မြောက်ဥက္ကလာပမြို့နယ်၊ သုဓမ္မာလမ်းမကြီး၊ တံတားလေးအနီး။

**ဆက်သွယ်ရန်**
**ဖုန်း-၀၉-၅၁၄၅၆၃၀**

## အမည်ပြောင်း

နောင်ချိုမြို့နယ်၊ မယ်ဟုန်ကျေးရွာ၊ အမက ကျောင်းဆရာမ (ဘ)ဦးတင်လူ-မိခင် ဒေါ်နှင်းစည်တို့၏သမီး မသင်းသင်းခိုင်အား ယနေ့မှစ၍ မသိန်းသိန်းဦးဟု ပြောင်းလဲခေါ်ပါရန်။ **မသိန်းသိန်းဦး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး၏ ၂၀၁၆-၂၀၁၅ဘဏ္ဍာနှစ်ဖြည့်စွက်ရန်ပုံငွေဖြင့် ကျေးရွာများတွင် ဆောင်ရွက်မည့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံတည်ဆောက်ခြင်းလုပ်ငန်းလေးခုအား အိတ်ဖွင့်တင်ဒါတင်သွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၅-၁၂-၂၀၁၆ရက်မှ မကွေးတိုင်းဒေသ ကြီး လျှပ်စစ်အင်ဂျင်နီယာရုံးတွင် စတင်၍ရောင်းချမည်ဖြစ်ပြီး၊ အိတ်ဖွင့်တင်ဒါများကို ၂၉-၁၂-၂၀၁၆ရက် ၁၆း၀၀နာရီနောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို မကွေးတိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး၊ အင်ဂျင်နီယာဌာန၌ လူကိုယ်တိုင်လာရောက်၍ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။ ဖုန်း-၀၆၃-၂၅၈၀၉၊ ၀၆၃-၂၃၀၁၂ **တင်ဒါခေါ်ယူရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ လတ်ယက်စမ်းကျေးရွာနေ ဦးအုန်း၏သားဦးကျော်ဝင်း TKA-၀၂၅၆၆၂ က ၎င်းလက်ရှိအမည်ပေါက်ပိုင်ဆိုင်လျက်ရှိသော နေပြည်တော်မြေတိုင်းရပ်ကွက် အမှတ် ၈/ပုဗ္ဗသီရိရပ်၊ ဝဏ္ဏဒီပရပ်ကွက်၊ စွယ်တော် ၁၄လမ်း၊ မြေကွက်အမှတ် (ပ-၃၄၃၄၄)၊ မြေအကျယ်အဝန်း အလျားပေ ၆၀× အနံပေ ၄၀၊ ၀ ဒသမ ၀၅၅ ဧကအား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ အမှတ်(၅၈)နေ (ဘ)ဦးညွန့်သိမ်း၏သား ဦးမျိုးလွင် ၁၃/တကန(နိုင်)၁၄၀၅၂၃ကို ရောင်းချမည်ဖြစ်ကြောင်း ကမ်းလှမ်းလာခဲ့သည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ကမ်းလှမ်းသည့်ဈေးဖြင့် လက်ရောက်ငွေအပြီးပေးချေဝယ်ယူ၍ ရောင်းချသည့်မြေကွက်ကို လက်ရောက် In Position ပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများသည် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထား၊ စာရွက်စာတမ်း(မူရင်း)များဖြင့် ကန့်ကွက်နိုင်ပါသည်။ကန့်သတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက ရှေ့ဆက်ဆောင်ရွက်ရန် ကိစ္စများကို ဥပဒေဘောင်အတွင်းမှ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမျိုးလွင် ၁၃/တကန(နိုင်)၁၄၀၅၂၃**
**၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိန်ကြီး (လက်ထောက်ညွှန်ကြားရေးမှူး-ငြိမ်း) (စီမံ/စီးပွား)**
**B.A (Eco), D.A, R.L, D.B.L, D.M.L, D.I.L, M.A (Business Law P1), WIPO (Switzerland)(အထက်တန်းရှေ့နေ ၃၇၀၂၉)**
**ရုံး- အမှတ်(၅၀)၊ အခန်း (C-2)၊ ပထမထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**အိမ်- အမှတ်(၄၈၇)၊ ဒူးယား ၄လမ်း၊ (၅၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၄၈၀၁၉၆၉၇၊ ၀၉-၂၅၂၄၀၁၄၁၇**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ရန်ကုန်မြို့တွင်း ခြောက်မြို့နယ်၌ ဆင်ဆာစနစ်သုံး CCTV မီးပွိုင့်များ တပ်ဆင်မည်



ဆင်ဆာစနစ်သုံး CCTV မီးပွိုင့်စနစ်များ ရှစ်မိုင်လမ်းဆုံတွင် တပ်ဆင်ထားမှုကို တွေ့ရစဉ်။

**ရန်ကုန် ဒီဇင်ဘာ ၁၂**

ရန်ကုန်မြို့တွင် ယာဉ်ကြောကျပ်တည်းမှုကို ဖြေရှင်းနိုင်ရေး အထောက်အကူဖြစ်စေရန်အတွက် မြို့တွင်း ခြောက်မြို့နယ်၌ ဆင်ဆာစနစ်သုံး CCTV မီးပွိုင့် ၆၅ ခု တပ်ဆင်သွားနိုင်ရေး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်ရန် ကြိုးစားနေပြီဖြစ်သည်။

ဆင်ဆာစနစ်သုံး CCTV မီးပွိုင့်များကို အသုံးပြုခြင်းသည် မီးပွိုင့်လမ်းဆုံများတွင် ယာဉ်စီးရေ များပြားမှုကို အလိုအလျောက်ထိန်းချုပ်ပေးနိုင်မည်ဖြစ်ပြီး မီးပွိုင့်ယာဉ်ထိန်းအချင်းချင်း ချိတ်ဆက်မှုများနှင့် အရေးပေါ်ကိစ္စရပ်များကို ပူးပေါင်းနိုင်ကာ အချိန်တိုအတွင်း လျင်မြန်စွာ ဖြေရှင်းပေးသွားနိုင်မည်ဖြစ်သည်။

ရန်ကုန်မြို့တစ်ဝန်းတွင် မီးပွိုင့်စုစုပေါင်း ၁၆၉ ခုရှိရာ ဆင်ဆာစနစ်သုံး CCTV မီးပွိုင့်မှာ ၁၀ ခုသာရှိနေသေးသည်။ ယင်းမီးပွိုင့်ကို မရမ်းကုန်းမြို့နယ် ရှစ်မိုင်လမ်းဆုံတွင် ၂၀၁၃ ခုနှစ်က စတင်အသုံးပြုခဲ့ပြီးနောက် ဂျပန်နိုင်ငံမှ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီအကူအညီဖြင့် မီးပွိုင့် ၁၀ ခုတွင် ဆင်ဆာစနစ်သုံး CCTV မီးပွိုင့်စနစ်များ တပ်ဆင်ခဲ့ပြီးဖြစ်သည်။

ဆင်ဆာစနစ်သုံး CCTV မီးပွိုင့်များ တပ်ဆင်ရာတွင် ငွေကြေးကုန်ကျမှုများပြားသဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ပထမအဆင့်အဖြစ် မြို့တွင်း ခြောက်မြို့နယ်မှ မီးပွိုင့် ၆၅ ခုကို ယင်းစနစ်သုံး မီးပွိုင့်များ တပ်ဆင်နိုင်ရေး ပုဂ္ဂလိကများသို့ ပွင့်လင်းမြင်သာစွာ တင်ဒါခေါ်ယူသွားရန် စီစဉ်နေပြီဖြစ်သည်။

ထိုသို့ ဆင်ဆာစနစ်သုံး CCTV မီးပွိုင့်များကို တဖြည်းဖြည်းဖြင့် ရန်ကုန်တစ်မြို့လုံးတွင်ရှိသော မီးပွိုင့်အားလုံးတွင် တပ်ဆင်သွားမည်ဖြစ်သည်။ ယင်းမီးပွိုင့်များ တပ်ဆင်ပြီးပါက ရန်ကုန်မြို့တွင် ဖြစ်ပေါ်နေသော ယာဉ်ကြောပိတ်ဆို့မှုကို အထိုက်အလျောက်လျော့ပါးသွားနိုင်မည်ဖြစ်သည်။

ရန်ကုန်မြို့တွင် ယာဉ်ကြောပိတ်ဆို့မှု လျော့ကျစေရန်အတွက် ခုံးကျော်တံတားများ တည်ဆောက်မှုအပြင် ယာဉ်ကြောထိန်းချုပ်မှုစင်တာတစ်ခုကိုလည်း တည်ဆောက်ရန် စီစဉ်ခြင်းနှင့် မီးပွိုင့်စနစ်များကို ပြောင်းလဲခြင်းများ ပြုလုပ်လျက်ရှိသည်။ **သတင်း-ဝေယံဦး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# မြို့နယ် ၃၅ ခုတွင် လျှပ်စစ်မီးရရန် လာမည့်ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၂**

နိုင်ငံတစ်ဝန်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ မြို့နယ် ၃၅ ခုတွင် လျှပ်စစ်မီးရရှိစေရန်အတွက် လာမည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ရခိုင်နှင့် ရှမ်းပြည်နယ်တို့ရှိ မြို့နယ်များတွင် အများဆုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သိရသည်။

"ယခင်က လျှပ်စစ်ဓာတ်အားမရသေးတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ရရှိအောင် ကြိုးပမ်းဆောင်ရွက်နေပါတယ်။ အထူးသဖြင့် ပြည်နယ်တွေကို ဦးစားပေးပြီး အကောင်အထည်ဖော် ဆောင်ရွက်မှာဖြစ်ပါတယ်"ဟု လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လျှပ်စစ်မီးရရှိရေး ဆောင်ရွက်သွားမည့် မြို့နယ်များမှာ ရခိုင်ပြည်နယ်တွင် ရှစ်မြို့နယ်၊ ရှမ်းပြည်နယ်တွင် ခုနစ်မြို့နယ်၊ ကချင်၊ ကယား၊ ချင်းပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတွင် နှစ်မြို့နယ်စီ၊ ကရင်ပြည်နယ်တွင် ငါးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် လေးမြို့နယ်၊ မွန်ပြည်နယ်၊ မန္တလေးနှင့် တနင်္သာရီတိုင်းဒေသကြီးများတွင် တစ်မြို့နယ်စီ ဖြစ်ကြောင်း သိရသည်။

အဆိုပါမြို့နယ်များတွင် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဓာတ်အားလိုင်းများသွယ်တန်းခြင်း၊ ဓာတ်တိုင်များစိုက်ထူခြင်းနှင့် ဓာတ်အားခွဲရုံတည်ဆောက်ခြင်းစသောလုပ်ငန်းများကို အရှိန်မြှင့်ဆောင်ရွက်လျက်ရှိသည်။ ပြည်သူများ၏ လူမှုဘဝမြှင့်တင်ရေးအတွက် လျှပ်စစ်ဓာတ်အားရရှိရေးသည် အဓိကအရေးပါသည့်အချက်ဖြစ်ရာ မြို့နယ်များတွင် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ **ကြဲတိုင်းအောင်**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ကျွန်းလှ ဒီဇင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လမ်းနှင့်တံတားများ တည်ဆောက်နေမှု၊ ကျောင်းဆောင်သစ်များ တည်ဆောက်နေမှုနှင့် သောက်သုံးရေကန် တူးဖော်မှုစသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး ဦးတင်လှိုင်မြင့်နှင့် အဖွဲ့က ဒီဇင်ဘာ ၅ ရက်က ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ် လက်ကျန်လုပ်ငန်းများဖြစ်သည့် ရေယိမ်း-ညောင်ကိုင်းလမ်းပေါ်ရှိ ရေကျော်မှုနှင့် တံတားပျက်စီးနေမှုကို ပြင်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှု၊ ကုက္ကိုကုန်းကျေးရွာအနီးရှိ ကုက္ကိုကုန်း-ယင်းတိုက်မြေသားလမ်း ဖောက်လုပ်နေမှု၊ ယင်းတိုက်-အိမ်ခြေ မှူးမြစ်ကူးတံတား တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှု၊ ယင်းတိုက်-အိမ်ခြေ ဆက်သွယ်ရေးလမ်းတွင် အိမ်ခြေဘက်မှ ဆောင်ရွက်မည့်လမ်းပိုင်းအား လမ်းအူကြောင်းရွှေ့ချယ်နိုင်ရေး၊ အိမ်ခြေကျေးရွာအုပ်စု ရွာကုန်းကြီးကျေးရွာတွင် တိုက်နယ်ဆေးရုံနှင့် ဝန်ထမ်းအိမ်ရာတည်ဆောက်နေမှု၊ တောင်ယာဆိပ်ကျေးရွာအုပ်စုတွင် သောက်သုံးရေကန်တူးဖော်ထားရှိမှုနှင့် ရေစင်ဆောက်လုပ်ပြီးစီးမှု၊ မူလတန်းလွန်ကျောင်းတွင် ကျောင်းဆောင်သစ်ဆောက်လုပ်ပြီးစီးမှုနှင့် ကုက္ကိုကုန်း-တောင်ယာဆိပ်လမ်းပြုပြင်နေမှုများကို စည်ပင်သာယာရေးဝန်ကြီးနှင့်အတူ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသောင်းဟိန်း၊ မြို့နယ်အထောက်အကူပြု ကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနတို့မှ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုပြီး လိုအပ်သည်များကို ဖြည့်စွက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# စာဆိုတော်နေ့ဂုဏ်ပြု စာပေဟောပြောပွဲနှင့် စာကြည့်တိုက်ဖွင့်ပွဲကျင်းပ

**ပခုက္ကူ ဒီဇင်ဘာ ၁၂**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ကုက္ကိုလှကျေးရွာမူလတန်းကျောင်း၌ စာဆိုတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဘဝတက်လမ်းစာကြည့်တိုက်ဖွင့်ပွဲနှင့် စာပေဟောပြောပွဲကို ဒီဇင်ဘာ ၆ ရက်က ကျင်းပခဲ့သည်။

စာပေဟောပြောပွဲတွင် စာဆိုတော်နေ့ကျင်းပရခြင်းအကြောင်း၊ ခေတ်အဆက်ဆက် မြန်မာစာပေပညာရှင်ကြီးများဖြစ်သော ပုဂံခေတ် အနန္တသူရိယအမတ်ကြီး၊ ပင်းယခေတ်စတုရင်္ဂဗလအမတ်ကြီး၊ အင်းဝခေတ် ရဟန်းစာဆိုတော် ရှင်မဟာရဋ္ဌသာရ၊ လွတ်လပ်ရေးကြိုခေတ် ရဟန်းစာဆိုတော် အရှင်ဇနကာဘိဝံသနှင့် လွတ်လပ်ရေးအကြိုခေတ် ခေတ်ဆန်းစာပေဦးဆောင်သူဆရာဇော်ဂျီတို့၏ အတ္ထုပ္ပတ္တိများနှင့် အဆိုပါ စာပေပညာရှင်ကြီးများ၏ စာပေကဗျာများကို ကျေးရွာဝတ်အသင်းနှင့် မင်္ဂလာသင်တန်းမှ သင်တန်းသား သင်တန်းသူများက ဖတ်ကြားရွတ်ဆိုခဲ့သည်။ ထို့နောက် ပခုက္ကူ တက္ကသိုလ် သမိုင်းဌာနမှ တွဲဖက်ပါမောက္ခ ဦးခင်မောင်ဆွေက သမိုင်းနှင့်စာပေခေါင်းစဉ်ဖြင့် လည်းကောင်း၊ စာရေးဆရာသာလွန်ကျော်က ရသစာပေအကြောင်း သိကောင်းစရာများခေါင်းစဉ်ဖြင့် လည်းကောင်း စာပေဆိုင်ရာများကို ဟောပြောခဲ့ကြောင်း သိရသည်။

စာကြည့်တိုက်ဖွင့်ပွဲနှင့် စာပေဟောပြောပွဲသို့ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမြင့်အောင်၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများတက်ရောက်ခဲ့ကြသည်။

**အောင်(မန်းတက္ကသိုလ်)**


**တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အသုံးပြုရန်အတွက် အောက်ဖော်ပြပါ မော်တော်ယာဉ်(၃)စီးအား မြန်မာငွေကျပ်ဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

Prado (၇)ယောက်စီး - ၃ စီး
(Above 97 Model/ TX Limited/ Round Aircon)
(သို့မဟုတ်)
Surf
(Above 99 Model/ SS RG-Grade) - ၃ စီး

၂။ တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါပုံစံများကို ၁၅-၁၂-၂၀၁၄ရက်မှ စတင်ရောင်းချမည်ဖြစ်ပါသည်။ တင်ဒါပိတ်သိမ်းမည့်ရက်မှာ ၂၄-၁၂-၂၀၁၄ရက် ၁၆း၃၀နာရီ နောက်ဆုံးထား တင်သွင်းရမည်ဖြစ်ပါသည်။ တင်ဒါဖွင့်ရက်ကို တင်ဒါတင်သွင်းသူများအား ဆက်သွယ်အကြောင်းကြားသွားမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် အသေးစိတ်အချက်အလက်များကို ဧရာဝတီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဖုန်း-၀၄၂-၂၅၂၇၇၊ ၀၄၂-၂၃၉၄၁သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ဧရာဝတီတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့**

**ရန်ကုန်တိုင်းဒေသကြီး၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း**
**(ဘုရင့်နောင်ကုန်စည်ဒိုင်)**

## (၂၁)ကြိမ်မြောက်၊ အသင်းသားစုံညီ နှစ်ပတ်လည်အစည်းအဝေး ဖိတ်ကြားခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (ကုန်စည်ဒိုင်)၏ (၂၁)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းဝင်များ မပျက်မကွက်(မပျက်မကွက်)တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်နေ့ရက်** - ၂၀၁၄ခုနှစ် ဒီဇင်ဘာ ၃၀ရက်၊ အင်္ဂါနေ့
**ကျင်းပမည့်အချိန်** - နံနက် ၁၁း၀၀ နာရီ
**ကျင်းပမည့်နေရာ** - အစည်းအဝေးခန်းမ၊ ကုန်စည်ဒိုင်အဆောက်အအုံ၊ အမှတ် ခ-၈၁/၈၂၊ ကံ့ကော်လမ်းမကြီး၊ ဘုရင့်နောင်ပွဲရုံနယ်မြေ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

၂။ ယင်းအစည်းအဝေးတွင် အကြံပြုလိုသည့်အချက်များရှိပါက ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၂ရက်၊ (တနင်္လာနေ့)ထက် နောက်မကျစေဘဲ အသင်းရုံးတည်ရှိရာ ဘုရင့်နောင်ကုန်စည်ဒိုင်သို့ အချိန်မီပေးပို့ကြပါရန်နှင့် ၄င်းရက်ထက် ကျော်လွန်ရောက်ရှိလာသည့် အကြံပြုချက်များကို ပြန်ကြားမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန**
**မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန**
**၁၄/၂၀၁၄-၂၀၁၅ ကြိမ်မြောက် စက်မှုကုန်ကြမ်း သစ်လုံး/သစ်ခွဲသား**

## ဈေးပြိုင်လေလံကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှ စက်မှုကုန်ကြမ်း သစ်လုံး/သစ်ခွဲသားများကို အောက်ဖော်ပြပါအတိုင်း ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်-

(က) **ရောင်းချမည့်ရက်နှင့်အချိန်** - ၂၉-၁၂-၂၀၁၄ / - ၃၀-၁၂-၂၀၁၄ } ၀၉း၃၀နာရီမှ ၁၆း၃၀နာရီအထိ
(ခ) **ရောင်းချမည့်အမျိုးအစားနှင့်တန်** - ကျွန်းသစ်လုံး ၄၇၇ တန်ခန့် / သစ်မာသစ်လုံး ၁၁၁၆၉ တန်ခန့် (ပိတောက်/တမလန်း သစ်လုံးများပါဝင်မည်) / - ကျွန်းခွဲသား (၇၁)တန်ခန့် / - သစ်မာခွဲသား (၁၁)တန်ခန့် (ပိတောက်/တမလန်းခွဲသားများပါဝင်မည်)
(ဂ) **ရောင်းချမည့်နေရာ** - အမှတ်(၁၀၃)သစ်စက် ရှင်းလင်းဆောင် မြန်မာ့သစ်လုပ်ငန်း၊ မန္တလေးတိုင်းဒေသကြီး

၂။ သစ်လုံးဈေးပြိုင်လေလံနှင့်ပတ်သက်သည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက မြန်မာ့သစ်လုပ်ငန်း web-site ဖြစ်သော www.myanmatimber. com.mm တွင် ဝင်ရောက်ကြည့်ရှု၍လည်းကောင်း၊ ဖုန်း-၀၁-၃၇၂၄၂၃၊ ၀၁-၃၇၂၀၂၃၊ ၀၁-၃၇၂၆၈၈၊ ၀၂-၇၀၃၇၁ များတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

**ဈေးပြိုင်လေလံကျင်းပရေးကော်မတီ၊ ပြည်တွင်းရောင်း/စက်**

## ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်မြို့သစ်(ခ)၊မြေကွက်အမှတ်(၉၁)၊ မြေကွက်တည်နေရာအမှတ်(၁၀၄)၊ ခ/၅လမ်း၊ မြို့သစ်(က+ခ)ရပ်ကွက်၊ အင်းစိန်မြို့နယ် ဒေါ်ထွေးတင် အမည်ပေါက် နှစ် ၆၀ မြေငှားဂရန်မြေအား ဦးတင်ဝင်း ၁၂/အစန(နိုင်)၀၃၆၆၄၆၊ ဒေါ်ခင်နှင်းဝေ ၁၂/အစန(နိုင်)၀၃၆၆၄၄၊ ဒေါ်ရီရီအုံး ၁၂/အစန(နိုင်)၀၃၆၆၃၇ တို့က မြေအမည်ပေါက် (ဒေါ်ထွေးတင်)ကွယ်လွန် အမည်ပေါက်ခင်ပွန်းဦးခင်ဆွေသည် ဦးကိတ္တိရဘွဲ့အမည်ဖြင့် သာသနာဘောင်သို့အပြီးအပိုင် ဝင်ရောက်သွားကြောင်းနှင့် သားသမီးများတော်စပ်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်း၊ ဦးကိတ္တိရ၏သာသနာဝင်စိစစ်ရေးကတ်ပြား ၁၂/အစန(သ)၀၀၀၁၉၉ နှင့် မြေပုံကူးပုံလျှောက်ထားခြင်းကို သဘောတူကြောင်း တင်ပြစာတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့်စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၃ယ/၄၉၈၅၃ ယာဉ်လက်ဝယ်ရှိသူ ဒေါ်လှိုင်နွယ်ထွန်း ၁၀/မဒန(နိုင်) ၁၆၃၄၁၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(သထုံ)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၉ယ/၃၁၂၄၉ ဟွန်ဒါဒရိမ်း NA-125 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဇော် ၆/လလန(နိုင်)၀၄၂၀၈၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၄ဟ/၅၆၁၄ ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းထွန်း ၁၀/သထန(နိုင်) ၀၈၁၅၂၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(သထုံ)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁ဂ/၆၀၃၆ Willy BH 10, Jeep (4x4) ယာဉ်လက်ဝယ်ရှိသူ ဦးဟိန်းမင်းထက် ၁၄/မအပ(နိုင်)၁၉၈၅၈၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

## သတင်းတိုများ

### လှည်းကူးမြို့နယ်အတွင်း ထရန်စဖော်မာများတပ်ဆင်

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်အတွင်း ပြည်သူများ လျှပ်စစ်ဓာတ်အားအပြည့်ရရှိရေး၊ နွေရာသီတွင် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုမရှိရေးနှင့် ဓာတ်အားပျောက်ဆုံးမှုလျှော့ချနိုင်ရေးအတွက် မြို့မရပ်ကွက် တပင်ရွှေထီးလမ်းတွင် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမောင်မောင်သန့်ဇင်နှင့် ဝန်ထမ်းများက ထရန်စဖော်မာသစ်တစ်လုံးကို ဒီဇင်ဘာ ၇ ရက်က တပ်ဆင်ခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

### ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများကွင်းဆင်းစစ်ဆေး

မိတ္ထီလာခရိုင် သာစည်မြို့နယ်အတွင်းရှိ ကျေးလက်ဒေသများတွင် သန့်ရှင်းသောသောက်သုံးရေရရှိရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေရရှိရေးနှင့် ကျေးလက်ဒေသမီးလင်းရေးလုပ်ငန်းများဆောင်ရွက်နေမှုကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်ငွေ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းညွန့်ဦးနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဦးသူရတို့က ဒီဇင်ဘာ ၁၀ ရက်က ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

**ထွန်းထွန်း(သာစည်)**

### စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုများချီးမြှင့်

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ အခြေခံပညာကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုပေးပွဲကို ဒီဇင်ဘာ ၇ ရက်က ကျင်းပခဲ့ရာ မကွေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစောဝင်းမောင်၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့လူမှုရေးဝန်ကြီး ဦးအောင်ကျော်မင်း၊ ချင်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးဆလိုင်းလှထွန်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းဖေနှင့် တာဝန်ရှိသူများက အလယ်တန်းနှင့် အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲ ဆုရကျောင်းသား ကျောင်းသူများ၊ မူလတန်းအဆင့် ကဗျာရွတ်ပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများကို ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

**ဧယျာတု(မကွေး)**

### လူကုန်ကူးမှုတားဆီးကာကွယ်ရေး ပညာပေးဟောပြော

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးခန်းမ၌ အမျိုးသမီးများ အကြမ်းဖက်ခံရမှုကာကွယ်တားဆီးရေးနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၈ ရက်က ကျင်းပခဲ့ရာ မြိုင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စုမာထွေးက အမျိုးသမီးဆိုင်ရာအခွင့်အရေးများ၊ လူကုန်ကူးမှုဖြစ်စဉ်များ၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်လွင်လွင်အေးက လူကုန်ကူးမှုဆိုင်ရာဥပဒေနှင့် အမျိုးသမီးများ အခွင့်အရေး၊ မြို့နယ်ရဲတပ်ဖွဲ့ရုံးမှ ရဲအုပ်မြင့်သိန်းက လူကုန်ကူးမှုဆိုင်ရာပြစ်မှုပြစ်ဒဏ်များအကြောင်းတို့ကို ဟောပြောခဲ့ပြီး အဆိုပါဟောပြောပွဲသို့ မြိုင်မြို့ပေါ်ရှိ ရပ်ကွက်များမှ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ အဖွဲ့ဝင်များ၊ ဒေသခံများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**စိန်မြိုင်(မြိုင်)**

# အထက်သံလွင်ရေအားလျှပ်စစ်စီမံကိန်းဆောင်ရွက်ရန် ဒေသခံပြည်သူများနှင့် တွေ့ဆုံရှင်းလင်းပွဲကျင်းပ

**ကွမ်းလုံ ဒီဇင်ဘာ ၁၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံတွင် တည်ဆောက်မည့် အထက်သံလွင်ရေအားလျှပ်စစ်စီမံကိန်း(ကွမ်းလုံ) ဆောင်ရွက်ရေးလုပ်ငန်းအခြေအနေများနှင့်ပတ်သက်၍ ဒေသခံပြည်သူများအား တွေ့ဆုံရှင်းလင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၈ ရက်က ကွမ်းလုံမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။




ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲတွင် ရှမ်းပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင်က အမှာစကားပြောကြားပြီး စီမံကိန်းဆိုင်ရာများကို အသေးစိတ်ရှင်းလင်းဆွေးနွေးသည်။ အထက်သံလွင် ရေအားလျှပ်စစ်စီမံကိန်းဆောင်ရွက်ရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့ရှိ ဒေသခံတိုင်းရင်းသားများအားလုံး အကျိုးရရှိမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ကွမ်းလုံမြို့သည် တရုတ်နိုင်ငံမှ ဖြန့်ဖြူးသည့် လျှပ်စစ်ဓာတ်အားကိုသုံးစွဲနေရ၍ ကုန်ကျစရိတ်များပြားကြောင်း၊ အထက်သံလွင်ရေအားလျှပ်စစ်စီမံကိန်းပြီးစီးပါက ကွမ်းလုံဒေသရှိ ပြည်သူများသည် လျှပ်စစ်ဓာတ်အားခများကို အဖိုးနှုန်းသက်သာစွာဖြင့် သုံးစွဲကြရမည်ဖြစ်ကြောင်း၊ စီမံကိန်းဆောင်ရွက်မည့် ရေဝပ်ဧရိယာများမှ ပျက်စီးဆုံးရှုံးသွားမည့် ဒေသခံတို့၏ အသက်မွေးဝမ်းကျောင်းပြုစိုက်ခင်းများကိုလည်း အမှန်တကယ်နစ်နာသူများအား ကရုဏာကြေးများပေးအပ်မည်ဖြစ်ကြောင်း၊ စီမံကိန်းဧရိယာအတွက် လမ်းဖောက်လုပ်ရာတွင် ပါဝင်သော ရော်ဘာပင် ၅၀၇၅ ပင်အတွက် တစ်ပင်လျှင် ငွေကျပ်ခြောက်သောင်းနှုန်းဖြင့် ရော်ဘာပင်များ၏ပိုင်ရှင်များလက်ဝယ်သို့ ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးနှင့် စီမံကိန်းဆောက်လုပ်မည့် Hanergy Holding Group ကုမ္ပဏီတို့က ပေးအပ်မည်ဖြစ်ကြောင်း အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။

**ဟန်ဌေး(iprd)**

# နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် ဒီဇင်ဘာ ၁၂**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်ရှိ အမှတ်(၁)စက်မှုဇုန် PMG စက်ရုံမှ ဝန်ထမ်း ၃၀ ကို လုပ်ငန်းခွင်မပျက်နိုင်ငံသားစိစစ်ရေးကတ်များထုတ်ပေးခြင်းကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက ဒီဇင်ဘာ ၈ ရက်က ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



"မိုးပွင့်အဆင့်(၁) မှ(၆) အထိ စီမံချက်တွေမှာ ရပ်ကွက် ကျေးရွာတွေနဲ့ စာသင်ကျောင်းတွေကို အဓိကထားပြီး ကွင်းဆင်းခဲ့ပါတယ်။ အခုမိုးပွင့်အဆင့်(၇) စီမံချက်မှာတော့ အရင်ဆောင်ရွက်နေတာတွေအပြင် စက်ရုံတွေက ဝန်ထမ်းတွေကိုပါ အလုပ်ခွင်မပျက်ဘဲ နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိအောင် ထပ်တိုးပြီး ကွင်းဆင်းဆောင်ရွက်နေပါတယ်"ဟု ရွှေပြည်သာမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဦးစီးမှူး ဦးဇော်မင်းနိုင်က ပြောသည်။

ရွှေပြည်သာမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်မှု ကုန်ကျစရိတ်များကို စက်ရုံမန်နေဂျာက လှူဒါန်းပေးခဲ့ကြောင်း သိရသည်။ **မြင့်သန်းကြည်(ရွှေပြည်သာ)**

# ဆေးရုံတိုးချဲ့ဆောင် ဆောက်လုပ်လှူဒါန်း

**ဂန့်ဂေါ ဒီဇင်ဘာ ၁၂**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် ကျောကျေးရွာ ပြည်သူ့ဆေးရုံ၌ ငွေကျပ် သိန်း ၁၉၀ တန်ဖိုးရှိ အလျားပေ ၆၀၊ အနံ ၂၅ ပေ၊ အမြင့် ၁၂ ပေရှိ အုတ်နံ့ရံကပ် တစ်ထပ်တိုးချဲ့ လူနာဆောင်ကို ဂန့်ဂေါမြို့နယ် စကားကျေးရွာနေ အလှူရှင် ဦးတင်ဝင်းနိုင်မိသားစုက ဒီဇင်ဘာ ၇ ရက်က ကျန်းမာရေးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

ဆေးရုံအဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေနှင့် တာဝန်ရှိသူများတက်ရောက်ခဲ့ပြီး အဆောက်အအုံနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်မြင့်ဦးထံ လွှဲပြောင်းပေးအပ်ခဲ့သည်။ **(၁၀၁)**


## အထူးတရားပွဲ

သုံးလောကထွဋ်ထား၊ မြတ်ဗုဒ္ဓအား အမှူးထား၍ တရားကိုချစ်ခင်၊ တရားကိုမြတ်နိုး၊ တရားကိုယုံကြည် တရားဖြင့်မွေ့လျော် မွေ့ပျော်ကြကုန်သော သာသနာ့အနွယ်ဝင် သူတော်စင်အပေါင်းတို့အား ဤ "ဇမ္ဗူသီရိဗိမာန်တော်ကြီး"တွင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာအရှင်နန္ဒမာလာဘိဝံသမှ တရားရေအေး တိုက်ကျွေးမည်ဖြစ်ပါကြောင်း အလှူရှင် ဦးမျိုးသိန်း-ဇနီး ဒေါ်ကေခိုင်မိသားစု နေသီဟကုမ္ပဏီလီမိတက်တို့မှ တရားနာကြွရောက်ကြပါရန် အောက်ပါအစီအစဉ်များအတိုင်း လေးစားစွာဖိတ်ကြားအပ်ပါသည်။

**ဓမ္မပူဇာအစီအစဉ်**

**နေ့ရက်** ။ ။၁၃၇၆ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ရက်၊ ၂၀၁၄ခုနှစ် ဒီဇင်ဘာ ၁၅ရက် (တနင်္လာနေ့)

**အချိန်** ။ ။ည ၇း၃၀ နာရီ

**လမ်းညွှန်** ။ ။ဇမ္ဗူသီရိဗိမာန်တော်၊ တံတားလေးလမ်း၀ (နဝဒေးရပ်ရှင်ရုံအရှေ့) အမှတ်(၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး



## အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် တိုက်ခန်းကို လက်ရှိအမည်ပေါက်ထံမှ ဝယ်ယူ၍ အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|---|
| | ဦးဌေးဝင်း(ခင်ပွန်း) SCG-၀၀၅၅၀၅(ကွယ်လွန်) ဒေါ်နုနုအေး (ဇနီး) ၁၂/ကမရ(နိုင်)၀၁၃၃၃၉(မှ) | ဦးသောင်းထိုက် ၁၂/သဃက(နိုင်)၁၆၁၂၉၅ | တိုက်အမှတ် ၅၊ အခန်းအမှတ်၉၊ မြကန်သာအိမ်ရာ၊ ကမာရွတ်မြို့နယ်။ |

**ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)**



## စက်မှုဝန်ထမ်းဟောင်းများအသင်းမှ အသင်းဝင်သစ်များဖိတ်ခေါ်ခြင်း

* စက်မှုဝန်ထမ်းဟောင်းများအသင်းကို အောင်မြင်စွာဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ အသင်းဝင်များ တိုးပွားများပြားနေပြီဖြစ်ပါသည်။
* စက်မှုဝန်ထမ်းဟောင်းများ၏ သာရေး၊ နာရေးကိစ္စများတွင် ကူညီထောက်ပံ့ပေးနိုင်ရန် ရည်ရွယ်ဖွဲ့စည်းဆောင်ရွက်ခြင်းဖြစ်ပါသည်။ လက်ရှိတွင်လည်း ကူညီထောက်ပံ့ပေးလျက်ရှိပါသည်။
* စက်မှုဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသည့် ပင်စင်ရသူဖြစ်စေ၊ မရသူဖြစ်စေ မည်သည့်ဝန်ထမ်းဟောင်းမဆို ရာထူး၊ အဆင့်မရွေး အသင်းဝင်ရောက်နိုင်ပါသည်။ ဖိတ်ခေါ်ပါသည်။
* အသင်းဝင်လျှောက်လွှာအား ပင်စင်လစာထုတ်ယူသည့် ရန်ကုန်မြို့ရှိ စက်မှုဝန်ကြီးဌာနပိုင် စက်ရုံများနှင့် အသင်းရုံးတည်ရာ **စက်မှုဓမ္မာရုံ၊ ရွှေနံ့သာလမ်းသွယ်၊ အာဇာနည်လမ်း၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်၊ ဗဟန်းမြို့နယ်**တွင်လည်းကောင်း၊ နယ်မြို့များရှိ **စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနရုံးများ**တွင်လည်းကောင်း လိုင်စင်ဓာတ်ပုံနှစ်ပုံနှင့် အသင်းဝင်ကြေး ၃၀၀၀ိ/-ပေးသွင်းပြီး ရယူနိုင်ပါသည်။
* **ဆက်သွယ်ရန်ဖုန်းနံပါတ်များ** - အသင်းအတွင်းရေးမှူး ဖုန်း-၀၉-၇၃၂၃၇၃၀
  - အသင်းရုံးတာဝန်ခံ ဖုန်း-၀၉-၃၀၂၃၅၉၄၅
  ဖုန်း-၀၁-၃၇၅၀၈၆

**(အသင်းသားများစုစည်းရေးဆပ်ကော်မတီ)**



## အမည်ပြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နေ ဦးစိုးမိုးဆန်း၏သား အမှတ်(၁) အလက၊ ဆဋ္ဌမတန်း(က)မှ မောင်ပြည့်ဖြိုးစံအား မောင်ကောင်းဆက်ပိုင်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ကောင်းဆက်ပိုင် အလက(၁)၊ ဟင်္သာတမြို့**



## ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(ဈ)၊ မြေကွက်အမှတ် (၃၃၄)၊ မြေကွက်တည်နေရာအမှတ် (၃၃၄)၊ စက္ကဝတ် ၁ လမ်း၊ (ဦးညိုကြီး WAW-၀၀၃၁၁၇) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား ဖခင် ဦးညိုကြီး၊ မိခင်ဒေါ်စိန်ထွေး ကွယ်လွန်သဖြင့် ဒေါ်စန်းစန်းမြင့် ၁၂/ဥတထ(နိုင်)၀၀၃၃၀၅ က တစ်ဦးတည်းသော သမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



## ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/ဗိုလ်ထွန်းဇံ၊ မြေကွက်အမှတ်(၄၆)၊ မြေကွက်တည်နေရာအမှတ်(၄၆)၊ ဗိုလ်တေဇလမ်း၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးကျော်မြင့် ၁၂/ဒပန(နိုင်)၀၂၆၀၆၉ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား ဒေါပုံမြို့နယ်တရားရုံး တရားမကြီးမှုအမှတ် ၂၆/၂၀၁၄ တွင် တရားလို ဦးဇော်မင်းအောင်က တရားပြိုင် ဒေါ်ရီရီသန်းနှင့် ဒေါ်အေးကြိုင်တို့အပေါ် စွဲဆိုရာ မြေကွက်နှင့်ယင်းမြေကွက်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားလို ဦးဇော်မင်းအောင် အမည်ပေါက် ဆောင်ရွက်နိုင်ရန်အတွက် မြေကွက်နှင့်အိမ်မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အား ချုပ်ဆိုဆောင်ရွက်ပေးစေရန် ချမှတ်သည့် ၂၅-၉-၂၀၁၄ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီ တရားမဇာရီမှုအမှတ်(၂၅/၂၀၁၄)အမိန့်တို့တင်ပြလျက် တရားရုံး (ဒေါ်ရီရီသန်းနှင့်ဒေါ်အေးကြိုင်)တို့ကိုယ်စား တရားရုံး ဘီလစ်ဦးဆောင်းလွင်ဦးမှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများတင်ပြ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ကလေးမြို့နယ်မှ ရာဇဂြိုဟ်ရေလှောင်တမံ ဘက်စုံစီမံကိန်း

ကလေးမြို့နယ်ရှိ ရာဇဂြိုဟ်ရေလှောင်တမံ ဘက်စုံစီမံကိန်းသည် အိန္ဒိယ-မြန်မာ ချစ်ကြည်ရေးလမ်းမဖြစ်သော ကလေး-တမူးလမ်းအနီးရှိ ရာဇဂြိုဟ်ကျေးရွာ၏ မြောက်ဘက်နှစ်မိုင်ခန့်အကွာ နေရဥ္စရာမြစ်ပေါ်၌ တည်ရှိသည်။ ရာဇဂြိုဟ်ရေလှောင်တမံ ဘက်စုံစီမံကိန်း၏ အဓိကရည်ရွယ်ချက်မှာ ကလေးမြို့နယ် မြစ်သာမြစ်ဝှမ်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာမြေ ၈၅၀၀ ဧကကို ရေပေးဝေနိုင်ရန်နှင့် ရေအားလျှပ်စစ်မှ ဒေသခံပြည်သူများအတွက် ဓာတ်အား လေးမဂ္ဂါဝပ် ထုတ်ယူရရှိနိုင်ရန် ဖြစ်သည်။

ရေအားလျှပ်စစ်ဓာတ်အား အဆောက်အအုံသည် ရေလှောင်တမံ၏ ကုန်းကျောတမံ(၁) နေရာတွင် တည်ဆောက်ကာ ယင်းအဆောက်အအုံအတွက် ဆည်မြောင်းဦးစီးဌာနနှင့် နိုင်ငံခြားကုမ္ပဏီဖြစ်သည့် CGGC တို့ စာချုပ်ချုပ်ဆိုထားသည်။ စာချုပ်ချုပ်ဆိုသည့်နေ့မှစ၍ နှစ်နှစ်အတွင်း လုပ်ငန်းအဆင့်ဆင့်အားလုံးပြီးစီးရန် လျာထားသတ်မှတ်ထားပြီး ရေအားလျှပ်စစ်ဓာတ်အား အဆောက်အအုံ တည်ဆောက်မှုလုပ်ငန်းများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် လျာထားသတ်မှတ်ချက်အတိုင်း ပြီးစီးအောင်ဆောင်ရွက်မည်ဖြစ်သည်။ တည်ဆောက်မှုလုပ်ငန်းများပြီးစီးပါက ရေအားလျှပ်စစ်မှ ဓာတ်အား လေးမဂ္ဂါဝပ်ကို နှစ်မဂ္ဂါဝပ်စက်နှစ်လုံးဖြင့် ထုတ်လုပ်မည်ဖြစ်ပြီး နှစ်စဉ်ပျမ်းမျှလျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၂၁ သန်း ထုတ်လွှတ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ရာဇဂြိုဟ်ရေလှောင်တမံ၏အမြင့်ကို ၁၀ ပေတိုးမြှင့်ခဲ့ခြင်းနှင့် ရေပိုလွှဲတွင် ငါးပေ Shulter တပ်ဆင်ခြင်းဖြင့် ရေပမာဏ ဧကပေ ၅၂၀၀၀ အထိ တိုးမြှင့်သိုလှောင်နိုင်မည်ဖြစ်ကာ တိုးချဲ့လယ်မြေဧက ၂၀၀၀ အပါအဝင် စုစုပေါင်းလယ်ယာမြေဧရိယာ ဧက ၈၅၀၀ ခန့်အထိ ရေအပြည့်အဝ ပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။ ကလေးမြို့သည် အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်နေပြီဖြစ်သော်လည်း လျှပ်စစ်မီးမှာမူ နာရီပိုင်းသာရရှိသေးသဖြင့် ၂၄ နာရီလျှပ်စစ်မီးအမြန်ဆုံးရရှိနိုင်ရေးအတွက် စီမံကိန်းအမြန်ဆုံးပြီးစီးရန် ကလေးမြို့ ပြည်သူများက မျှော်လင့်လျက်ရှိသည်။

ရာဇဂြိုဟ်ရေလှောင်တမံ ဘက်စုံစီမံကိန်းကြီး၏ ခန့်မှန်းကုန်ကျမည့်ငွေမှာ ကျပ် ၅၄၂၄၄ သန်းဖြစ်သည်။ ရာဇဂြိုဟ်ရေလှောင်တမံ ဘက်စုံစီမံကိန်းကို ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်တွင် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄)က လုပ်ငန်းစတင်အကောင်အထည်ဖော်ဆောင်ရွက်ကာ မြေသားတမံအမျိုးအစားဖြစ်ပြီး ပင်မတမံအလျား ၄၇၄၅ ပေ၊ ကုန်းကျောတမံ သုံးခုအလျား ၈၉၁၅ ပေဖြင့် စုစုပေါင်းအလျားပေ ၁၃၆၆၀၊ အမြင့် ၁၆၅ ပေရှိသည်။ ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၅၂၀၀၀၊ ကန်ရေ သေရေလှောင်ပမာဏ ဧကပေ ၈၀၀၀ နှင့် ကန်ရေပြည့်ရေပြင်ဧရိယာမှာ ဧက ၉၈၀ ဖြစ်ကြောင်း သိရသည်။

သတင်းဆောင်းပါး-ဂျူနိုင်း




## အလယ်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်

**ဆင်ပေါင်ဝဲ ဒီဇင်ဘာ ၁၂**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ဆင်ပေါင်ဝဲမြို့နယ် ရှားတိုင်းကြီးကျေးရွာ အလယ်တန်းကျောင်း(ခွဲ)ကို အလယ်တန်းကျောင်းအဖြစ် ဒီဇင်ဘာ ၇ ရက်က အဆင့်တိုးမြှင့်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ကျောင်းအဆင့်တိုးမြှင့်ပွဲတွင် ရှားတိုင်းကြီးကျေးရွာ အလယ်တန်းကျောင်း ဆိုင်းဘုတ်အား တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူး ဦးမြင့်သိန်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဗိုလ်အောင်မောင်မောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဦးအောင်ကျော်မင်းက ကျောင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်သည်။ ထို့နောက် လူမှုရေးဝန်ကြီးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုများကို ရှင်းလင်းပြောကြားသည်။ ကျောင်းအဆင့်တိုးမြှင့်ပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် ကျောင်းအကျိုးတော်ဆောင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဇေယျာတု(မကွေး)**

## နမ့်ပေါ်ရေအားလျှပ်စစ်စီမံကိန်းတည်ဆောက်မည့်နေရာ ကြည့်ရှုစစ်ဆေး

**မူဆယ် ဒီဇင်ဘာ ၁၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ စယ်လန့်ကျေးရွာအုပ်စု မန်ဟန်းကျေးရွာဟောင်းရှိ နမ့်ပေါ်ရေအားလျှပ်စစ်စီမံကိန်း ဆောက်လုပ်မည့်နေရာသို့ ရှမ်းပြည်နယ် လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင်နှင့် စီမံကိန်းကိုတည်ဆောက်မည့် ဂရိတ်ဟော်ခမ်းအများပိုင်ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများက ဒီဇင်ဘာ ၉ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

နမ့်ပေါ်ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်မည့် ဂရိတ်ဟော်ခမ်းအများပိုင်ကုမ္ပဏီလီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးစိုင်းအုန်းမြင့်က နမ့်ပေါ်ချောင်းရှိ လုပ်ငန်းရှင်းလင်းဆောင်၌ စီမံကိန်းဖော်ဆောင်မည့်လုပ်ငန်းစဉ်များအတွက် လိုအပ်ချက်များ၊ စီမံကိန်းတည်ဆောက်မည့် အသေးစိတ်အချက်အလက်များ၊ စီမံကိန်းဧရိယာတွင်ပါဝင်သောနေရာများမှ ဒေသခံတောင်သူများ၏ လယ်ယာများ၊ ရော်ဘာခြံများအတွက် လုပ်ဆောင်ပေးရမည့်အချက်များကို ဝန်ကြီးအား ရှင်းလင်းတင်ပြကာ ဝန်ကြီးက ရေအားလျှပ်စစ်စီမံကိန်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရာတွင် အရေးကြီးသောကဏ္ဍမှပါဝင်နေသကဲ့သို့ လျှပ်စစ်မီးရရှိမှသာလျှင် လူနေမှုဘဝလည်းဖွံ့ဖြိုးတိုးတက်လာ မှာအမှန်ဖြစ်ပါကြောင်း၊ တစ်ဖက်တွင်လည်း ဒေသခံတောင်သူများ၏ ဆုံးရှုံးနစ်နာမှုများကိုလည်း ပြန်လည်လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ အမှန်တကယ်နစ်နာသူများ၏ လက်ဝယ်သို့ အမှန်တကယ်ရောက်ရှိအောင်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်းနှင့် စီမံကိန်းကိုလည်း အောင်မြင်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားခဲ့သည်။

**ဟန်ဌေး(iprd)**

## ဝက်သက်နှင့် ဂျိုက်သိုးရောဂါ ကာကွယ်ဆေးထိုးရေးဆွေးနွေး

**ခင်ဦး ဒီဇင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်၌ နိုင်ငံတစ်ဝန်း ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါ ကာကွယ်ဆေးအစုလိုက် ထိုးနှံပေးခြင်းလုပ်ငန်း(၂၀၁၅)နှင့်ပတ်သက်၍ အသိပေးရှင်းလင်းပွဲကို ဒီဇင်ဘာ ၉ ရက်က ကျင်းပခဲ့ရာ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာကျော်နိုင်က ကာကွယ်ဆေးအစုလိုက်ထိုးနှံပေးခြင်းလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးခဲ့သည်။ **ခင်ဦးစိုးဝေ**


### ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၁၉ယ/၃၂၉၁ ယာဉ်လက်ဝယ်ရှိသူ ဦးစိုးပိုင် ၉/ပဘန(နိုင်)၀၀၁၁၈၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ကယားပြည်နယ်ရုံး(လွိုင်ကော်)**

### အထက-ဖလုံ
### နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ အထက-ဖလုံ၏ ကျောင်းသား ကျောင်းသူဟောင်းများမှ နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၁၀-၁-၂၀၁၅ရက် (စနေနေ့) နံနက် ၉:၀၀ နာရီတွင် အထက ဖလုံခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကန်တော့ခံဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**အလှူငွေဆက်သွယ်လှူဒါန်းနိုင်သည့်ပုဂ္ဂိုလ်များ**

ဦးဆွေလွင် ဖုန်း-၀၉-၄၉၃၄၈၃၇၄ (ဖလုံ)၊ ဦးမြင့်အေး ဖုန်း-၀၉-၇၉၉၃၁၅၇၆၈(ဖလုံ)၊ ဦးသန်းဝင်း ဖုန်း-၀၉-၃၀၀၁၉၉၇၄(ဖလုံ)၊ ကိုအောင်ကိုကို ဖုန်း-၀၉-၇၉၉၃၃၂၀၁၀(ဖလုံ)၊ ဦးစိန်ဝင်း ဖုန်း-၀၉-၅၀၇၂၆၃၈(ရန်ကုန်)၊ ဒေါ်အေးအေးမာ ဖုန်း-၀၉-၄၃၀၃၃၅၈၄(ရန်ကုန်)

**အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**

### ကန့်ကွက်နိုင်ပါသည်

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့၊ ချမ်းမြသာစည်ရပ်ကွက်၊ နဂါးပွက်ကျောင်းလမ်း၊ အိမ်အမှတ် ခ/၁၀၇၊ ဦးပိုင်အမှတ် ၆၈၊ ဧရိယာ ၀ဒသမ ၀၅၇ဧကအကျယ်အဝန်းရှိ ဂရန်မြေကွက်သည် ဦးဖြေ ၁၃/တကန(နိုင်)၀၇၈၉၂၀ အမည်ပေါက်မြေကွက်ဖြစ်ပါသည်။ အဆိုပါဂရန်မြေကွက်ကို တောင်ကြီးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျွန်ုပ် ဦးညီညီစိုးအမည်သို့ပြောင်းလဲရန်လျှောက်ထားမည်ဖြစ်ပါသည်။ ကွယ်လွန်ပြီဖြစ်သော ကျွန်ုပ်၏အစ်ကို မောင်မြင့်နိုင်နှင့် မောင်မြင့်ခိုင်တို့၏ အမွေစားအမွေခံဖြစ်သူများသည် ယနေ့မှစ၍ ၁၅ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ဆက်သွယ်ပြီး မိမိရရှိမည့် အမွေဝေစုကို ရယူရန်နှင့် လာရောက်ဆက်သွယ်ခြင်းမရှိပါကလည်း ကျွန်ုပ်မှ သက်ဆိုင်သူများ အမွေလာရောက်တောင်းခံသည့်အခါ ဥပဒေနှင့်အညီ ရရှိမည့်အမွေဝေစုကို ခွဲဝေပေးမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးညီညီစိုး ၁၃/တကန(နိုင်)၁၉၀၀၂၉**
**အမှတ် ခ/၁၀၇၊ နဂါးပွက်ကျောင်းလမ်း၊ ချမ်းမြသာစည်ရပ်ကွက်၊ တောင်ကြီးမြို့**

### ပျောက်ဆုံးကြောင်း

ကျွန်တော် ခွန်တီးမောင် ၁၃/ပလန(နိုင်)၁၁၁၂၄၅၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၃၆၁၅၂၆၉၆**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဃ/၅၇၃၀ Asia Maung L/T (ASM-01), P/U (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးဌေးဝင်း ၇/ကဝန(နိုင်)၀၆၇၅၅၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

### ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၀မြောက်၊ မြေကွက်အမှတ်၁၆၈/ခ၊ မြေကွက်တည်နေရာအမှတ် ၁၆၈/ခ၊ ရတနာပုံ ၂လမ်း၊ ၁၀ မြောက်ရပ်ကွက်၊ သာကေတမြို့နယ် ဦးခင်မောင်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးခင်မောင်(ဖခင်)နှင့် ဒေါ်ရှုခင်(မိခင်)တို့ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသမီး ဒေါ်မြင့်မြင့်လှိုင် ၁၂/သကတ(နိုင်)၀၇၀၄၀၂ မှသေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၉၊ မြေကွက်အမှတ် ၇၇/က-ခ၊ မြေကွက်တည်နေရာအမှတ် ၇၇/က-ခ၊ နဝရတ်လမ်းကျယ်၊ (၉)ရပ်ကွက်၊ သာကေတမြို့နယ် (ဦးကျော်လှ) အမည်ပေါက် နှစ် ၆၀ဂရန်မြေအား သာကေတမြို့နယ် တရားရုံး၌ ဒေါ်လှလှမြင့်+၁ မှ ၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ် ၈၄ဖြင့် ဦးကျော်လှအား ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးရန်တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီနှင့်၂၀၁၄ခုနှစ် တရားမဇာရီမှုအမှတ်-၇၈ အမိန့်တို့တင်ပြ၍ တရားရုံး ကိုယ်စား ဘိလစ် ဒေါ်တင်မေလွင် ၁၂/ဗဟန(နိုင်)၀၂၀၈၆၇ က အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့်ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်း

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၃၊ မြေကွက်အမှတ် ၅၅က၊ မြေကွက်တည်နေရာအမှတ် ၅၅/က၊ (၉၃)ရပ်ကွက်၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ် ဦးဖိုးလုံး အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးဖိုးလုံး ၁၂/သဃက(နိုင်)၀၉၈၆၉၁ ကိုယ်တိုင်မှ မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ဌာနဝန်ခံချက်တို့တင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ရွှေအုန်းပင်အိမ်ရာ၊ တိုက် ၃၅၊ အခန်း ၂၂ကို မူလအမည်ပေါက်ပိုင်ရှင် ဒေါ်မို့မို့သိန်းတန် ၁၂/တမန(နိုင်)၀၈၆၂၄၃ ထံမှ စာချုပ်စာတမ်းများဖြင့် ဝယ်ယူထားသူ ဦးသိုက်ထွန်း ၁၂/ရကန(နိုင်)၀၂၅၀၈၇ က ပိုင်ရှင်အမည်ပြောင်းလဲခွင့်လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၁၀၆၊ မြေကွက်အမှတ် ၇၆၀/က၊ အလျားပေ၂၀×အနံ ပေ၆၀ ရရှိသူ အမည်ပေါက် ဦးစိုးနိုင်ထံမှ စာချုပ်အဆင့်ဆင့်ဝယ်ယူသူ ဒေါ်မြတ်မွန် (ဘ)ဦးလှစိန် ၁၂/ရကန(နိုင်)၀၄၉၉၁၇ က မြေပါမစ်စာရင်းသွင်းခွင့်ပြုပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေပါမစ်အား စာရင်းသွင်းဆောင်ရွက်ရန် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ(၁၂)**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**အဆင့်မြင့်တက္ကသိုလ် (Center of Excellence) များသို့**

# ဝင်ခွင့်လျှောက်လွှာများ ခေါ်ယူခြင်း

၁။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (၆)ခု (နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်၊ ဝ)နှင့် နိုင်ငံတော်မှ ထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့် သွားလာရေးနှင့် လူမှုရေးခက်ခဲသော ဒေသများမှ ၂၀၁၄ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်မြင်သူများအား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန လက်အောက်ရှိ အောက်ဖော်ပြပါအဆင့်မြင့်တက္ကသိုလ် (Center of Excellence) များသို့ အပိုဒ် (၂)ပါ သတ်မှတ်အရည်အချင်းများနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

(က) ရန်ကုန်နည်းပညာတက္ကသိုလ်
(ခ) မန္တလေးနည်းပညာတက္ကသိုလ်
(ဂ) မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်
(ဃ) နည်းပညာတက္ကသိုလ်(ရတနာပုံဆိုင်ဘာစီးတီး)
(င) ရန်ကုန်ကွန်ပျူတာတက္ကသိုလ်
(စ) မန္တလေးကွန်ပျူတာတက္ကသိုလ်

၂။ **လိုအပ်သောအရည်အချင်း**
(က) ဝင်ခွင့်လျှောက်ထားချိန်တွင် လျှောက်ထားသူနှင့် မိဘနှစ်ပါးစလုံးသည် တည်ဆဲနိုင်ငံသားဖြစ်မှု ဥပဒေနှင့်ကိုက်ညီသောနိုင်ငံသားဖြစ်ရမည်။
(ခ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ (နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်၊ ဝ) နှင့် နိုင်ငံတော်မှ ထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့် သွားလာရေးနှင့် လူမှုရေးခက်ခဲသောဒေသများတွင် အမြဲနေထိုင်သူ၊ အခြေခံပညာသင်တန်း (၈တန်း၊ ၉ တန်း၊ ၁၀တန်း)များကို ၎င်းဒေသများတွင် ဆက်တိုက်ပညာသင်ကြားခဲ့ပြီး ၎င်းဒေသများမှပင် တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်မြင်သူ ဖြစ်ရမည့်အပြင် အဆိုပါဒေသအတွင်း ပြန်လည်အကျိုးပြုနိုင်သူဖြစ်ကြောင်း သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်း (မြို့နယ်အုပ်ချုပ်ရေးမှူး)၏ ထောက်ခံချက်(မူရင်း) ပါရှိရမည်။
**မှတ်ချက်။ အပိုဒ် (၂၊ ခ)ပါ ဒေသများတွင် နေထိုင်သော်လည်း အခြေခံပညာအထက်တန်းကျောင်းမရှိခြင်း၊ စာစစ်ဌာနမရှိခြင်း၊ အခြေခံပညာအထက်တန်းကျောင်းရှိသော်လည်း သိပ္ပံဘာသာတွဲသင်ကြားနိုင်မှုမရှိခြင်းတို့ကြောင့် အနီးစပ်ဆုံးမြို့နယ်ရှိ အထက်တန်းကျောင်းမှ အောင်မြင်သောကျောင်းသားများအား (၈တန်း၊ ၉တန်း၊ ၁၀တန်း)ကို ခက်ခဲဒေသတွင် (၃)နှစ်ဆက်တိုက် တက်ရောက်ခဲ့ခြင်းမရှိသော်လည်း ခြွင်းချက်ဖြင့် စဉ်းစားမည်။**
(ဂ) ၂၀၁၄ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အောက်ဖော်ပြပါဘာသာတွဲများဖြင့် အောင်မြင်သူများဖြစ်ရမည်-
(၁) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဘောဂဗေဒ၊ ရူပဗေဒ၊ ဓာတုဗေဒ
(၂) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သမိုင်း၊ ရူပဗေဒ၊ ဓာတုဗေဒ
(၃) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ စိတ်ကြိုက်မြန်မာစာ၊ ရူပဗေဒ၊ ဓာတုဗေဒ
(၄) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ
(၅) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ပထဝီဝင်၊ ရူပဗေဒ၊ ဓာတုဗေဒ

၃။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်များ ပူးတွဲတင်ပြရမည်-
(က) မြန်မာနိုင်ငံစာစစ်အဖွဲ့မှ ထုတ်ပေးသည့် တက္ကသိုလ်ဝင်စာမေးပွဲအောင် ရမှတ်စာရင်း(မူရင်း) တစ်စောင်
(ခ) ၎င်းဒေသရှိကျောင်း၌ သုံးနှစ်ဆက်တိုက် တက်ရောက်ခဲ့သူဖြစ်ကြောင်းနှင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲအား ၎င်းဒေသရှိစာစစ်ဌာနမှ အောင်မြင်သူဖြစ်ကြောင်း သက်ဆိုင်ရာ အခြေခံပညာအထက်တန်းကျောင်း၊ ကျောင်းအုပ်ကြီး ထောက်ခံချက်နှင့်မြို့နယ်ပညာရေးမှူးတို့၏ထောက်ခံချက်
(ဂ) အိမ်ထောင်စုစာရင်းဇယားမိတ္တူနှင့် ၎င်းဒေသတွင်(၃)နှစ် ဆက်တိုက်နေထိုင်သူဖြစ်ကြောင်း သက်ဆိုင်ရာ ဒေသအာဏာပိုင်များ၏ထောက်ခံချက်
(ဃ) လျှောက်ထားသူနှင့် မိဘနှစ်ပါးစလုံးတို့၏နိုင်ငံသားစိစစ်ရေးကတ် မိတ္တူများ
(င) လိုင်စင်အရွယ်ရောင်စုံဓာတ်ပုံနှစ်ပုံ

၄။ ပူးတွဲဖော်ပြပါ လျှောက်လွှာနမူနာပုံစံအတိုင်း A-4 Sizeဖြင့် ကွန်ပျူတာစာစီ၍ မိမိအစီအစဉ်ဖြင့် လျှောက်ထားရန် ဖြစ်ပါသည်။

၅။ လျှောက်လွှာများကို **၂၁-၁၂-၂၀၁၄ရက် နောက်ဆုံးထား၍** အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ် ၂၁၊ နေပြည်တော်သို့ တိုက်ရိုက်ပေးပို့ လျှောက်ထားရန် ဖြစ်ပါသည်။
**မှတ်ချက်။ ရုံးပိတ်ရက်များတွင်လည်း လျှောက်ထားနိုင်ပါသည်။**

၆။ သတ်မှတ်ရက်ထက် နောက်ကျရောက်ရှိလာသော လျှောက်လွှာများနှင့် မပြည့်စုံသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ ရောက်ရှိလာသော လျှောက်လွှာများနှင့်အမှတ်စာရင်းများကို အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနနှင့် စက်မှုနှင့်သက်မွေးပညာဦးစီးဌာန၏တက္ကသိုလ်ဝင်ခွင့်ရွေးချယ်ရေးအဖွဲ့မှ စိစစ်၍ရွေးချယ်သွားမည်ဖြစ်ပါသည်။
**(မှတ်ချက်။ ရွေးချယ်ခြင်း မခံရသူများအား ပြန်လည်အကြောင်းကြားမည်မဟုတ်ပါ။)**

၈။ အသေးစိတ်သိလိုပါက အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၄၁၈၃နှင့်၀၆၇-၄၀၄၃၆၄သို့လည်းကောင်း၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၄၁၈၂နှင့် ၀၆၇-၄၀၄၃၉၀ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လျှောက်လွှာနမူနာပုံစံ**

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**အဆင့်မြင့်တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာ**
**(၂၀၁၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက်သာ)**

၁။ အမည်(မြန်မာ)------------------- ☐ ကျား ☐ မ ------------
(အင်္ဂလိပ်)
၂။ နိုင်ငံသားစိစစ်ရေးကတ်အမှတ်-------------------------------
၃။ မွေးသက္ကရာဇ်(ခုနှစ်၊ လ၊ ရက်)-----------------------------
၄။ လူမျိုး----------ကိုးကွယ်သည့်ဘာသာ----------------------
၅။ ဖခင်အမည်--------နိုင်ငံသားစိစစ်ရေးကတ်အမှတ်----------------
အလုပ်အကိုင်----------------------------------------
၆။ မိခင်အမည်-----------နိုင်ငံသားစိစစ်ရေးကတ်အမှတ်--------------
အလုပ်အကိုင်----------------------------------------
၇။ တက္ကသိုလ်ဝင်စာမေးပွဲ ခုံအမှတ်-----------စာစစ်ဌာန--------------
၈။ အောင်မြင်သည့်ခုနှစ်---------------------------------------
၉။ တက္ကသိုလ်ဝင်တန်းတက်ရောက်ခဲ့သည့်ကျောင်းနှင့်မြို့နယ်---------------
-----------------------------------------------------
၁၀။ အမြဲနေထိုင်သောလိပ်စာ-----------------------------------
-----------------------------------------------------
၁၁။ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံနှင့် ဖုန်းနံပါတ်--------------------
-----------------------------------------------------
၁၂။ လျှောက်ထားနိုင်သည့် အဆင့်မြင့်တက္ကသိုလ်များ
(က) ရန်ကုန်နည်းပညာတက္ကသိုလ်
(ခ) မန္တလေးနည်းပညာတက္ကသိုလ်
(ဂ) ရန်ကုန်ကွန်ပျူတာတက္ကသိုလ်(ဗဟန်းနယ်မြေ)
(ဃ) မန္တလေးကွန်ပျူတာတက္ကသိုလ်
(င) မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်
(စ) နည်းပညာတက္ကသိုလ်(ရတနာပုံဆိုင်ဘာစီးတီး)
၁၃။ ဦးစားပေးအလိုက် လျှောက်ထားလိုသည့် အဆင့်မြင့်တက္ကသိုလ်များ
(က)
(ခ)
(ဂ)
(ဃ)
(င)
(စ)
၁၄။ ဝန်ခံချက်
အထက်ဖော်ပြပါ အချက်အလက်များ မှန်ကန်ပါသည်။
ရက်စွဲ။ ------------

--------------------
ဝင်ခွင့်လျှောက်ထားသူလက်မှတ်

အထက်ဖော်ပြပါ အချက်များ မှန်ကန်ကြောင်း တာဝန်ယူလက်မှတ်ရေးထိုးပါသည်။
ရက်စွဲ။--------------

----------------
မိဘ/အုပ်ထိန်းသူလက်မှတ်

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**နယ်စပ်ရေးရာဝန်ကြီးဌာန**
**ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်**

# အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်တွင် အောက်ဖော်ပြပါ နည်းပြနှင့်ဒုတိယကြီးကြပ်ရေးမှူး(သင်တန်း)(လစာနှုန်း ကျပ် ၉၉၀၀၀-၁၀၀၀-၁၀၄၀၀၀)ရာထူးနေရာများ လစ်လပ်နေပါ၍ သတ်မှတ်အရည်အချင်းနှင့် ပြည့်မီသူများ လျှောက်ထားနိုင်ပါသည်-

(က) နည်းပြ၊ ပညာရေးသဘောတရား — ၂ နေရာ
(ခ) နည်းပြ၊ သင်ပြနည်း — ၁ နေရာ
(ဂ) နည်းပြ၊ အင်္ဂလိပ် — ၂ နေရာ
(ဃ) နည်းပြ၊ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် စာရိတ္တပညာ — ၁ နေရာ
(င) ဒုတိယကြီးကြပ်ရေးမှူး(သင်တန်း)၊ စက်မှုလက်မှု — ၁ နေရာ

၂။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းသတ်မှတ်ချက်များနှင့် ညီညွတ်ရမည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၃၁-၁၂-၂၀၁၄ရက်တွင် အသက်(၃၀)၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ် ထက်မကျော်ရပါ။
(ဂ) အနည်းဆုံးလုပ်သက်တစ်ဆက်တည်း ငါးနှစ် တာဝန်ထမ်းဆောင်ရမည်။
(ဃ) ပညာရေးသဘောတရားနှင့် သင်ပြနည်း နည်းပြရာထူးနေရာများအတွက် မဟာပညာရေးဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(င) အင်္ဂလိပ်စာနည်းပြ ရာထူးနေရာအတွက် မဟာဘွဲ့(အင်္ဂလိပ်စာ)ရရှိပြီးသူ ဖြစ်ရမည်။
(စ) မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် စာရိတ္တပညာဌာနအတွက် နည်းပြရာထူးနေရာအတွက် မဟာဝိဇ္ဇာဘွဲ့(သမိုင်း/မြန်မာစာ) ရရှိပြီးသူဖြစ်ရမည်။
(ဆ) ဒု-ကြီးကြပ်ရေးမှူး(သင်တန်း)၊ စက်မှုလက်မှုရာထူးနေရာအတွက် B.E(Civil)(သို့မဟုတ်) A.G.T.I.(Civil)ရပြီးသူဖြစ်ရမည်။

၃။ လျှောက်လွှာကို ကိုယ်ရေးမှတ်တမ်းအကျဉ်းနှင့်အတူ အောက်ပါအထောက်အထားများပူးတွဲလျက် ဌာနချုပ်ရုံး၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်သို့ ၁၅-၁-၂၀၁၅ရက် ၁၆း၀၀နာရီ နောက်ဆုံးထား၍ အရောက်ပေးပို့ရမည်-
(က) ဘွဲ့လက်မှတ်မိတ္တူ(အရည်အချင်းစစ် စာမေးပွဲဖြေဆိုသည့်အခါ လက်မှတ်မူရင်း တင်ပြရန်)၊
(ခ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင်/တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ (အရည်အချင်းစစ် စာမေးပွဲဖြေဆိုသည့်အခါ လက်မှတ်မူရင်းတင်ပြရန်)၊
(ဂ) လျှောက်လွှာပိတ်ရက်မတိုင်မီ ခြောက်လအတွင်း သက်ဆိုင်ရာရဲစခန်းမှ တောင်းခံထားသည့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း၊
(ဃ) လျှောက်လွှာပိတ်ရက်မတိုင်မီ ခြောက်လအတွင်း ရိုက်ကူးထားသော ရောင်စုံလိုင်စင်ဓာတ်ပုံနှစ်ပုံ (ဓာတ်ပုံနောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားဖော်ပြရန်)၊
(င) ပြင်ပမှ လျှောက်ထားသူများအတွက် အလုပ်သမားမှတ်ပုံတင်မိတ္တူ၊
(စ) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဝန်ကြီးဌာန၏ခွင့်ပြုချက်မူရင်း။

၄။ အရည်အချင်းစစ်၊ ရေးဖြေစာမေးပွဲ ဖြေဆိုခွင့်ရသူများ၏စာရင်းကို ၂၃-၁-၂၀၁၅ရက်နှင့် ၂၄-၁-၂၀၁၅ရက် ထုတ်သတင်းစာများတွင် ထည့်သွင်းကြေညာသွားမည်။

၅။ အရည်အချင်းစစ် ရေးဖြေစာမေးပွဲကို အောက်ပါအတိုင်း ကျင်းပသွားမည်ဖြစ်သည်-

| စဉ် | ဖြေဆိုရမည့် ဘာသာရပ် | နေ့ရက် | အချိန် | နေရာ |
|---|---|---|---|---|
| ၁ | အင်္ဂလိပ်စာ | ၂၉-၁-၂၀၁၄ | နံနက် ၉နာရီမှ၁၁နာရီအထိ | ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေး တက္ကသိုလ်၊ ရွာသစ်ကြီး စစ်ကိုင်း |
| ၂ | သက်ဆိုင်ရာ အထူးပြု ဘာသာရပ် | ၃၀-၁-၂၀၁၄ | မွန်းလွဲ ၂နာရီမှ ညနေ ၄နာရီအထိ | |

၆။ ရေးဖြေစာမေးပွဲအောင်မြင်သူများအား လူတွေ့/လက်တွေ့စစ်ဆေးမည့်အချိန်စာရင်းကို ထပ်မံကြေညာသွားမည်ဖြစ်သည်။

၇။ အသေးစိတ်သိလိုပါက ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဖုန်း-၀၇၂-၂၁၀၆၈နှင့် ၀၉-၆၄၆၃၅၃၉တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

---

## အထက(၁) ပုဇွန်တောင်ကျောင်းသား ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ကန်တော့ပွဲဖိတ်ကြားလွှာ

အထက(၁) ပုဇွန်တောင်ကျောင်းသား ကျောင်းသူဟောင်းများ၏ (၂၁) ကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲနှင့် တွေ့ဆုံပွဲကို ၂၀၁၅ခုနှစ် ဇန်နဝါရီ ၁၁ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ ကန်တော့ခံဆရာကြီး ဆရာမကြီးများ ကျောင်းသား၊ ကျောင်းသူဟောင်းများ ၂၀၁၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုအောင်မြင်ကြသောကျောင်းမှ ကျောင်းသား ကျောင်းသူဟောင်းများကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အလှူငွေများကို အောက်ဖော်ပြပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**ဒေါ်ကျင်ရီလေး** — ဖုန်း-၀၁-၂၉၈၈၁၆
**ဒေါ်ခင်စန်း** — ဖုန်း-၀၁-၅၄၃၁၆၃
**ဦးဝင်းမောင်** — ဖုန်း-၀၉-၅၁၇၄၅၂၁
**ဒေါ်လှစိုးကြည်** — ဖုန်း-၀၁-၂၉၅၁၂၃
**ဦးတင်ထွန်းအောင်** — ဖုန်း-၀၉-၄၃၀၈၈၂၆၄
**ဦးအောင်ခိုင်** — ဖုန်း-၀၉-၇၃၀၅၇၁၇၇
**ဒေါ်မြမြချို** — ဖုန်း-၀၉-၂၅၀၀၁၁၉၃၈
**ဒေါ်ထားထားမြင့်** — ဖုန်း-၀၉-၄၂၀၁၁၀၇၀၂
**ဒေါ်ဝင်းဝင်းမော်** — ဖုန်း-၀၉-၇၃၀၈၄၅၃၈

**အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန**
**မြေဖို့ခြင်းနှင့်လမ်းပြုလုပ်ခြင်း ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ပညာရေးဝန်ကြီးဌာန၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနရှိ တောင်ငူပညာကောလိပ်တွင် အောက်ဖော်ပြပါ မြေဖို့ခြင်းနှင့်လမ်းပြုလုပ်ခြင်း ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

| စဉ် | လုပ်ငန်းတည်နေရာ၊ တိုင်းဒေသကြီး၊ ဆောင်ရွက်မည့်လုပ်ငန်း | | |
|---|---|---|---|
| | ပဲခူး(အရှေ့) | တောင်ငူပညာရေး ကောလိပ် | -တည်ဆောက်ရေးမြေဧရိယာအတွင်းတွင် မြေကျင်း (၇၀၄၀၉)ကျင်းဖြင့် မြေဖို့ခြင်းနှင့် မြေညှိ၊ မြေသိပ်ခြင်း၊ -လမ်းပိုင်း (၁)(၆၂၄'×၁၄'×၅')အား မြေသားတင်၍လမ်းနှင့်မြောင်းပြုလုပ်ခြင်း၊ RC Box Culvert (၁၄'×၅') (၂)ခု ပြုလုပ်ခြင်း -လမ်းပိုင်း(၂) (၆၆၄'×၁၂'×၅')အား မြေသားတင်၍ လမ်းနှင့်မြောင်းပြုလုပ်ခြင်း၊ RC Box Culvert (၁၄'×၅') (၂)ခု ပြုလုပ်ခြင်း |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၅-၁၂-၂၀၁၄ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၃-၁၂-၂၀၁၄ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်သည်။

၃။ တင်ဒါတင်သွင်းလိုသူသည် သက်ဆိုင်ရာလုပ်ငန်းအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံ တင်သွင်းရမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့် လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် လိပ်စာမှာ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ရုံးအမှတ် (၁၃)၊ ပညာရေးဝန်ကြီးဌာန၊ နေပြည် တော်

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၀၇၃၉၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါကြီးကြပ်ရေးအဖွဲ့**

---

## ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၇၊ မြေကွက်အမှတ် ဒုတိယတန်းစား ၁၄၉၊ မြေကွက်တည်နေရာအမှတ် ၂၃/၂၅၊ ဂျိုးဖြူလမ်း၊ စံပြဖဆပလရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် (၁)ဒေါ်ခင်ရွှေဦး၊ (၂)ဒေါ်သီသီ၊ (၃)မောင်တင်ဟန်လင်း၊ (၄)မခင်ဆွေလေး၊ (၅)မခင်ဆွေထွေး၊ (၆)မောင်မောင်၊ (၇)မောင်တင်အောင်လင်း၊ (၈)မောင်တင်နိုင်လင်း အမည်ပေါက် နှစ် ၉၀ ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးတင်ဟန်လင်း ကွယ်လွန်သဖြင့်ဒေါ်စောကြည်ဝင်း ၁၂/မဂတ(နိုင်)၀၁၂၃၆၅က ဇနီးတော်စပ်ကြောင်းကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ ပူးတွဲပိုင်ရှင်ကျန်မြေစာရင်းအမည်ပေါက်များဖြစ်ကြသော ဒေါ်ခင်ရွှေဦး ၁၂/မဂတ(နိုင်)၀၁၁၀၅၉၊ ဒေါ်သီသီ၁၂/မဂတ(နိုင်)၀၁၀၉၂၆၊ မခင်ဆွေလေး၁၂/ကတတ(နိုင်)၀၀၄၀၁၂၊ မခင်ဆွေထွေး ၁၂/မဂတ(နိုင်)၀၁၀၉၂၁၊ မောင်မောင် ၁၂/မဂတ(နိုင်)၀၁၀၉၂၂၊ မောင်တင်အောင်လင်း ၁၂/မဂတ(နိုင်)၀၈၁၇၆၁၊ မောင်တင်နိုင်လင်း ၁၂/မဂတ(နိုင်)၀၁၀၉၂၃တို့မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ်(၄၈၉)၊ မြေကွက်တည်နေရာအမှတ် ၄၈၉၊ အင်းဝ ၅လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးတင်ရှိန် အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဖခင်(ဦးတင်ရှိန်) မိခင်(ဒေါ်မြင့်ကြည်)တို့ကွယ်လွန်သဖြင့် ဦးမျိုးဟန် ၉/အမရ(နိုင်)၀၃၄၃၀၁၊ ဦးမျိုးအောင် ၁၃/တကန(နိုင်)၀၁၆၁၉၁၊ ဒေါ်ဒေါင်း ၁၂/ဥကတ(နိုင်)၁၁၆၀၁၆၊ ဒေါ်မင်းသီ၁၂/ဥကတ(နိုင်)၀၅၂၉၄၇၊ ဦးမျိုးနောင် ၁၂/မရက(နိုင်)၀၃၂၇၆၄၊ ဦးမျိုးကြည်ရှိန် ၁၂/ဥကတ(နိုင်)၀၅၂၆၁၃၊ ဒေါ်ခင်မာအေးသီ ၁၂/ဥကတ(နိုင်) ၀၅၂၅၇၁ တို့ကသားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတို့ကိုတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ရန် ၎င်းတို့အားလုံးကိုယ်စား၊ ကိုယ်စားလှယ်လွှဲစာအမှတ်၁၂၄၇၂ (၉-၅-၁၄)၊ ၁၂၄၇၃ (၉-၅-၁၄)၊ ၁၆၂၃၆(၁၆-၆-၁၄)၊ ၁၆၅၈၆(၁၈-၆-၁၄)တို့ဖြင့် အထွေထွေကိုယ်စားလှယ်စာရသူ ဒေါ်ဒေါင်း၁၂/ဥကတ(နိုင်)၁၁၆၀၁၆က ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ ၂၁၈ (၅-၈-၁၄)၊ ၂၁၉ (၅-၈-၁၄)၊ ၂၂၀(၅-၈-၁၄)တို့ကိုတင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက် အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၊ ရန်ပြေ၊ မြေကွက်အမှတ်-၆၇၉၊ မြေကွက်တည်နေရာအမှတ်-၆၇၉၊ ရန်အောင်လမ်း (၃)၊ ရန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးသိန်းအောင်၊ ဒေါ်သန်းစိန် အမည်ပေါက် နှစ် (၆၀) ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးသိန်းအောင် (ခင်မွန်း) ကွယ်လွန်သဖြင့် ကျန်အမည်ပေါက်ဇနီးဖြစ်သူ ဒေါ်သန်းစိန် [၁၂/သကတ(နိုင်)၀၄၀၂၇၃] မှ သေစာရင်းနှင့် ကျမ်းကျိန်လွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အပိုင်းပေးစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# လူမှုရေးနှင့်စီးပွားရေးကြော်ငြာ

## ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ရတနာလမ်းသစ်အိမ်ရာ(ဒုတိယဆင့်)ရှိ တိုက်အမှတ်(၁၆)၊ အခန်းအမှတ်(၀၀၁)ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ခင်ခင်တော်ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဦးဇော်မျိုးအေး ၁၄/ရကန(နိုင်)၀၁၃၉၈၁ က ပိုင်ရှင်အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်ပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**စီမံကိန်းဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## အယူခံမှုကို ကြားနာစစ်ဆေးရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)**

**၂၀၁၄ ခုနှစ် တရားမအယူခံမှုအမှတ်-၅၈၅**

ဒေါက်တာဒေါ်အေးအေးကြွယ် **နှင့်** ဒေါ်ငွေငွေသိန်းလွင်

**အယူခံတရားလို** **အယူခံတရားပြိုင်**

၂၀၁၄ ခုနှစ် မေ ၆ရက်စွဲပါ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၏ တရားမပထမအယူခံမှုအမှတ်-၂၀၅/၂၀၁၃၏ ဒီကရီမှ အယူခံမှုလျှောက်လွှာနှင့် ပတ်သက်၍ ဒေါ်ငွေငွေသိန်းလွင် အမှတ်၇/၉၊ ၇-လွှာ၊ ၁၃လမ်း၊ အောက်ဘလောက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ယခင်လိပ်စာ၊ ယခုလိပ်စာမသိနေ အယူခံတရားပြိုင် သိစေရမည်။

ဤအမှုတွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၏ဒီကရီမှ အယူခံမှု လျှောက်လွှာတစ်စောင်ကို တရားလွှတ်တော်ရှေ့နေ ဒေါ်ယဉ်ယဉ်အေးနှင့် ဒေါ်ချိုချိုမြင့်တို့ကတင်သွင်း၍ ဤရုံး၌မှတ်ပုံတင်ခဲ့ပြီးကြောင်းနှင့် ထိုအယူခံမှု လျှောက်လွှာကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၉ရက် နံနက် ၁၀ နာရီတွင် ဤရုံးသို့ချိန်းဆိုပြီးကြောင်း အကြောင်းကြားပါသည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ကိုယ်စားသင်၏တရားလွှတ်တော်ရှေ့နေကဖြစ်စေ၊ သို့မဟုတ် သင့်အတွက်ဆောင်ရွက်ရန် တရားဥပဒေအရ အာဏာလွှဲအပ်ထားသူ တစ်စုံတစ်ယောက်ကဖြစ်စေ ဤရုံးသို့မလာရောက်ခဲ့သော် သင်၏မျက်ကွယ်ရာတွင် ဤအမှုကိုဆုံးဖြတ်လိမ့်မည်။

၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၉ရက်တွင် တံဆိပ်ရိုက်နှိပ်သည်။

**အမိန့်အရ-**

**(နန်းမေယဉ်)**

**လက်ထောက်ညွှန်ကြားရေးမှူး**

**တရားမတရားစီရင်ရေးဌာန**

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးတော်၌**

**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၂၆၉**

ဦးတင်ငွေ **နှင့်**

၁။ ဦးဟွာဒါးဆင်
အမှတ်(၅၃)၊ ပြည်လမ်း၊ သန္တေပင်ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။

၂။ ဦးလှရွှေ
အမှတ် (၅၃/၂)၊ပြည်လမ်း၊ သန္တေပင်ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။

၃။ ဒေါ်နုရင်
အမှတ်(၅၂)၊ရွှေလှိုင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။

**တရားလို** **တရားပြိုင်များ**

အထက်ဖော်ပြပါ တရားပြိုင်များ (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ် တရားလိုက ကတိပဋိညာဉ်အတိုင်း တရားဝင်မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူသင်တို့ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၉ရက် (၁၃၇၆ခုနှစ် ပြာသိုလဆန်း ၉ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက် တွင်ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက် တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဒီဇင်ဘာ ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နေလင်း) ဒုတိယခရိုင်တရားသူကြီး(၂)**

**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးတော်၌**

**၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၂၇၀**

ဦးကျော်စိုး **နှင့်**

၁။ ဦးဟွာဒါးဆင်
အမှတ်(၅၃)၊ ပြည်လမ်း၊ သန္တေပင်ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့

၂။ ဒေါ်စန်းစန်းဝင်း
အမှတ် (၅၂၁/စီ)၊ ပြည်လမ်း၊ သန္တေပင်ရပ်ကွက်၊ မှော်ဘီမြို့နယ်၊ ရန်ကုန်မြို့

၃။ ဦးထွန်းမင်းဦး
အဆောင်(၉)၊ အခန်း(၃)၊ ၃၅လမ်း၊ ၈၂လမ်းနှင့်၈၃လမ်းကြား၊ချမ်းအေးသာစံ၊ မန္တလေးမြို့

၄။ ဦးတင်ငွေ
အမှတ်(၁၄၂၇)၊တပင်ရွှေထီးလမ်း၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့

**တရားလို** **တရားပြိုင်များ**

အထက်ဖော်ပြပါ တရားပြိုင်များ (ယခုနေရပ် လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ် တရားလိုက ကတိပဋိညာဉ်ပြုထားသည့်အတိုင်း အရောင်းအဝယ်စာချုပ် မှတ်ပုံတင်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ်၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဒီဇင်ဘာ ၂၉ရက် (၁၃၇၆ခုနှစ် ပြာသိုလဆန်း ၉ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက် အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဒီဇင်ဘာ၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နေလင်း) ဒုတိယခရိုင်တရားသူကြီး(၂)**

**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

## ခရစ်တော်၌အိပ်ပျော်ခြင်း

## ဒေါက်တာဦးအောင်

**ဆေးရုံအုပ်ကြီး(ငြိမ်း)**

**နမ့်စန်ပြည်သူ့ဆေးရုံ(ရှမ်း/တောင်)**

**ကြယ်ငါးပွင့်သင်္ဘောကော်ပိုရေးရှင်း**

**အသက်(၈၀)**

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းတောင်ရပ်ကွက်၊ ဗဟိုလမ်း (စမ်းချောင်း)၊ အမှတ် ၈၀(ငါးလွှာ)နေ(ဦးထောက်စိန်-ဒေါ်ကင်မွေ)တို့၏သားထွေး၊ (ဦးညို-ဒေါ်လှတင်)တို့၏သားသမက်၊ (ဦးအောင်သန်း-ဒေါ်အုန်းနု)၊ (ဦးဝင်းဖေ)-ဒေါ်လှနှင်း၊ (ဒေါ်ခင်သက်)၊ ဦးကျင်ရှိန်တို့၏ညီ/မောင်၊ ဦးကျင်စိန်၊ ဒေါ်မွေးမွေး၊ ဒေါ်မြမြညွန့်တို့၏ အစ်ကို၊ စောသူရအောင်(M.T.M Maritime Centre Co.,Ltd.)၊ နော်ပန်းမြတ်စည်၊ နော်အိအိအောင်(Tr Esther)-Rev Dr John Tuan Hre Thang(Every Nation Church Yangon)၊ နော်ပန်းမိုးစည်-ဦးကျော်ဇင်အောင်တို့၏ဖခင်၊ Nathan Aung Thang,Jason Aung Thang, Joel Aung Thang, ဇင်မီမီမိုး(Blessing)၊ ဘုန်းမြတ်သူ(Simon)တို့၏အဘိုး၊ နော်ညွှန့်ရီ၏ ချစ်လှစွာသောခင်ပွန်းသည် ၁၀-၁၂-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁၂း၁၅နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၃-၁၂-၂၀၁၄ရက်(စနေနေ့)ညနေ ၃ နာရီတွင် ရေဝေး ခရစ်ယာန် ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။[အမှတ် ၈၀၊ ဗဟိုလမ်း (စမ်းချောင်း)နေအိမ်နှင့် တောင်ဒဂုံ(၂၄)ရပ်ကွက်၊ ဂိတ်ဟောင်းမှတ်တိုင်တို့မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။]

**ကျန်ရစ်သူမိသားစု**

## ဦးတိုးအောင် (ဘကြီးတိုး)

**အသက်(၇၃)နှစ်**

မိတ္ထီလာမြို့၊ ပေါက်ချောင်း(၂)ရပ်ကွက်နေ (ဦးစိန်တုတ်-ဒေါ်ခင်ကြည်)တို့၏သားကြီး၊ (ဦးစိုးမောင်) ဒေါ်မြင့်မြင့်သန်း၊ (ဦးတင်ဘီ)-ဒေါ်နုနုစိန်၊ ဦးမြ-ဒေါ်ချစ်ချစ်၊ Captain သန်းထွေး-ဒေါ်ရီရီမာတို့၏အစ်ကိုကြီး၊ စမ်းချောင်းမြို့နယ်၊ ဦးဝိစာရလမ်း၊ အမှတ် ၂၈၃နေ ဒေါ်စောခင်မာ၏ခင်ပွန်း၊ မစောစန္ဒာအောင်၏ဖခင်သည် ၁၀-၁၂-၂၀၁၄ရက်(ကြာသပတေးနေ့) ညနေ ၄း၁၅နာရီတွင် မဟာမြိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၁၂-၂၀၁၄ရက် (စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဦးသိန်းစော(ခ)ကိုပေါလ်

**အင်ဂျင်နီယာမှူးကြီး(ငြိမ်း)**

**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**

**အသက်(၅၅)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ် (၅၁)သီရိမင်္ဂလာလမ်းနှင့်အင်းစိန်မြို့နယ်၊ အမှတ် ၄၁/က၊ဘုရင့်နောင်လမ်း၊ ဘုရင့်နောင်ရိပ်သာနေ(ဦးဟန်ဒလေ-ဒေါ်နုနု)တို့၏သား၊ စမ်းချောင်းမြို့နယ်၊ ရတနာသိဒ်လမ်း၊ အမှတ်(၄၄)နေ(ဦးထွန်းကြည်)-ဒေါ်အေးသန်းတို့၏ သားသမက်၊ ဒေါ်ကျင်ရွှေ၏တူသား၊ ဒေါ်မြင့်မြင့်သန်း ၏ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်ကြီးတင်ထွန်းနိုင်၊ အမှတ်(၂)တပ်မတော်ဆေးရုံကြီး၊ ခုတင်(၁၀၀၀)-မထားမြတ်စန္ဒီစော၊ မောင်ရဲလင်းနောင်၊ မနှင်းယွန်းစန္ဒီစော (G-8F,TTC ကမာရွတ်)၏ချစ်လှစွာသောဖခင်၊ ဦးစိုးသန်း (အကျဉ်းဦးစီးဌာန) -ဒေါ်မြင့်မြင့်အေး၊ ဦးကျော်လွင်၊ ဦးရဲထွန်း-ဒေါ်စန်းစန်းမာ၊ ဦးမြင့်ငွေ-ဒေါ်ဆွေဆွေသန်း၊ ဦးကျော်စိုး(ခေတ္တ-စင်ကာပူ)၊ ဦးနေမျိုးသန်း-ဒေါ်စောသန္တာ၊ ဦးညီညီအောင်-ဒေါ်ယဉ်မင်းထွေးတို့၏ အစ်ကိုကြီးသည် ၁၀-၁၂-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၉း၃၄နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၃-၁၂- ၂၀၁၄ရက် (စနေနေ့) နံနက်၁၀နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

(နေအိမ်မှ ကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅)၊ မြေကွက်အမှတ် (၁၅၀/ခ)၊ မြေကွက်တည်နေရာအမှတ် (၁၅၀/ခ)၊ ပင်းယ ၁၁လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးလှကြည် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ခင်ပွန်း(ဦးလှကြည်)ကွယ်လွန်သဖြင့် ဒေါ်လှစော ၁၂/ဥကတ(နိုင်) ၀၇၇၁၇၇ ကတစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့်သေစာရင်းတို့ကိုတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်းကန့်ကွက်သူမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်၇၀၊ မြေကွက်အမှတ်(၁၅၅၄)၊(၁၅၅၅)၊ (၁၅၅၆)၊အလျားပေ၄၀×အနံပေ၆၀ရရှိသူ အမည်ပေါက် (ဦးကျော်ဝင်း၊ ဒေါ်အေးသိန်း၊ ဒေါ်လှရှင်)တို့ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူသူ ဦးဖိုးရှိန်(ခ)ဦးမောင်သောင်း(ဘ)ဦးချန်ဆွန်ဟုန်၁၂/သဃက(နိုင်)၀၉၅၆၄၉မှ မြေပါမစ်စာရင်းသွင်းခွင့်ပြုရန် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားမူရင်းများတင်ပြ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေပါမစ်အား စာရင်းသွင်းဆောင်ရွက်ရန် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ(၁၂)**

**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

